
ပုညခင် စာအုပ်တိုက်
ပဒိခင်လေး
ရွှေ နေ ယွန်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ<br>ပထမအကြိမ် |
| မျက်နှာဖုံးပန်းချီ | - | L လင်း |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| ထုတ်ဝေသူ | - | ဦးနေမျိုး<br>နေမျိုးစာပဒေသာ<br>အမှတ်(၁)သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဦးတင်ဝင်း (မြ-၀၉၄၇၁)<br>မဟာမိဒီယာပုံနှိပ်တိုက်၊<br>အမှတ် ၃၁၅၊ ကန်သာယာ ၂ လမ်း၊<br>ကျည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်<br>အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - | ပုညခင်စာအုပ်တိုက် |

၈၉၅.၈၃

မဒီခင်လေး

ရွှေနေယွန်း/ မဒီခင်လေး ။ - ရန်ကုန် ။

နေမျိုးစာပဒေသာ၊ ၂၀၁၃။

၂၈၈ - စာ၊ ၁၈ × ၁၂ စင်တီ။

(၁) ရွှေနေယွန်း


ပုညခင်စာအုပ်တိုက်

စင်တင် ကလောင်သစ်

# မဒီခင်လေး

## ရွှေနေယွန်း



# ရွှေနေယွန်း

❀ ညဥ့်ယံအခင်း မြူရယ်ကင်းစင်
လရောင်လင်းရင်
ချစ်သောသံစဉ် ဆိုတေးစဉ်၍
နေလရည်မျှော်
ဖူးမော် မောင့်အား
စောင့်စားချစ်ခင် နေချင်တယ် ...။

❀ ရွှေရောင်ဝါဝင်း နံနက်ခင်းတွင်
နေခြည်လင်းရင်
ထွန်းလင်းပွင့်ဖူး ချစ်တဲ့အထူး
ငုံ့ချစ်ဦးကို
ချစ်ဖူးသီရင်း ကြိုနေမယ် ... ။

❀ နေခြည်ညိုးကျ မိုးရွာချစဉ်
လွမ်းသူ့သခင် မောင့်ရင်ခွင်၌
ငုံ့မက်ရှိုက်တဲ့ စံပယ်ဖူးကို
ချစ်လွှန်းသီရင်း
ရွှေနေယွန်းကို နှုတ်ဆက်မယ် ... ။

# အပိုင်း (၁)

## အခန်း (၁)

♥ ♥ ♥

“ဩော် … ဟဲ့ … ဆော့လိုက်တဲ့ ကလေးရယ်၊ ညမှောင်နေပြီ၊ အိမ်ထဲ ဝင်တော့လေ …”

ဘွားဏ် ကြိုးဝါးပဟန့်တားလိုက်သံကို ထူးထက်နေလ ကြားလိုက်သော်လည်း ကစားခြင်းကိုမူ မရပ်တန့်ဖြစ်သေးပေ …။

ခြံကျယ်ကလေးထဲမှာ လရိပ်ရောင်က လင်းလင်းပပသာနေခဲ့ပါသည်။

ဖေဖေ ပစ်မှတ်ထောင်ပေးထားတဲ့ မှတ်တိုင်ဝိုင်းဝိုင်းလေး၏ အလယ်ဗဟိုသို့ မြှားအစင်းလေးတွေ ပစ်ပစ်သွင်းနေခဲ့သည့် ထူးထက်နေလ …။

ကော်နှင့် ပြုလုပ်ထားသည့် လေးမြှားလေးကို ဟန်

ပါပါ တင်ကာ မြှားပစ်လေ့ကျင့်နေတဲ့ ထူးထက်နေလ ဟန်ပန်က ရာဇဝင်ထဲက သူ့ရဲကောင်း ဂျူမုံလိုလို ... ဘာလိုလို ... ။

မြင်းရုပ်အကြီးကြီးပေါ်လည်း တက်ခွစီးရင်း ခုန်ပေါက်လိုက်ပါသေးသည်။

"သားရေ ... သား ဘွားဘွားက အိမ်ထဲဝင်ခိုင်းနေပြီလေ ကွယ် ...၊ ကစားတာ မရပ်သေးဘူးလား"

ထူးထက်နေလ၏ ပါးနှစ်ဖက် ဖောင်းသွားတော့သည်။ မေမေက ဝင်ဟောက်လိုက်သောကြောင့် မြင်းရုပ်ပေါ်မှာ ခွထိုင်ပြီး လေးတင်လိုက်သော ထူးထက်နေလ ကစားခြင်းကို အရှိန်သတ်လိုက်ရသည်။

"ကဲ ... လိမ္မာပါတယ် မြေးရယ်၊ မနက်လည်း ကစားရဦးမှာပဲ မဟုတ်လား၊ ကဲ ... သွား ... သွား၊ ခြေလက်ဆေး မျက်နှာသစ်ပြီး ပြန်ထွက်လာခဲ့ချေ ..."

ဘွားက ချော့မော့ ပြောသော်လည်း ထူးထက်နေလ သိပ်မကျေနပ်သေးပေ။

ဒီနေ့က သောကြာနေ့ည ဖြစ်သည်။

သောကြာနေ့ ဆိုတာက ရက်သတ္တပတ်၏ နောက်ဆုံးရက် ဖြစ်တာမို့ မနက်ဖြန် စနေဆို ကျောင်းပိတ်ပြီ။

ထို့ကြောင့် အခါတိုင်း ညတွေထက် ပိုပြီး ကြာကြာလေး ကစားချင်ပါသည်။





ခုနစ်တန်း ဆယ့်သုံးနှစ်အရွယ် ထူးထက်နေလဟာ ကစားသည့်နေရာ၊ အဆော့မက်သည့် နေရာမှာတော့ ပြိုင်ဘက် မရှိပေ။

တစ်ဦးတည်းသော သား၊ တစ်နည်းအားဖြင့် တစ်ကောင်ကြွက်ကလေးမို့ တစ်ယောက်တည်းလည်း လျှမ်းလျှမ်းတောက် ဆော့တတ်ပါသေးသည်။

ယနေ့ညလို လသာလျှင် ပို၍ပင် ဆော့ကောင်းပါသည်။

ခြံထဲမှာ ကွပ်ပျစ်လေးခင်းပြီး ဘွားနှင့် မေမေက ရေနွေးသောက်ရင်း စကားလက်ဆုံ ကျနေသည်။ အိမ်ရှေ့ လသာဆောင်ကလေးမှာ ဖေဖေက စာအုပ်ဖတ်ရင်း ရေဒီယိုလေး တကျွိကျွိ နားထောင်နေတာမို့ ထူးထက်နေလ တစ်ယောက် ခြံထဲမှာပဲ နေချင်သေးတာ မလွန်လောက်ပေ။

တစ်ယောက်တည်း အိမ်ထဲ ဝင်အိပ်လိုက်ရမှာကို ဘာကို နှမြောမှန်းမသိ နှမြောမိသည်။

လရောင်ကို ထူးထက်နေလ ချစ်သည်။

ကောင်းကင်မှာ မြူတွေကင်းစင်ပြီး လကြီး ပြည့်လေတိုင်း ထူးထက်နေလ ပျော်ပါသည်။

အရွယ်လေး ငယ်ပေမယ့် နွေရာသီ၏ အလှအပကိုတော့ ခံစားတတ်ပါသည်။

သို့ပေမယ့် စည်းကမ်းကြီးသည့် မေမေ့ကိုတော့ ကြောက်ရတာမို့ အိမ်ထဲဝင်ခဲ့ရတော့သည်။

ခြေလက်ဆေး၊ မျက်နှာသစ်ခြင်းကို စနစ်တကျလေး လုပ်ပြီး ကျောင်းအိမ်စာများနှင့် လေးပင်နေသော ကျောပိုးအိတ် ဖောင်းဖောင်းကြီးကို မမှတ်မိလိုက်သလို တစ်ချက်လှမ်းကြည့်ကာ အိမ်ရှေ့ ပြန်ထွက်လာခဲ့လိုက်ပါသည်။

"လာ ... လာ ... မြေး"

ဘွားက လက်ကလေးယပ်ပြီး ထူးထက်နေလကို ခေါ်သည်။

လရောင်ဖြာကျနေတဲ့ ခြံကလေးထဲမှာ ထိုင်ပြီး အေး အေးလူလူရှိလှတဲ့ ဘွားနှင့် မေမေ့အနား ကပ်လိုက်တော့ ကရမက် သနပ်ခါးနံ့ မွှေးမွှေးလေး ရလိုက်သည်။

"ရော့ ... မုန့်စား မြေး"

ကွပ်ပျစ်လေးပေါ်မှာ ရေနွေးဇန်းနှင့် ကိတ်မုန့် ပန်း ကန်လေးကတော့ လရောင်ထက် ပိုလှ၊ ပိုတောက်ပပါသည်။

မုန့်ကို ကောက်ယူဝါးစားလိုက်ပြီး ရေနွေးက ဘွား အဆင်သင့် ထည့်ပေးထားတာမို့ နွေးနွေးကလေးနှင့် သောက်လို့ ကောင်းနေခဲ့ပါသည်။

ဗိုက်ကလေး ပြည့်သွားတော့ ထူးထက်နေလ၏ မျက်လုံးကလေးက မှေးစင်းလာခဲ့သည်။





"ဝါး ..."

"နေထူး အိပ်ချင်လို့လား"

"မဟုတ်ပါဘူး မေမေ"

"အိပ်ချင် မေမေ့ပေါင်ပေါ် လှဲ၊ ခုချိန် အိမ်ထဲဝင်ရင် အရမ်းပူနေသေးတယ်၊ ဒီနှစ်နွေ ပိုပူသလိုပဲနော် မေမေ"

ထူးထက်နေလကို မေမေက လှဲအိပ်ဖို့ပြောပြီး ဘွား ဘက်သို့ ဆက်စကားပြောသွားသည်။

ကရက်မက်နံ့ သင်းတဲ့ မေမေ့ ကိုယ်ငွေ့လေး မွှေး ရှိုက်ရင်း ပေါင်ပေါ်ဆီ ထူးထက်နေလ၏ ခေါင်းလေး ညွတ်ကျ သွားသည်။

မျက်ခွံများက လေးလံလာခဲ့သည်။

"သမီး သူငယ်ချင်း မြတ်မြတ်တို့ မိသားစုရော အဆင်ပြေ ကြရဲ့လား မသိဘူးနော်"

"ဟုတ်တယ် အမေ၊ အခု နောက်ပိုင်း အဆက်အသွယ်က လည်း ပြတ်သွားခဲ့တာကိုး၊ မြတ်မြတ်တို့က အဆင်ပြေမှာ ပါ အမေရယ်၊ သူ့ယောကျ်ားက အရည်အချင်း ရှိတာကိုး၊ ခုဆို သတိုးမြတ်မြတ် လေးတောင် ဘိုသံပေါက်လောက်ပြီ အမေရဲ့"

"ဟုတ်ပ ... ဟုတ်ပ၊ သတိုးမြတ်မြတ် ကလေးက အမေ့ကို ဆို သိပ်ချစ်ရှာတာ ...၊ အမေ့အကြိုက် လိုက်ပြီး ညာလည်း

စားတတ်သေးတယ်၊ သူတို့မိသားစု နိုင်ငံခြားမသွားခင် အမေ့ကို လာဖက်ငိုပြီး နှုတ်ဆက်တုန်းက အမေ့မှာ လူကြီးဖြစ်ပြီး ဟန်ဆောင် မဆောင်နိုင်ပါဘူး၊ ကလေးနှစ်ယောက်နဲ့ အပြိုင် ငိုလိုက်ရတာ ..."

"အင်း ... သမီး မှတ်မိပါတယ် အမေရဲ့"

ဘွားနှင့် မေမေက စကားစပ်မိကြရင်းက သတိုးမြတ်မြတ်တို့ မိသားစုအကြောင်းဆီ ရောက်သွားကြသည်။

အင်း ... ဒီလို စကားဝိုင်းကလေးတွေကို ထူးထက်နေလ ချစ်သည်။

စကားစပ်လိုက်သည်နှင့် အမေရိကားလည်း ရောက်ချင်ရောက်သွားသည်။ တောင်ကြီးလည်း စကားဖြင့် တစ်ခေါက်ရောက်သည်။ အမျိုးတွေအားလုံးကိုလည်း စကားဖြင့် သတိရလို့ရသည်။

'စိတ်ကူး'ပြီးရင် ဒုတိယမြောက် လျင်မြန်သောနှုန်းဖြင့် တောင်စဉ်ရေမရ ဖြန့်ကျက်သွားလာနိုင်တာ စကားတွေဖြစ်သည်။

☺ ☺ ☺



## အခန်း(၂)

♥ ♥ ♥

သတိုးမြတ်မြတ်ဆိုတာက ထူးထက်နေလ၏ ကစားဖော် ဖြစ်သည်။

ညိုတိုတို အသားအရည်၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံစင်းစင်းလေး ပိုင်ဆိုင်ရုံကလွဲပြီး ဘာတစ်ခုမှ ကောင်မလေးမဆန်သည့် ကောင်မလေးတစ်ယောက် ဖြစ်သည်။

အင်္ကျီဆိုလည်း ထူးထက်နေလလို ရှပ်အင်္ကျီအကွက်လေးတွေနှင့် ဘောင်းဘီတိုကလေးသာ ဝတ်ဆင်သည်။

ဆံပင်ညှပ်လျှင်လည်း ထူးထက်နေလကို ညှပ်ပေးသော ယောကျ်ားလေး သီးသန့်ဆိုင်မျိုးမှာ လိုက်ညှပ်တတ်သည်။

ထူသော၊ မှောင်သော ဆံပင်အိအိကလေးတွေက တစ်ခါမှ မရှည်ခဲ့ပေ။

ဆော့ကြလျှင်လည်း သေနတ်ပစ်တာ၊ ထုနက်တာ၊ အရုပ်ပစ်တာ၊ ဂိမ်းဆော့တာမျိုးတွေသာ ထူးထက်နေလနှင့်ပြိုင် ဆော့သည်။

"နေထူးရေ ... အိမ်ကိုလိုက်ခဲ့ဟာ၊ ငါ့အဖေ ဂိမ်းခွေအသစ်တွေ ပို့လိုက်တယ်၊ ရေလည်မိုက်တယ်ဟာ ...၊ ဟော့ကောင် အိပ်ပုတ် ... ထစမ်း"

ထူးထက်နေလ ဆိုသည့် နာမည်က ရှည်တာမို့ အစက ထူးနေဟု ခေါ်သည်။ နောက်တော့ နေထူးဆိုပြီး ပြောင်း ခေါ်သည်။

သတိုးမြတ်မြတ် ခေါ်သလိုပင် ဘွားနဲ့ မေမေကပါ လိုက်လိုက်ခေါ်တာမို့ ထူးထက်နေလ၏ အိမ်ခေါ်နာမည်က နေထူး ဖြစ်ခဲ့သည်။

"ထမှာပေါ့ဟာ ...၊ နင်ကလည်း ရှုပ်လိုက်တာ၊ ငါ စည်းစိမ်ခံစားနေသေးတာ ..."

"နင့်စည်းစိမ်ကြီးက မလန်းလောက်ပါဘူးဟာ၊ လာစမ်းပါ ... ငါ့ရဲ့ နာယူတို ကာတွန်းအသစ်စက်စက်ကမှ မိုက်တာ၊ လာပါကွ ..."

အိပ်ရာထဲထိ အတင်းနှိုး ဆွဲခေါ်တတ်တဲ့ မယ်မင်းကြီးမနောက်သို့ ထူးထက်နေလ ခများမှာ ထလိုက်ရတော့တာပင်။





သတိုးမြတ်မြတ်တို့အိမ်နှင့် ထူးထက်နေလတို့ အိမ်က မျက်နှာချင်းဆိုင် ...။

ခြံတံခါးက အမြဲပွင့်နေပြီး ကလေးနှစ်ယောက်ဟာ ဟိုဘက်နှင့် ဒီဘက်ကို တစ်နေ့ တစ်နေ့ မရေတွက်နိုင်အောင် ကူးသွား ကူးလာ လုပ်ကြသည်။

သတိုးမြတ်မြတ် အမေ အန်တီမြတ်နှင့် ထူးထက်နေလ မေမေတို့က သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးများ ဖြစ်သည်။ ထို့ကြောင့်လည်း ကလေးနှစ်ယောက်မှာ မောင်နှမ အရင်းတွေလို သံယောဇဉ် ကြီးမားကြခြင်းဖြစ်သည်။

ချစ်ကြတဲ့ သူငယ်ချင်းတွေ ဆိုပေမယ့် သတိုးမြတ်မြတ်တို့က ထူးထက်နေလတို့ထက် ချမ်းသာကြသည်။

မေမေက ပြောတာတော့ ...

"အရွေးအချယ်နဲ့ ဆိုင်တာပေါ့ကွယ်၊ မေမေက အချစ်ကို ကိုးကွယ်ပြီး သားအဖေ ရုံးစာရေးလေးနဲ့ လက်ထပ်တယ်၊ မြတ်မြတ်က မိဘစကား နားထောင်ပြီး သူ့ထက်အသက်ကြီးတဲ့ လေယာဉ်မောင်းတဲ့ ဗိုလ်ကလေးကို ရွေးချယ်တယ်၊ မြတ်မြတ်က အဆင့်အတန်းကိုပဲ ကိုးကွယ်တယ်၊ အချစ်ကို အယုံအကြည်မရှိဘူး၊ အဲ့ဒါကြောင့် အခု မြတ်မြတ် အဆင့်အတန်းမြင့်မြင့် နေရတယ်၊ မေမေကတော့ ... ဟင်းဟင်း ... စိတ်တော့ ချမ်းသာပါတယ် သားရယ်"

မေမေက အဲသလိုလေး မကြာခဏ ပြောတတ်ပါသည်။ ဘွား ကြားအောင်တော့ မပြော ... ။

ဖေဖေ့ကို မေမေက ကိုယ့်သဘောနှင့် ကိုယ် ရွေးခဲ့တာမို့ ဘွားမှာ အပြစ်မရှိတဲ့ ... ။

"မြတ်နိုးရေ ... ဝမ်းသာရ အခက်၊ ဝမ်းနည်းရ အခက်ပါပဲကွယ် ... ဟင့်"

အန်တီမြတ်မြတ်က အိမ်ရှေ့ တစ်ထပ်အိမ် တိုက်ပြာပြာလေးဆီမှ ကူးလာပြီး မေမေ့ကို လာပြောခဲ့သည့် နေ့ကလေးကို မှတ်မိပါသေးသည်။

"ဘယ်လိုဖြစ်ရတာလဲ မြတ်မြတ်ရယ်"

မေမေက အစိုးအရိမ်မကင်းသလို ကြင်ကြင်နာနာလေး မေးလိုက်တော့ အန်တီမြတ်မြတ် မျက်ရည်ကျသည်။

ယနေ့မှ သတို့မြတ်မြတ်ကလည်း ခြံထဲမှာ သဲအိတ်ထိုးဖို့ မဆော်ဩဘဲ ငြိမ်နေတာမို့ ထူးထက်နေလက အခြေအနေကလေးကို စောင့်ဆိုင်းနေလိုက်ပါသည်။

"ကိုကိုရယ်လေ ... သူ့အတွက်တော့ ပျော်မိရပါတယ်၊ ရာထူးတက်လာတယ် ...၊ ဒါပေမယ့် ပြောင်းရမယ် ...၊ ဘန်ကောက်မှာ မိသားစုတွေ ပြောင်းလိုက်နေရမယ်တဲ့၊ မြတ်လေ မြတ်နိုးတို့ မိသားစုကို မခွဲချင်ဘူးကွယ် ..."

အဲဒီအချိန်တုန်းက မေမေ့ရင်ထဲ ဟာသွားမှာကိုတော့





ထူးထက်နေလ ကိုယ်ချင်းစာပါသည်။ ဒါပေမယ့် မေမေက သူငယ်ချင်းကောင်း ပီသလှပါသည်။

"ဒါ ... ဝမ်းသာရမှာပါ မြတ်မြတ်ရယ်၊ မရှိတော့တဲ့ နင့်မိဘတွေအတွက်ပါ နင် ပီတိဖြစ်ပေးရမှာ၊ နင့်ဘဝလေးဟာ နင့်ရွေးချယ်မှု မှန်ကန်တဲ့အတွက် အရမ်းအောင်မြင်လာခဲ့တာကို နင် ကျေနပ်ရမှာပါ၊ နင့်ဘဝ၊ နင့်သမီးလေးဘဝ ဒီ့ထက် မြင့်မားတော့မှာလေ၊ ငါတို့နဲ့ ခွဲရတယ်ဆိုပေမယ့် ရင်ထဲမှာ ထာဝရခင်နေရင် ပြီးတာပဲလေ၊ ငါကတော့ နင်တို့နဲ့ ဝေးသွားလည်း အမြဲ ချစ်ခင်နေမိမှာပဲ မြတ်မြတ် ...၊ နင် ပျော်ပျော်ရွှင်ရွှင်နဲ့သာ လိုက်သွား မြတ်မြတ်"

မေမေ အပီအပြင် ချော့မော့လိုက်တော့ အန်တီမြတ်မြတ် လက်ခံသွားသည်။

"နေထူး နင် ငိုလေ ..."

"ငါက ဘာလို့ ငိုရမှာလဲ"

"ငါနဲ့ ခွဲရမှာကို နင် မငိုဘူးလား"

"မငိုပါဘူး၊ ငါက ယောကျ်ားလေးပဲ"

"နင် ငါ့ကို တကယ် မခင်ဘူးပေါ့၊ ငါကတော့ ဘွားကိုလည်း ချစ်တယ်၊ နင့်ကိုရော၊ အန်တီမြတ်နိုးရော၊ ဦးစိုးကိုရော ... အားလုံးကို မခွဲနိုင်တာ၊ အဲ့ဒါကြောင့် ငိုချင်တာ၊ ဟီး ... ဘွားရေ ... ဘွား"

ဘွားကို ပြေးဖက်ပြီး သတိုးမြတ်မြတ် အော်ငိုတော့ ဘာရယ်မဟုတ် ထူးထက်နေလလည်း ဝမ်းနည်းသွားသည်။ မျက်ရည်လေးဝဲပြီး သတိုးမြတ်မြတ်ကိုတော့ ပွေ့ဖက်မိတာ အမှန်ပင်။

သတိုးမြတ်မြတ် ဘန်ကောက်သွားရင် နေထူးအဖော်မဲ့ပြီ ...။ ဂိမ်းစက်လေးနှင့်လည်း ဝေးပြီ။

သူ့အဖေ နိုင်ငံခြားက ဝယ်ဝယ်လာတဲ့ ငါးကြီးဆီနဲ့လည်း ဝေးပြီ။ ချောကလက်၊ ဝေဖာတွေနဲ့လည်း ဝေးပြီ ...။ အင်း ... ဝေးပြီ။

သတိုးမြတ်မြတ် လိုတော့ ချုံးပွဲချ မငိုမိပေ။

ထူးထက်နေလက ယောကျာ်းလေးပဲ ...။

သတိုးမြတ်မြတ်ကတော့ မိန်းကလေး ...။ သူ့ကိုယ်သူ မိန်းကလေးလို့ ဝန်ခံပြီးငိုတာ ...။ ငိုပစေပေါ့ ...။ ငိုပါ ကောင်မလေးရေ ...။

☺ ☺ ☺



## အခန်း(၃)

♥ ♥ ♥

"သမီးရဲ့ ကျောင်းစာအုပ်တွေကို အဓိကထားယူ၊ အသေအချာ ထုတ်ထားနော် သမီး ..."

"ဟုတ်ကဲ့ အဖေ"

ရွှေယွန်းငုံသည် စာအုပ်ကလေးများအား ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်ပြီး အပေါ်တစ်ထပ်ကို မြွေရေခွံအိတ်ဖြင့် ထပ်ပိုးလိုက်ပါသည်။

"အဖေ ..."

"ဟေ ..."

"အိမ်အသစ်က မိုက်လားဟင်"

"ဟား ... ဟား ... ငါ့သမီးလေးကတော့ကွာ၊ ကိုယ်ပိုင်အိမ်လေ သမီးရဲ့၊ မမိုက်ဘဲ နေပါ့မလား၊ ဟို တိုက်အကြီး

ကြီးလောက် မကောင်းပေမယ့် တိုက်သေးသေးလေးပါပဲ၊ အုတ်နဲ့ အသေအချာလေး ဆောက်ထားတာ၊ အိမ်လေးက အကောင်းစားလေးပါ၊ ဟောင်းနေတာလေးတွေ ပြင်လိုက်ရင် သပ်သပ်ရပ်ရပ် နေရမှာပါ၊ ခြံနဲ့ဝန်းနဲ့ဆိုတော့ သမီး အမေလည်း အသက်ဝဝ ရှူရမှာ၊ ခြံအနောက်ပိုင်းမှာ ငါ့သမီးကြိုက်တဲ့ အိုးစံပယ်လေးတွေတောင် ပွင့်နေသေးတာ ဗျာ"

"ဟုတ်လား ... အဖေ၊ ဝမ်းသာလိုက်တာ"

ရွှေယွန်းငုံက လက်ခုပ်ကလေး တီးသည့်ပုံလုပ်ပြီး ပြုံးလိုက်ပါသည်။

ရွှေယွန်းငုံတို့ အိမ်အသစ်လေးမှာ နေရတော့မည်။ အဖေ အလုပ်ကပေးသော လိုင်းခန်းမှာ နေပြီး ကြီးလာရသော်လည်း ယခု အဖေ ပင်စင်ယူလိုက်ပြီမို့ ကိုယ်ပိုင်အိမ်လေး ဝယ်လိုက်ရသည်။

အိမ်ဝယ်လိုက်သည်သာ သိရသော်လည်း ရွှေယွန်းငုံနှင့် အမေ တစ်ခါမှ သွားမကြည့်ဖူးပေ။

အမေက တစ်သက်လုံး အဖေ စီစဉ်ရာ နာခံခဲ့သူ ဇနီးမယား ဖြစ်သည်။

အဖေက စည်းကမ်း အလွန်ကြီးတာမို့ အဖေ စကားမစလျှင် ရွှေယွန်းငုံတို့ သားအမိမှာ ဘာမှ ဇာဒက မတက်နိုင်ပေ ... ။





ခုလို အိုးစံပယ်ပင်လေးတွေ ရှိတဲ့ တိုက်အိမ်သေးသေးလေးလို့ အဖေက ညွှန်းဆိုထားတော့ ရွှေယွန်းငုံ အမြန်မြေးကြည့်ချင်သည်။

သို့ပေမယ့် ...

ရွှေယွန်းငုံရဲ့ လပတ်စာမေးပွဲကြောင့်ပင် အိမ်ပြောင်းမည့်နေ့ကို ရက်ရွှေ့ထားရခြင်း ဖြစ်သည်။

ရွှေယွန်းငုံက အခု ဆယ်တန်းကျောင်းသူကလေး ဖြစ်သည်။

အမေက အစစအရာရာ ဂရုစိုက်ပြီး ရွှေယွန်းငုံကို စိတ်ချမ်းသာအောင် ထားသည်။

အဖေက ဖတ်နိုင်သမျှ လိုအပ်သည်မရှိအောင် စေ့စေ့စပ်စပ် ဝယ်ခြမ်းပေးသည်။

မိဘနှစ်ဦး အရိပ်တွင် အေးချမ်းစွာ စာကျက်ရင်း ဘဝကို ကျေနပ်နေခဲ့သည်။

ရွှေယွန်းငုံ အသက် ဆယ့်ခြောက်နှစ်ထဲ ဝင်လာခဲ့ပေမယ့် စိတ်က အလွန်စင်ကြယ်ခဲ့သူ ဖြစ်သည်။

ရွှေယွန်းငုံက စာတော်တာမို့ တော်တန်ရုံ ခပ်ပေါ့ပေါ့နေတဲ့လူတွေက လာအရောမဝင်ရဲပေ။

ရွှေယွန်းငုံကို ရဲရဲတင်းတင်း စကားပြောပြီး စာပြိုင်ဝံ့သူဆိုလို့ 'မင်းနေ' တစ်ယောက်သာ ရှိသည်။

မင်းခနက ချမ်းသာသော မိဘတွေက မွေးဖွားထားသည့် သားတစ်ယောက်ဖြစ်သည်။

မင်းခနနှင့် စတင် ခင်မင်တုန်းက ရွှေယွန်းငုံက ငါးတန်းတက်ရပြီ ဖြစ်သည်။

အဖေက ဝန်ထမ်းမို့ တာဝန်အရ တစ်နယ်နှင့် တစ်နယ် ရွှေ့ပြောင်းခဲ့ရပြီး ရွှေယွန်းငုံ ငါးတန်းရောက်မှ ရန်ကုန်သို့ ပြန်လာရခြင်း ဖြစ်သည်။

ကျောင်းကောင်းကောင်းမှာ အဖေက ထားပေးတာမို့ စာကို တကယ့် စိတ်ဝင်စားသည့် ရွှေယွန်းငုံဟာ လပိုင်းအတွင်းမှာ ကျောင်း၏ထင်ရှားသူ စာရင်း ဝင်လာခဲ့သည်။

အဆင့်တွေ အရမ်းကောင်းပြီး ဆရာ၊ ဆရာမတွေ၏ ချစ်ခင်ခြင်းကို ရရှိခဲ့သည်။

"နင်နဲ့ ငါ ရှေ့လကစပြီး အမှတ်ပြိုင်မယ် ရွှေယွန်းငုံ"

မုန့်ဈေးတန်းမှာ စိန်ခေါ်သမှု စပြုခဲ့သူက မင်းခနပင် ဖြစ်သည်။

"ကောင်းတာပေါ့ မင်းခန"

မင်းခနကလည်း စာတော်သူဟု ရွှေယွန်းငုံ သိထားနှင့်ပြီးဖြစ်သည်။

ဒါပေမယ့် မင်းခနက ကျူရှင်ယူသည်။

ရွှေယွန်းငုံက ကျောင်းစာကိုပဲ အားကိုးသည်။





သွားလမ်းခြင်း မတူသော်လည်း ပန်းတိုင်ခြင်းက တူနေသဖြင့် ရွှေယွန်းငုံက ကျေနပ်ပီတိဖြစ်သည်။ မင်းခနက မခံမရပ်နိုင် ဖြစ်လာသည်။

"ရွှေယွန်းငုံ နင် ဘယ်မှာ ကျူရှင်တက်တာလဲ"

"ငါ့အဖေဆီမှာ"

"နင့်အဖေက ဒီကျောင်းက ဆရာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်ကျောင်းကလဲ"

"ငါ့ရဲ့ တစ်ဦးတည်းသော ဆရာပါ၊ ကျောင်းဆရာ မဟုတ်ပါဘူး"

"နင့်အဖေဆီမှာ ငါ ကျူရှင်တက်ချင်တယ်၊ လခ ဘယ်လောက် ပေးရမလဲ"

"ငါ့အဖေက ငါ့တစ်ယောက်တည်း သင်တာ"

ရွှေယွန်းငုံ ချာခနဲ လှည့်ထွက်ခဲ့သည်။

အိမ်ရောက်တော့ အဖေ့ကို လပတ်စာမေးပွဲရိုပို့ကတ်ပေါ်မှာ လက်မှတ်ထိုးခိုင်းရင်း မင်းခနအကြောင်း ပြောပြမိခဲ့သည်။

အဖေက ရယ်သည်။

"အဖေ သင်တာက နည်းနည်းပါ၊ သမီး ကျောင်းတက်မှန်မှန်နဲ့ ကြိုးစားလို့ပါ"

"တီ ... တီ"

"ဟော … အိမ်ရှေ့မှာ ကားသံ"

ကားကြီး တစ်စီးက ရွှေယွန်းငုံတို့ လိုင်းခန်းလေးရှေ့မှာ ပိတ်ရပ်လိုက်တာမို့ အဖေနှင့် ရွှေယွန်းငုံ တံစက်မြိတ်ဆီ ထွက်ခဲ့ကြသည်။

ကားထဲမှ မင်းခနက ခေါင်းထောင်ကြည့်ပြီး ရွှေယွန်းငုံတို့ကို မြင်မှ ကားပေါ်က ဆင်းလာသည်။

ဦးလေးကြီး တစ်ယောက် လက်ကိုလည်း ဆွဲခေါ်လာသည်။

ထိုဦးလေးကြီးက အဖေ့ကိုကြည့်ပြီး …

"ရွှေယွန်းငုံရဲ့ အဖေဆိုတာလား ခင်ဗျာ"

"ဟုတ်ပါတယ်"

"ကျွန်တော့်နာမည် မင်းထင်ပါ၊ ဒီတူလေး မင်းခနရဲ့ ခေတ္တ အုပ်ထိန်းသူပေါ့ဗျာ၊ သူ့မိဘတွေက နိုင်ငံခြားမှာ ရောက်နေကြတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"တူလေးက အစ်ကို့ဆီမှာ ကျူရှင်တက်မှ ဖြစ်မယ်လို့ ကျွန်တော့်ကို ပူဆာလွန်းလို့ လာခဲ့တာပါဗျာ၊ အစ်ကို ကူညီပေးပါဦးဗျာ"

အဖေက ရွှေယွန်းငုံကို ငုံ့ကြည့်လာသည်။ ပြီးတော့ ပြုံးပြသည်။





"သမီးနဲ့ စာအတူ လာကျက်ချင်တယ် ထင်ပါရဲ့ဗျာ …၊ ကိုမင်းထင် အဆင်ပြေရင် လာပို့ပေးပေါ့လေ၊ သမီးက ညနေ လေးနာရီခွဲကနေ ခြောက်နာရီခွဲအထိ ပုံမှန် စာကျက်တယ်၊ ကျွန်တော်က ဘေးကကြည့်ပေးတယ်၊ ဒီလောက်ပါပဲ၊ သိပ်အပန်းမကြီးလှပါဘူး"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော် နေ့တိုင်း လာပို့ပါ့မယ်"

အဲသလိုနှင့် မင်းခနက ရွှေယွန်းငုံရဲ့ စာကျက်ဖော်ဖြစ်ခဲ့ပါတော့သည်။

စာကျက်ဖော်အဖြစ်ရော နွေရာသီကျောင်းပိတ်ရက်ကစားဖော်လည်း ဖြစ်ခဲ့ပါသည်။

ခုနစ်တန်းအထိ အတူတူ စာကျက်၊ ပြိုင်ဆိုင်ခဲ့ကြပြီးမှ မင်းခန မိဘတွေက မင်းခနကို ကျောင်းထုတ်သွားခဲ့သည်။

မင်းခနကို နိုင်ငံခြား ခေါ်သွားခဲ့ကြပါသည်။

"ပြိုင်ဘက်ကြီးရေ နှုတ်ဆက်ခဲ့ပါတယ်၊ ငါ ဩစတြေးလျ လိုက်သွားရတော့မယ်၊ နင်နဲ့ ဆယ်တန်းစာတွေ ပြိုင်ကျက်ချင်ပေမယ့် မကျက်ရတော့ဘူးပေါ့ဟာ …"

မင်းခန ဆွေးဆွေးမြေ့မြေ့လေး နှုတ်ဆက်ထွက်ခွာသွားခဲ့လေသည်။

"မင်းခနကတော့ နိုင်ငံခြားမှာ ပျော်နေမှာပဲနော် သမီး"

အမေလည်း ရွှေယွန်းငုံ သတိရသလို သတိရမိသည်

ထင်၏။ စကားစလာသည်။ ရွှေယွန်းငုံက 'အင်းပေါ့ အမေရယ်' ဟု ဆိုလိုက်ပြီးမှ အာရုံတွေ ပြန်စုစည်းကာ စာကျက်ဖို့ ပြင်ဆင်လိုက်ပါသည်။

☺ ☺ ☺



## အခန်း(၄)

♥ ♥ ♥

ရွှေယွန်းငုံသည် ပစ္စည်းတွေအားလုံးကို နေရာမချသေးခင်မှာပဲ ခြံကလေးဆီသို့ ဆင်းလာခဲ့လိုက်ပါသည်။

"အဖေ့ကို ကျေးဇူးတင်လိုက်တာ"

နှုတ်ခမ်းဖျားမှပင် လှိုက်လှိုက်လှဲလှဲလေး ရေရွတ်မိရသည်။

ခြံဝန်းကလေးက အရှေ့ဘက်မှာလည်း မြေနေရာအတော်လေး ကျန်ရှိသေးသည်။ တစ်ထပ်တိုက် ပြားဝပ်ဝပ်ကလေးက သပ်သပ်ရပ်ရပ် ရှိသည်။

အပြင်မှကြည့်လျှင် တစ်ထပ်ဆိုပေမယ့် အိမ်ထဲမှာတော့ အထပ်ခိုးကလေးတစ်ခု အပိုပါတာမို့ ရွှေယွန်းငုံအတွက် သီးသန့်အခန်းလေး ရသွားခဲ့သည်။

အိမ်ကလေး၏ ဘေးပတ်လည်ကိုလည်း ပတ်ကြည့်လို့ ရသေးတာမို့ ရွှေယွန်းငုံ ပျော်နေရပါသည်။

ခြံဘေးကပ်ပြီး အစီအစဉ်တကျ စိုက်ပျိုးထားသည့် ကွမ်းသီးပင်ရှည်ကလေးတွေကလည်း ညီညာ ဝံ့ကြွားနေကြသည်။

အုတ်တံတိုင်း ထောင့်ဘက်မှာ မာလကာသီးပင်ပုကလေး တစ်ပင်ရှိသည်။ အပွင့်ကလေးများ စတင်ပွင့်နေတာကို တွေ့ရသည်။ ဒီနှစ်တော့ လတ်ဆတ်သော မာလကာသီး စားရတော့မည် ထင်သည်။

"အိုး ..."

အိမ်အနောက် မကျတကျလေးမှာ စိမ်းစိမ်းညို့နေသော အိုးစံပယ်ပင်ကလေးများကို အမြောက်အများ တွေ့လိုက်ရပါပြီ။

"အမေရယ် ..."

စံပယ်ရနံ့ကလေးများက သင်းသင်းရီဝေ နေလေသည်။

ဒီအိမ်ကလေးကို ပိုင်စားရပြီဆိုကတည်းက ကျေနပ်ပီတိ ဖြစ်နေသမျှမှာ ဒီစံပယ်ပင်လေးတွေကြောင့် နောင်တမရှိ ပျော်ပိုက်ရတော့သည်။

"သမီးကို ကြည့်ရတာ အရမ်းကျေနပ်နေတဲ့ပုံပဲ ကိုကြီးရယ်၊ ကိုကြီး လုပ်ရပ် မှန်တယ် သိလား"





နောက်အနားဆီက အမေ့ အသံကလေး ကြားလိုက်ရတာကြောင့် ရွှေယွန်းငုံ လှည့်ကြည့်လိုက်မိပါသည်။

အမေ့ကို အဖေက တယုတယ တွဲလျှောက်လာနေသည်။ အမေက အဖေ့လက်မောင်းလေး အနားကနေ ပြုံးရယ်ရင်း ရွှေယွန်းငုံကို တစ်လှည့်၊ အဖေ့ကိုတစ်လှည့် ကြည့်နေသည်။

ရွှေယွန်းငုံက အမေ့ကို ပြေးဖွေ့လိုက်ရင်း ...

"ငုံ အရမ်းပျော်တယ် အမေ"

"အင်း ..."

"အဖေ ... အရမ်း ကျေးဇူးတင်ပါတယ်"

အဖေက ပြုံးပြုံးကြီး ငြိမ်နေရာမှ တစ်ခွန်း ပြောလာခဲ့သည်။

"ရွှေယွန်းငုံ သမီး အဖေ့ကို ကျေးဇူးတင်ရင် ကျေးဇူးဆပ်ရမယ့်နည်းကို သိပါတယ်နော်"

"ဟုတ်ကဲ့ ... သိပါတယ် အဖေ၊ ဒီနှစ် စာမေးပွဲမှာ ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်ရပါစေမယ်၊ ကတိ ပေးပါတယ်"

"အင်း ... ဒါမှ ဖေ့သမီး"

အဖေက ခါးကလေးညွတ်ကာ ရွှေယွန်းငုံ ခေါင်းကလေးကို ငုံ့နမ်းသည်။

ရွှေယွန်းငုံ အသက်က ဆယ့်ခြောက်နှစ်ပင် ပြည့်ခါနီးပြီဆိုပေမယ့် ကလေးတစ်ယောက်လိုပဲ နေလာခဲ့သည်။

စာနှင့် မိဘကလွဲရင် ဘာမှမသိခဲ့သူ ဖြစ်သည်။

အဖေနှင့် အမေ၏ အနမ်းလေးများကြောင့် ကြည်လင်စွာ ပွင့်လန်းခဲ့ရသည့် ပန်းပွင့်ကလေးဟုပင် ဆိုရချေမည်။

"မေ့သမီးလေး စာသွားကျက်တော့နော် ..."

အမေကပါ ရွှေယွန်းငုံ ပါးကလေးကို လှမ်းမွှေးပြီး ပြောလာသည်။

"ဒီနေ့တော့ ညမှ ကျက်မယ်နော် အမေ၊ သမီး အိမ်ထဲမှာ ပစ္စည်းတွေ နေရာချရဦးမယ်"

"အဲ့ဒါ အမေလုပ်မှာပေါ့ သမီးရဲ့ ..."

"အမေ ပင်ပန်းမှာပေါ့၊ သမီးလုပ်လိုက်ပါ့မယ်"

"ကဲ ... ဖေတို့ သုံးယောက်လုံး လုပ်လိုက်ကြမယ်နော်၊ ကြည်ကတော့ သိပ်အပင်ပန်းမခံနဲ့ ...၊ ကိုကြီး ဆက်လုပ်လိုက်မယ်"

"ဟုတ်ကဲ့ ... ကိုကြီး"

အဖေ ဝင်အဆုံးအဖြတ်ပေးမှ ရွှေယွန်းငုံတို့ သားအမိ အဝေတည့်သွားတော့သည်။ အဖေက အမေ့ထက် ငါးနှစ်လောက် အသက်ကြီးတာမို့ အမေက ကိုကြီးဟု ခေါ်သည်။

ရွှေယွန်းငုံတို့ မိသားစုက အဖေ့လုပ်စာလေးနှင့် နေထိုင်ခဲ့ကြပြီး မချမ်းသာခဲ့ကြသော်လည်း စိတ်ချမ်းသာလာခဲ့သူများ ဖြစ်သည်။





အဖေနှင့် အမေက ပုံပြင်ဒဏ္ဍာရီတွေထဲက ကိန္နရီ ကိန္နရာတို့လိုပင် ချစ်ခင်လိုက်လှဲကြသူများ ဖြစ်သည်။

စည်းကမ်းကြီး စနစ်ကျလှသည့် အဖေ့ကို တစ်ခါတစ်ရံ ကြောက်ရရုံကလွဲရင် သာယာသော မိသားစုဘဝလေးကို အဖေ ဖန်ဆင်းပေးနိုင်သည်။

အမေကတော့ ရိုးရိုးအေးအေးကလေးနှင့် အလုပ်ကလေးသာ တကုပ်ကုပ် လုပ်နေတတ်သူမို့ အိမ်မှာ ပူညံမည့်သူလည်း မရှိ ...။

သို့ပေမယ့် အမေ့ထံမှာ နှလုံးရောဂါရှိသည်။ လေးဘက်နာ ရောဂါကနေ နှလုံးအထိပါ ဝေဒနာ ခံစားလာရသော အမေ့ကို သနားတာမို့ ရွှေယွန်းငုံက အရွယ်တူ မိန်းကလေးများထက် ပိုအေးဆေး လိမ္မာခဲ့ရသည်။

"ခြံဝန်းကလေးနဲ့ဆိုတော့ ကြည်လည်း အသက်ရှူချောင်မယ်၊ သမီးလည်း အေးအေးချမ်းချမ်း နေရမယ်လို့ အဖေ ထင်တယ်လေ၊ ဒီလမ်းထဲမှာ ဒီလိုခြံကလေးတွေ အများကြီး ပေမယ့် ဒီခြံထဲမှာ အိုးစံပယ်လေးတွေ ပွင့်နေတာဆိုတော့ သမီးလေးနဲ့ အကိုက်ပဲလေ၊ ဒါကြောင့် ရွေးလိုက်တာ၊ ပတ်ဝန်းကျင်လည်း သန့်တယ်၊ ကားလမ်းနဲ့လည်း သိပ်မဝေးတော့ သမီး ကျောင်းအသွားအပြန် အဆင်ပြေမယ်၊ ဂုဏ်ထူးတွေ ပါလာခဲ့ရင်တော့ အဖေ သမီးအတွက် ကား

ဝယ်ပေးမယ်၊ အကောင်းစား မဝယ်ပေးနိုင်ပေမယ့် စီးရရုံ လောက်တော့ ဖြစ်လာမှာပါ"

အဖေ၏ စေတနာပြည့်ဝသော စကားများက အပြုံးနှင့်အတူ ပွင့်လန်းလာလေသည်။

အဖေက ပြောထားလျှင် မရတာ၊ မဖြစ်တာ မရှိ။

အဖေက ကတိတည်ပြီး ထက်မြက်သည်။ ပြီးတော့ သစ္စာရှိသည်။

အဖေ မြတ်နိုးသော ဝန်ထမ်းဘဝကလေးမှ ပင်စင်ယူလိုက်ရသော ဤအချိန်တွင် အဖေက စီးပွားရေးလုပ်ငန်းကလေး တစ်ခု လုပ်သည်။

"ငါ့သမီး ဆေးတက္ကသိုလ် တက်ဖို့"

ဟု အဖေ ပြောတတ်သည်။

ရွှေယွန်းငုံက ဆရာဝန်တွေကို လေးစားပေမယ့် ဆရာဝန်မကြီးတော့ မဖြစ်ချင် ...။

အဲ့ဒါကိုတော့ အဖေ သိအောင် မပြောရဲသေးပေ။

ရွှေယွန်းငုံ ဖြစ်ချင်တဲ့ ဘဝက သီးသန့်ရှိသည်။

"သမီး ... ဟောဟိုက ပုံးထဲ ရေထည့်၊ ဒီပျဉ်ခင်းလေးတွေ ပွတ်လိုက်၊ ပြီးရင် ဆက်တီတွေ နေရာချမယ်၊ ကြည်က ဘုရားကျောင်းဆောင်ကို သန့်နေအောင် လုပ်ထား၊ ကိုကြီး ပင့်လာမယ်"





အဖေ့၏ စနစ်တကျ ညွှန်ကြားမှုအောက်မှာ အမေနှင့် ရွှေယွန်းငုံ မှန်မှန်ကလေး လှုပ်ရှားသွားကြတော့သည်။

'ပျော်သည် ... ပျော်သည် ...' ဟု သီချင်းလေးပင် ညည်းမိတော့လေသည်။

☺ ☺ ☺

## အခန်း(၅)

❤ ❤ ❤

အိမ်ရှေ့ အိမ်၏ ခြံတံခါးလေးက ပွင့်ပြီး ပစ္စည်းတွေ အများကြီး ချထားတာ တွေ့ရသဖြင့် ထူးထက်နေလ သေချာ စူးစမ်းမိလိုက်သည်။

"မေမေ ... သတိုးမြတ်မြတ်တို့ အိမ်လေးမှာ လူတွေ ရောက်နေကြပြီ"

"အင်း ... ဟုတ်တယ် သားရဲ့၊ မြတ်မြတ်တို့ဆီက ဝယ်ထားတဲ့ သူဌေးမက ပြန်ရောင်းသွားတာ ဖြစ်မယ်"

"အေး ... ကောင်းပါတယ်၊ လူမနေဘဲ ဒီအတိုင်းပစ်ထားတာနဲ့စာရင် လူနေလိုက်တော့ အိမ်လေးလည်း ကျက်သရေရှိသွားတာပေါ့ ..."

ထူးထက်နေလတို့ သုံးယောက်မှာ အိမ်ရှေ့အိမ်လေး အကြောင်းကို ဆွေးနွေးဖြစ်ကြတော့သည်။





"ပြောင်းလာတဲ့လူတွေ ကြည့်ရတာတော့ ခပ်အေးအေးလေး နေတတ်ကြပုံပဲ၊ မိသားစု သုံးယောက်တည်း ထင်ပါရဲ့ ...၊ အိမ်တက်ပွဲလေးလုပ်မှ သွားနှုတ်ဆက်တော့မယ်၊ အခုတော့ အခြေအနေ စောင့်ကြည့်လိုက်ဦးမယ်"

ရပ်ကွက်တစ်ခုထဲတွင် နေသောသူအချင်းချင်း စိတ်ဝင်တစား စပ်စုနေကြခြင်း ဖြစ်သည်။

ထူးထက်နေလ လှမ်းအကြည့်တွင် သတိုးမြတ်မြတ်တို့ အိမ်အပေါက်ဝလေးမှ အလင်းရောင်လေးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

မျက်စိထဲမှာ အလွန်ပင် လင်းသွားခဲ့ခြင်းဖြစ်သည်။ မီးချောင်းထွန်း၊ ဆလိုက်ထွန်းလိုက်၍ လင်းသွားခဲ့တာတော့ မဟုတ်ပါ။ ကောင်မလေးတစ်ယောက် လာရပ်လိုက်၍ဖြစ်သည်။

ကောင်မလေး ... အင်း ... ကောင်မလေးလို့ပဲ ပြောရမလား။ ဂါဝန်ရှည်ကလေးက သွယ်လျလျ ခန္ဓာကိုယ်ကလေးမှာ ကပ်ငြိနေတာမို့ ပိုမိုပိန်သွယ်သလို ထင်ရသည်။

ဆံပင်ကလေးက ပခုံးမှ မကျော်သေးဘဲ ဝဲဝဲကလေး ဖြစ်နေသည်။ မျက်နှာလေးက သေးသေးကလေးနှင့် တစ်မျိုးလေး ဝင်းပနေသည်။

ခြံကလေးကို ငေးသည်မလေးလိုပင် လျှောက်ကြည့်နေသည်။ လှလိုက်တာ။

"လှလိုက်တာ အမေရယ်"

ထူးထက်နေလ ရင်ထဲက ပြောဆိုရေရွတ်မိလိုက်သည့် စကားစုကလေးကို မေမေက ကြားသိလိုက်၍လား မသိ။ ကော်ပီကူးယူလိုက်သလို ထပ်တူ ပြောချလိုက်တာမို့ ထူးထက်နေလ မေမေ့ကို လှမ်းကြည့်မိသည်။

မေမေက အဘွားကို လက်လှမ်းတို့ရင်း ...

"အိမ်ရှေ့အိမ် အသစ်ကလေးက ကောင်မလေးက လှလိုက်တာ အမေရယ်၊ ဖြူဥပြီး သွယ်သွယ်လေး သိလား၊ နေထူးထက်တော့ ကြီးမယ်ထင်တယ်"

"ဟေ ... ဟုတ်လား၊ အမေ့ မျက်လုံးတွေက မှုန်နေတော့ မမြင်ရဘူးကွယ်၊ ခင်တော့မှပဲ အနီးကပ် ကြည့်တော့မယ်"

အမေ အညွှန်းအဖွဲ့ ကောင်းသဖြင့် အဘွားကပါ ဟိုမမကို စိတ်ဝင်စားသွားခဲ့သည်။

မမ ...၊ မမ ... မှန်ပါသည်။ နေထူးထက်တော့ ကြီးပါလိမ့်မည်။

အသည်းကွဲရောင် ဂါဝန်ကလေး ဝတ်ထားပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်တာမျိုး မဟုတ်ပေမယ့် မေ့လျော့နေဟန်ကလေးဖြင့် ခြံဝန်းကလေးကိုပဲ ဂရုတစိုက် ကြည့်ငေးနေရှာပါသည့် မမ ...။

မမ အနားဆီသို့ အဖေနှင့် အမေဟုထင်ရသော





ဦးလေးကြီး တစ်ယောက်နှင့် အန်တီကြီး တစ်ယောက်တို့ ရောက်သွားကြလေသည်။

မမက အရမ်းပျော်နေပြီး ပြုံးပြုံးရွှင်ရွှင် စကားတွေ ပြောနေသည်။

မမပုံစံလေးက ထူးထက်နေလတို့ အရွယ်လိုပင် ထင်ရသည်။ ကလေးလေးလို ပေါ့ပါးသွက်လက်နေလေသည်။

မမရဲ့ အဖေနဲ့ အမေက မမကို တစ်ယောက်တစ်လှည့် အနမ်းကလေးတွေ ပေးပြီး မိသားစု သုံးယောက် ပျော်နေဟန်ကလေးကို မြင်ရသည့် ထူးထက်နေလပင် ကြည်နူးမှု ဂယက်ရိုက်လာခဲ့သည်။

ခြံလေးထဲမှာ ခဏလေးနေကြပြီး အိမ်ထဲပြန်ဝင်သွားသည့်အထိ ထူးထက်နေလက လိုက်ငေးနေဖြစ်သည်။

"အမလေး အမေရေ အမေ့မြေးကတော့ မျက်စိတွေ ကျွတ်ပြီး သွားရည်တမြမြ ကျနေပြီ ... သိလား"

အဘွားနှင့် အမေက အတူရယ်လိုက်ကြရင်း ထူးထက်နေလကို လှောင်ရယ်သည့် မျက်ဝန်းများဖြင့် ကြည့်နေကြလေသည်။

"ဟာ ... ဘာမှလည်း မဟုတ်ဘဲနဲ့ဗျာ"

"ဟယ်တော် ... ရှက်သွားတယ် ကြည့်စမ်း၊ မေမေက မေမေ့သားကို ကလေးစိတ်ပဲ ရှိသေးတယ် ထင်တာ၊ သူက မိန်းမလှလေးကိုတောင် ငမ်းတက်နေပြီ ..."

“သားက ကလေးပါဗျာ၊ မေမေကလည်း မိန်းမ မငမ်းပါဘူး”

“သား ဟိုကောင်မလေးကို ပါးစပ် အပေါင်းသားလေးနဲ့ ငေးနေတာ မေမေ မြင်ပါတယ်”

“သား စာကျက်တော့မယ်”

ထူးထက်နေလသည် မျက်နှာကို ဘယ်မှာထားရမှန်း မသိသဖြင့် ကိုယ့်အိပ်ခန်းလေးကိုပဲ ဦးတည်လိုက်ရတော့သည်။

အပြင်က မေမေနှင့် အဘွားတို့ကတော့ မျက်စပစ်လက်တို့ရင်း ကျန်နေကြတာကို မသိတော့ ...။

ထူးထက်နေလ ရင်ထဲတွင် ဘယ်လိုလေးမှန်း မသိသော ခံစားချက်ကလေး ဝင်ရောက်လာခဲ့သည်။ ရုတ်တရက် ထင်ဟပ်သွားခဲ့တဲ့ အလင်းရောင်ကလေးက တော်ရုံနှင့် ပျောက်မသွားတော့ပေ ...။

တစ်နေကုန် အပြင်ထွက်မဆော့ဖြစ်ဘဲ စာတွေပဲ ဖတ်ရင်း ငြိမ်နေမိတော့သည်။

ညနေ ဖေဖေ ရုံးကပြန်လာပြီး ထမင်းစားဖို့ အခန်းထဲ လာခေါ်တော့မှ ထွက်ဖြစ်သည်။

“သား ... ဒီညနေ ခြံထဲ ဆင်းမဆော့ဘူးဆို”

ထူးထက်နေလက ဖေဖေ့မေးခွန်းကို မဖြေ ...။ မေမေပြောလိုက်ပြီလားဆိုသည့် အကြည့်ဖြင့် မေမေ့ကို ကြည့်မိသည်။





“မေမေ ဘာမှမပြောပါဘူး နေထူးရယ်၊ အိမ်ရှေ့အိမ်က မမလေးကို ငေးနေတဲ့အကြောင်း လုံးဝမပြောရသေးပါဘူး၊ နော် ယောကျ်ား”

“ဟောဗျာ ...”

ထူးထက်နေလသည် မပြောဘူးဆိုကာမှ ဘွင်းဘွင်းကြီး ပြောပြီးသွားသော မေမေ့စကားကြောင့် ပါးစပ်ကလေးဟ မျက်လုံးလေး ပြူးသွားရတော့သည်။

အားရပါးရ ကိုင်စားနေသော ထမင်းပန်းကန်ကို ခုံပေါ်မှာချထားပြီး အိမ်ရှေ့ဘက်ကို ပြေးထွက်လာမိသည်။

“ငါ့သားကတော့ကွာ ... ဟား ဟား”

အဖေ့ရယ်သံက အိမ်ရှေ့မှပင် ကြားရလေသည်။ ခြံထဲမှာ ပန်းပင်ရေလောင်းလျှင် ပိုက်ဆက်ဖွင့်ရသည့် ဘုံပိုင်ခေါင်းကို ဖွင့်ကာ လက်ဆေးလိုက်ရပါသည်။

ဆယ်ကျော်သက်ကလေး ရင်မှာ ရှက်ရပါဘိ ...။

မှားတာပါ ... ငါကပဲ မှားတာပါ။

နေထူးသည် ပါးစပ်မှ ညည်းလိုက်ပြီး ရေဘုံပိုင်ပိတ်လိုက်သောအခါ အသံကလေးတစ်ခုကြောင့် ဆတ်ခနဲ တုန်သွားရလေသည်။

စာဆိုသံကလေး ...။ လေလွင့်အမျှောမှာ ကဗျာရွတ်သလို အလိုက်၊ အမော၊ ရှိုက်ဖိုခြင်းများဖြင့် ညီညာစွာ ပေါ

လာသည့် အသံကလေး ... ။ ဟိုအမြင့်လေးဆီမှ သာယာလိုက်ပါသည့် အသံကလေး ... ။

ဩော် ... ဆယ်တန်းကျောင်းသူလေး မမပါလား။

အင်း ... ဟိုဘက်အိမ်က စာအကျယ်ကြီး ကျက်တဲ့ ဆယ်တန်းကျောင်းသူကို ကျွန်တော်တို့ အဖွဲ့က ချစ်စနိုးလေးနဲ့၊ အင်း ... ချစ်စနိုးလေးနဲ့ ... ။

☺ ☺ ☺



## အခန်း(၆)

♥ ♥ ♥

အိမ်ရှေ့အိမ်က မမတို့မိသားစု ပြောင်းလာပြီး မကြာခင်မှာပဲ ထူးထက်နေလ အတော် ပြောင်းလဲလာခဲ့ပါသည်။

အရပ်က သိသိသာသာ ရှည်ထွက်လာသည်။ ခန္ဓာကိုယ် ကြွက်သားများ ကျစ်လျစ်ခိုင်မာလာသည်။

မျက်နှာပြင် ဝင်းမွတ်မွတ်၌ ဝက်ခြံဟုခေါ်သော အသီးအဖုလေး သုံးဖုလောက် ပေါက်လာသည်။

အထူးခြားဆုံးမှာ အသံပြောင်းလာခဲ့ခြင်း ဖြစ်သည်။

အသံကလေးက ဩရှရှနှင့် တခြားတစ်ယောက် ပူးကပ်ထားသလို အရင်နှင့် ခြားနားလာခဲ့သည်။

မေမေက အရင်ဆုံး သတိထားမိပြီး အိမ်သားများကို ဖောက်သည်ချလေတော့သည်။

မနက်ခင်း အိပ်ရာထကာစ မျက်နှာပင် မသစ်ရသေး ချိန်၌ ...

"သား ... နေထူး၊ အိမ်ရှေ့မှာ ပဲပြုတ်သည် ထွက်စောင့် ပေးကွယ်"

"ဟုတ်ကဲ့ မေမေ၊ ဘယ်လောက်သားလဲ"

"တစ်ဆယ်သားပဲ ဝယ်၊ အိုကြာကွေးနဲ့ နံပြားပါ ထည့်ဝယ် လိုက်၊ ပိုက်ဆံယူသွား၊ ဟိုခြင်းထဲမယ် ..."

"ဘယ်မှာလဲ ခြင်း မေမေ ..."

"ဟိုမှာလေ ... ပဝါအုပ်နေတယ်၊ ဖယ်ကြည့်လိုက်"

"ဟုတ်ကဲ့ ... မေမေ"

ထူးထက်နေလသည် မေမေ ခိုင်းသည့်အတိုင်း ပိုက်ဆံယူကာ အိမ်ရှေ့ ထွက်လာခဲ့လိုက်သည်။

"ဝါး ..."

အိပ်ချင်စိတ်က မပြယ်သေးသဖြင့် 'ဝါးခနဲ' တစ်ချက်သမ်းမိသည်။ ထို့နောက် တစ်ဆက်တည်း မြောက်စူးစူး ဆီမှ အဆိုတော် ဒေါ်ပီးပီ၏ အသံက အကြားအာရုံထဲ တန်းမတ် စွာ ဝင်လာခဲ့သည်။

"ပဲ ... ဟဲ ဟဲ ဟဲ ပြုတ် ..."

ပဲပြုတ်ဟု တိုက်ရိုက်ခေါ်လျှင် မော်ဒန် မဆန်မည် စိုး၍ အသစ်ထွင်လိုက်ခြင်းလောဟု ထူးထက်နေလ တွေးနေကျ လက်ရာမြောက် အနုပညာအသံ ဖြစ်ပါပေသည်။





"ပဲ ... ဟဲ ဟဲ ဟဲ ပြုန် ..."

ပြုတ်တောင် မပီသတော့သော ဒေါ်ပီးပီအား ထူး ထက်နေလ အားပါးတရ ခေါ်ပါတော့သည်။

"ပဲပြုတ် ... ဟုတ် ဟုတ် ဟုတ် ... လာပါဦးဗျို့"

အာသီးပင် ထွက်ကျလာအောင် အော်ပေးမှ ကြား တတ်သော ဒေါ်ပီးပီအကြောင်း သိထားသော ထူးထက်နေလ၏ 'ပဲပြုတ်ဝယ်ဗေဒ' ဘာသာ အော်ချက်ဖြစ်သည်။

"လာပြီ ... နေထူးလေးရေ"

"ဟာ ... တယ်ဟုတ်ပါလား"

ဒေါ်ပီးပီက တန်းခနဲ ကြားသဖြင့် ကိုယ့်အသံကို ယုံကြည်သွားတော့သည်။

ပဲပြုတ်သည် ဒေါ်ပီးပီက ထူးထက်နေလထံ အပြေး ကလေး ရောက်ရှိလာသည်။

ပဲပြုတ်တောင်းကလေး ချရင်း ...

"ကဲ ... ဘယ်လောက်သား"

"ဆယ့်ငါးကျပ်သား ..."

"အင်း ..."

"ဆယ့်ငါးကျပ်သား ထည့်ပြီး တစ်ဆယ်သားဖိုး ယူလိုက် ဗျာ"

"အေး ..."

ဒေါ်ပီးပီက အငိုက်မိကာ အားရပါးရ ခပ်ထည့်နေပြီးမှ သတိဝင်သွားလေသည်။

"ဟဲ့ ... သြော် ... ဒီမျောက်ကလေးနဲ့တော့ ငါ အရင်းပြုတ်တော့မှာပဲ"

ပြောပြောဆိုဆိုဖြင့် ကြွပ်ကြွပ်အိတ်ထဲ ရောက်ပြီးသော ပဲပြုတ်များအား ပြန်ခပ်ထုတ်ဖို့ ပြင်တာမို့ ...

"ဟာ ... ဈေးဦးမလှန်နဲ့လေဗျာ၊ ပြန်ယူရင် အရင်းတကယ်ပြုတ်တတ်တယ်ဗျ၊ ပဲပြုတ်တောင်း မှောက်တတ်တယ်"

"အမလေး သတိပေးတာလား၊ ကျိန်တာလား နေထူးရယ်၊ အဒေါ် သားဝယ်ရင် ပိုပေးနေကြပါ၊ နင့်မလဲ လောဘတက်နေလိုက်တာ ..."

"ဟဲ ... ဟဲ ... ဒါဆို ဆက်မလျှော့နဲ့တော့"

"အင်း ..."

အင်းဆိုတာက အလုံးစုံ့လာသံဖြစ်သည်။ ကျေနပ်လက်ခံသည့် အသံတော့ မဟုတ် ...။ ထူးထက်နေလတို့ အငြင်းအခုန် လုပ်နေတုန်းမှာပင် ...

"ဒေါ်ဒေါ် ပြီးရင် ဒီဘက်လာပါဦးနော်"

ယဉ်ကျေးပြီး ချိုသာသော အသံကလေးက ထူးထက်နေလနှင့် ဒေါ်ပီးပီ နားထဲသို့ ဖြတ်တိုးစီးဝင်လာခဲ့ပါသည်။

အသံလာရာလေးဆီသို့ နှစ်ယောက်လုံး ပြိုင်တူ





ကြည့်လိုက်မိစဉ်တွင် ထူးထက်နေလ၏ ပေါင်တံတစ်လျှောက် အေးခနဲ ဖြစ်သွားပြီး နားရွက်နှင့် မျက်နှာပြင်မှာတော့ ရှိန်းခနဲ ပူနွေးသွားခဲ့သည်။

စကတ်ကလေးနှင့် ဘလောက်အကျီလေးကို ရိုးရိုးလေး ဝတ်ဆင်ထားသော်လည်း ထင်လင်းလှပနေသည်။

မနက်အစောကြီးမှာ သနပ်ခါးလိမ်းခါစမို့ ပါးကွက်လေး နှစ်ဖက်က ပါးပေါ်မှာ အစိုအတိုင်း ပုံကပ်နေသေးသည်။

လက်ထဲမှာ ပန်းကန်လုံးကလေးကို ကိုင်ထားခဲ့သည်။ ထိုလက်ကလေးများက ဖောင်းဖောင်းမို့မို့ ဖြူဥဥလေး ဖြစ်နေသည်။ ဆံပင်ကလေးကို သေသေချာချာ ဖြီးသင်ထားခဲ့သည်။

ပြီးတော့ ပြုံး၍ ရပ်စောင့်နေသည်။

မမလှလှနှင့် မထင်မှတ်ဘဲ ထိပ်တိုက်တွေ့ရသောအခါ ရှက်၍ မျက်နှာမှာ အပူလိုင်း ဖြတ်သွားခဲ့ပေမယ့် ညအိပ်ဝတ်ထားသော ဘောင်းဘီက ပေါင်တစ်ဝက်ပဲရှည်တာမို့ ပေါင်တန်တစ်လျှောက် အေးခနဲ ဖြစ်သွားခြင်းဖြစ်သည်။

ဒေါ်ပီးပီက ထူးထက်နေလထံမှ အပြီးသတ်လိုက်ပြီး မမဘက်ဆီ သွားဖို့ပြင်သည်။

"နေထူး ... မင်း မငယ်တော့ဘူးနော်၊ အရပ်ကြီးလည်း ရှည်နေပြီ၊ ဘောင်းဘီတိုလေးတွေ မဝတ်နဲ့၊ အိမ်ရှေ့က မမကို အားနာဦး"

တောင်းကို မတင်၍ ခပ်တိုးတိုး အုပ်ပြောသွားသော ဒေါ်ပီးပီ စကားကြောင့် ထူးထက်နေလ အိမ်ထဲသို့ တချိုးတည်း ပြေးဝင်ရတော့သည်။

ပဲပြုတ်ထုပ် ခုံပေါ်တင်ပေးရင်း ...

"မေမေ သားကို ပုဆိုး ချုပ်ပေးပါ"

"ဟမ် ..."

မေမေသည် ထူးထက်နေလဘက် လှည့်လာပြီး အသေအချာကြည့်ကာ ...

"ငါ့သား မင်းအသံက ထူးဆန်းနေတယ်နော်၊ နေကောင်းရဲ့လား"

မေမေ့ အပြောကြောင့် လည်ပင်းကို အုပ်ကိုင်ရင်း မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားမိသည်။ ကိုယ်တိုင်လည်း သတိထားမိနေသလိုရှိနေခဲ့တာမို့ မလုံမလဲ ဖြစ်သွားသည်။ အဘွား အနားသို့ ကပ်လျှောက်ကာ အနီးကပ် ငုံ့ကြည့်ရင်း ...

"မြတ်နိုး ... ညည်းသား လူပျိုဖြစ်နေပြီ"

"ဟာ ... ဘွားကလည်း ..."

အဘွားမျက်လုံးရှိရာသို့ လက်နှင့်ဖုံးကာ အခန်းထဲ ပြေးဝင်လိုက်ရပါတော့သည်။

ရှက်ပြီး ရင်တွေလည်း ခုန်လိုက်ရလွန်းပါသည်။

ပဲပြုတ် ထွက်ဝယ်တဲ့ မိန်းမလှတစ်ဦး၏ လင်း





အရုဏ်အလှကို ထူးထက်နေလ ပထမဆုံးအကြိမ် ခံစားမိခြင်း ဖြစ်သည်။

အိမ်ရှေ့ ခြံထဲတွင် ရေထွက်မချိုးရဲခြင်းနှင့် အင်္ကျီမပါ ကိုယ်ဗလာဖြင့် အဝတ်ထွက်မလှန်းရဲခြင်းတို့သည်လည်း ဤယနေ့မှ ပထမဆုံးဖြစ်ပေါ်လာသော စိတ်ခံစားမှုများ ဖြစ်သည်။

မမ၏ အလှကိုကား ပထမဆုံး အနီးကလေး မြင်ရခြင်း ဖြစ်ပေသည်။

☺ ☺ ☺

## အခန်း(၇)

ထူးထက်နေလ၏ ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်းများ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သော နေ့ရက်များဟု တဆိတ်ဆိုနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထူးထက်နေလ မှန်မှန်ကလေး နင်းနေသော စက်ဘီးကလေးနှင့် အရှေ့ မလှမ်းမကမ်းတွင် လှပသော မြရည်သွေး ခြယ်ထားသည့် မမကို တွေ့ရသောကြောင့် ဖြစ်သည်။

မမသည် အဖြူရောင် ရင်ဖုံးလက်တို အင်္ကျီလေးနှင့် ကျောင်းစိမ်းလုံချည် မြရည်သွေးကျကျကို ဝတ်ဆင်ကာ ဖြည်းဖြည်းချင်းလျှောက်၍ နေခဲ့သည်။

မမ ခြေလှမ်းများ၏ ဦးတည်ရာမှာ ထူးထက်နေလ တက်သော အထက်တန်းကျောင်းကြီးဆီသို့ ဖြစ်သည်။





သေချာသွားသည်နှင့်အမျှ ထူးထက်နေလ စိတ်ထဲ၌ မရိုးမရွကလေး ဖြစ်လာနေသည်။

နောက်ဆုံး မမ ကျောင်းထဲ ဝင်သွားတာ တွေ့ရမှ ၁မ်းသာပီတိဖြစ်မှုက ဘယ်အရာနှင့်မှ မတူပေ ...။ ထူးထက်နေလသည် မိမိအခန်းဆောင်ဆီ လုံးဝမသွားဘဲ မမအခန်းဘက်ဆီသို့သာ ခပ်မှန်မှန် လိုက်ပါသွားခဲ့သည်။

မမက ဆယ်တန်းအခန်းထဲသို့ဝင်သွားပြီး ခုံကလေးတစ်ခုံမှာ တည်တည်ငြိမ်ငြိမ် ထိုင်လိုက်တာကို တွေ့ရမှ ကိုယ့်အခန်းသို့ ပြန်လျှောက်လာခဲ့သည်။

ကိုယ့်အခန်းဆီသာ ရောက်လာခဲ့ပေမယ့် စိတ်က မမထံ၌ ကျန်ရစ်ခဲ့ပါလေသည်။

"ဟော့ကောင် ... နေထူး၊ ဒီနေ့ မင်းတို့ အနီအသင်းအလှည့်လေကွာ၊ မင်းက နောက်ကျလိုက်တာ၊ ဒီမှာ မိန်းကလေးတွေတောင် ဘုရားပန်း လဲ၊ တံမြက်စည်း လှည်းတာတွေ လုပ်ပြီးပြီ၊ အမှိုက်ပစ်ဖို့ ကျန်တယ်၊ မင်း ပစ်ပေးလိုက်ကွာ ..."

အတန်းခေါင်းဆောင်က မလှမ်းမကမ်းမှ အာပြဲကြီးနှင့် အော်သောကြောင့် နေထူး အင်တင်တင် ဖြစ်သွားရတော့သည်။

"အရင် ရက်တွေက ကျွန်တော့်အသင်း မဟုတ်လည်း အမှိုက်ပစ်ပေးနေကြပါဗျာ၊ ဒီနေ့ တစ်ရက်တည်း နောက်ကျတာပါ"

ထူးထက်နေလ စာေဒက တက်လိုက်သောအခါ အတန်းခေါင်းဆောင်ကြီးက မျက်ထောင့်နီကြီးဖြင့် ပြူးကြည့်သည်။

စိတ်ကူးထဲက သူ့ရဲကောင်းလို ပြန်ခံကြည့်ဖို့ ထူးထက်နေလ မဝံ့ရဲ ...။ မော်နီတာကြီးက ခုနစ်တန်းကို နှစ်ခါ လောက်ကျပြီး လူကောင်ကြီးက ထွားထွားကျိုင်းကျိုင်းကြီး ဖြစ်သည်။

ယှဉ်ထိုးဖို့ မဆိုထားနှင့်၊ သူမွေ့ချိ ကိုင်ရိုက်လိုက် လျှင်တောင် အရိုးကျိုးရမည့် ဘဝ ဖြစ်သည်။

ကိုယ့်အန္တရာယ် ကိုယ်သိကာဖြင့်ပင် ...

"ပစ်မှာပေါ့ဗျာ ...၊ ပစ်ပေးရင် ပြီးရော မဟုတ်လား"

အနည်းငယ်တော့ လျှာနှစ်ခွပြူပြကာ အမှိုက်ပုံး ကောက်ဆွဲလိုက်သည်။ (နဂါးလို အမောက်ထောင်ချင်ပေမယ့် ရေမြွေအဆင့်လောက်ပဲ ရှိသူမို့လည်း) အမှိုက်ပုံးကြီး ကားကားဖြင့်ပင် မမတို့ အခန်းရှေ့က ကွေ့ပတ်လျှောက်လာဖြစ်သည်။ အပြန် အမှိုက်ပုံး ပေါ့ပါးသွားချိန်တွင်လည်း မမအခန်းရှေ့ကပဲ ဖြတ်ဖြစ် သည်။

အဲဒီမှာ ပြဿနာက စလာခဲ့တာပဲ ဖြစ်သည်။

"မမက လှလိုက်တာဗျာ၊ မော်နီတာကြီး ခင်ဗျား ရအောင် လိုက်ဗျာ ..."





"ဟား ... ဟား ... မင်းပြောတာ နောက်ကျနေပြီ၊ ငါ ဒီနေ့ သူ ကျောင်းပြန်ရင် လိုက်ကြည့်ဖို့ ဆုံးဖြတ်ပြီးပြီ ..."

"ကြည့်ရုံနဲ့ ပြီးမလားဗျာ၊ ဘေးက လိုက်စကားပြောမှ ခင်ဗျားကို သူ သတိထားမိမှာပေါ့"

"သူ တော်တော် လှတာနော်၊ ဘယ်ကပြောင်းလာတာလဲ မင်း စုံစမ်းပေးကွာ"

ထူးထက်နေလသည် နားထင်များ တင်းကာ နှုတ်ခမ်းအဖျားများပင် လှုပ်ခတ်လာတော့သည်။

ဒေါသစိတ်က အလျှံညီးညီး ဖြစ်ထွန်းလာခဲ့သည်။

ဒီလူတွေ မမကို လာချောင်းတာ ...။ မမကို လာရှိတ်တာ။ မမ စိတ်ညစ်အောင်လုပ်ဖို့ ကြံစည်နေကြတာ ...။

"ဒုန်း ..."

သံအမှိုက်ပုံးကြီးကို မော်နီတာကြီး ခြေထောက် အဖျားနား ကပ်ချလိုက်ပါသည်။ အမှိုက်ပုံးသံကြောင့် ငတ နှစ်ကောင် လန့်ပြီး ထခုန်ကြသဖြင့် သူ့မိုးကုပ်ဖြွ ပျက်သွားလေသည်။

"ဟေ့ကောင် ... လန့်လိုက်တာကွာ၊ မင်း အမှိုက်ပုံးကို ဘယ်လိုချလိုက်တာလဲကွ၊ ငါ့ခြေသန်း ပြတ်တော့မလို့ ..."

"ချလိုက်တာ မဟုတ်ဘူးဗျ၊ လေးလို့ လွတ်ကျတာ၊ မယုံရင် ခင်ဗျားတို့ သယ်ကြည့်ပါလား ..."

"ဟာ ... ဒီလောက်က ပျင်းတယ် ငါ့ကောင်ရ၊ ပြစမ်း ... ငါမကြည့်မယ်"

"ဟာ ... ဖြည်းဖြည်း လေးတယ်နော်"

မော်နီတာကြီးက အမြဲတမ်း သူများကိုသာ ခိုင်းတတ်သူမို့ အမှိုက်ပုံးကို ယောင်လို့ပင် လက်နှင့်မတို့ဖူးသူဖြစ်သည်။

ထူးထက်နေလ သတိပေးလိုက်တော့မှ အားရှိသမျှ အကုန်စိုက်ကာ သံအမှိုက်ပုံးကို ကုန်းမလိုက်လေလျှင် ...

"ဂလုံ ... ဒွမ် ... ဒွမ် ... ဂလပ်"

အမှိုက်ပုံးက တကၠဆု ပေါ့ပေါ့လေးဖြစ်သည်။ သူက ဗလအားကိုးဖြင့် မ,လိုက်သော်လည်း ပေါ့ပါးလွန်းသဖြင့် သံပုံးက အရှေ့သို့ ရွေ့သွားခဲ့သည်။ အားကုန်သုံးထားသော သူသည်လည်း ပုံးနောက်သို့ ကုန်းကုန်ကွကွ စိုက်ကျသွားခဲ့သည်။

ထို့ကြောင့် သံပုံးလဲကျသံ၊ သံအဖုံး ပွင့်ထွက်သွားသံ၊ သံပုံးပေါ်သို့ လူဝကြီး ကားလျားမှောက်ကျသွားသံတို့ဖြင့် ဆယ်တန်းအခန်းရှေ့မှာ စည်ကားသွားလေတော့သည်။

အသံစုံညီနှင့် အကျနာသွားသော လူတို့အား မမ အပါအဝင် အားလုံး လှမ်းကြည့်လိုက်ချိန်တွင် ထိုအနီးတစ်ဝိုက်၌ ထူးထက်နေလ လုံးဝ ရှိမနေတော့ပေ။

အခန်းထဲ အမြန်ပြန်ပြေးကာ ကျောင်းတက်ခေါင်းလောင်းထိုးသံကို စောင့်စားနေတော့သည်။

ကျောင်းတက် ခေါင်းလောင်းထိုးပြီးသောအခါ မုန့်စားကျောင်းဆင်း ခေါင်းလောင်းသံကို စောင့်စားရပြန်သည်။





မုန့်စားဆင်းချိန်တွင်တော့ ထူးထက်နေလ၏ ခြေလှမ်းများက လျှောက်မိမှန်းမသိ မမအခန်းရှေ့ ရောက်သွားခဲ့သည်။

သို့ပေမယ့် မမက ရှိမနေခဲ့ ...။

ရပ်စောင့်ကြည့်နေချင်သော်လည်း ဗိုက်ဆာလာခဲ့တာမို့ မုန့်ဈေးတန်းဘက် ဦးတည်လိုက်ပါသည်။

နေထူးက ရွှေကန်စွန်းဥ ပြုတ်လေးများအား ရွေးဝယ်နေခဲ့ချိန်တွင် ပ ာစ်စုံတစ်ယောက်က တိုက်သွားခဲ့လေသည်။ ထိုတစ်စုံတစ်ယေ ထံမှ သနပ်ခါးစစ်စစ်နံ့ကလေး မွှေးပျံ့သွားခဲ့သည်။

ဗိုက်မိမှန်းပင် သိလိုက်ပုံမရဘဲ မမ ပြေးထွက်သွားခဲ့သည်။ မမလက်ထဲတွင်တော့ ပိုင်းဖြတ်ပြီးသား ပြောင်းဖူးထစ်ကလေးများကို အိတ်ဖြင့် ထည့်ဆွဲထားလေသည်။

ထူးထက်နေလသည်လည်း ရွှေကန်စွန်းဥကလေးများကို ပြန်ချထားလိုက်မိပါသည်။

"ဘာယူမှာတုန်း ကလေး ..."

ဟု အမိပွာယ် သက်ရောက်နေသော ပြောင်းဖူးသည်ကြီး၏ မျက်လုံးများကို တည့်တည့် ရင်ဆိုင်လိုက်ပြီး ကျေနပ်စွာဖြင့် ...

"မမ တစ်ဖူးလောက် အန်တီ"

"ဟမ် ... ဘာမမ တစ်ဖူးလဲ"

ထူးထက်နေလသည် ပါးစပ်ကလေးကို လက်ဖြင့် အုပ်လိုက်ရင်း မျက်နှာပိုးကို ပြန်သတ်ကာ ...

"ပြောင်းဖူးတစ်ဖူးကို ပြောတာဗျ၊ သား အဖေတို့နယ်မှာ မမလို့ သုံးကြတယ်ဗျ"

"ကြားဖူးပေါင်ဟယ်၊ ဘယ်နယ်ကမို့လဲ"

"ကဲပါဗျာ ... အမြန်လုပ်ပါ၊ ဗိုက်ဆာနေလို့ပါ"

ထူးထက်နေလသည် ပြောင်းဖူးအား ပိုင်းခိုင်းမနေတော့ဘဲ ပြောင်းဖူးတစ်ဖူး ကောက်ဆွဲ၊ ပိုက်ဆံပေးကာ အမြန်ထွက်လာခဲ့ပါတော့သည်။

ပြောင်းဖူး ကိုက်ဝါးရင်း မမ အခန်းရှေ့က အဖြတ်တစ်ချက်လှည့်ကြည့်စဉ်မှာ မမက တည်ငြိမ်စွာဖြင့် မုန့်စားနေခဲ့လေပြီ ...။

"ဒီည စာကျက်ဦးမှာပဲနော် မမ"

ထူးထက်နေလ ရင်ထဲက လှမ်းမေးလိုက်တာကို ကြားသိနေသလိုမျိုးလေးဖြင့် မမက စာအုပ်ကလေး တစ်အုပ် ကောက်ဖွင့်သည်။

မမ ရောက်လာပြီး စာမှန်မှန် ကျက်ပြနေကတည်းက ကျွန်တော် စာကျက်မမှန်တော့တာပဲ မမ ...။

သာယာတဲ့ မမ အသံလေးနဲ့ ယှဉ်မအော်ရဲလို့ပါ မမရယ် ...။ ခုဆို ပဲပြုတ်ကိုတောင် အော်မဝယ်ရဲတော့တာ





အမှန်ပါပဲဗျာ ...။ ဝေလီဝေလင်း ထပြီး စာအံတဲ့ မမ လန့်သွားမှာစိုးလို့ပေါ့ ...။ သိပ်စိုးလို့ပေါ့ ...။

☺ ☺ ☺

## အခန်း(၈)

♥ ♥ ♥

ရွှေယွန်းငုံသည် ကျောင်းဆင်းချိန် ရောက်မှာကို အကြောက်ဆုံး ဖြစ်နေမိပါသည်။

ဘယ်လို ကျောင်းသား ကျောင်း သူမဆို ကျောင်းပြန်ချိန် အချက်ပေး ခေါင်းလောင်းသံကို အကြိုက်ဆုံး ဖြစ်ကြပါလိမ့်မည်။

ရွှေယွန်းငုံသည်လည်း ဒီကျောင်းကို မတက်ခင်က အထိ ကျောင်းဆင်းခေါင်းလောင်းထိုးသံကို နှစ်သက်သဘောကျခဲ့သူ ဖြစ်သည်။

အခုတော့ မွန်းလွဲ နှစ်နာရီလောက် ရောက်သည်နှင့် ခေါင်းထဲမှာ မူးလာသလိုလို ခံစားရသည်။

ခြေဖျား၊ လက်ဖျားတွေလည်း အေးစက်၊ ချွေးစေးများ ထွက်လာခဲ့လေသည်။





ဒီကျောင်းမှာ စတက်ပြီး တစ်ပတ်လောက်ကတည်းက အိမ်ပြန်ချိန်တွေကို မုန်းတီးလာခဲ့ရတာ ဖြစ်သည်။

မိန်းကလေး သူငယ်ချင်းဖော် မရရှိသေးသော ရွှေယွန်းငုံနောက်သို့ အရုပ်ဆိုးဆိုး ကျောင်းသားများ ကပ်လိုက်ကြသည်။

ပုံစံတွေက မုန်းစရာကောင်းကြသည်။ ကိုယ့် ဆယ်တန်းအခန်းက မဟုတ်မှန်းလည်း သိပါသည်။

သူတို့မှာ ကျောင်းယူနီဖောင်း အဖြူ၊ အစိမ်း ဝတ်ထားသော်လည်း လမ်းပေါ်က အပေအတေ ရုပ်သာ ထွက်ကြသူများ ဖြစ်သည်။

သူတို့တွေ ကပ်ပါလာလို့ စိတ်ညစ်ရပါသည်ဟု ညည်းညူလျှင် အမေ စိတ်ပူမည်။

ပြီးတော့ ကျောင်း အသွား အပြန် လိုက်ပို့၊ လိုက်ကြိုလုပ်တော့မည်။ ထိုအခါ အမေ ပင်ပန်းပြီး ရောဂါဆိုးသွားနိုင်သည်။

ထို့ကြောင့် အဖေနှင့် အမေ သိ၍လည်း မဖြစ် … ။

တစ်ယောက်တည်း ဒီအတိုင်းကျတော့လည်း ထိုလူမိုက်များကို ကြောက်သည်။

လူမိုက်များနှင့် မြေပြင်တစ်ခုတည်းမှာ ခြေလှမ်းတူဖွာ လျှောက်နေရတာကိုက ရွှေယွန်းငုံ ရှက်သည်။ ရွံသည် … ။

"ဒင် ... ဒေါင်"

"ဟေး ... ကျောင်းဆင်းပြီ"

အခြား ကျောင်းသူကလေးများက အားပါးတရ ထအော်ကာ ပြန်ဖို့ရန် အသင့်ပြင်ကြချိန်တွင် ရွှေယွန်းငုံမှာ သက်ပြင်းကိုသာ မသိမသာ ခိုးချရတော့သည်။

သို့ပေမယ့်လည်း အများနည်းတူတော့ ပြန်ဖို့ပြင်ရပါသည်။ ခဏကလေး နောက်ချန်လိုက်တာနှင့် လူအုပ်ကြီးနှင့် ပိုဝေးကျန်ကာ ဒုက္ခဖြစ်နိုင်တာမို့ အမြန်ပြန်ဖို့ လုပ်မိသည်။

လေးလံသော စိတ်ဖြင့်ပင် အခြားသူတွေလိုပဲ လမ်းလျှောက်လာခဲ့လိုက်ပါသည်။

"ဟိတ် ... ငုံ ... ငုံလေး"

တော်တော်လေး မှန်းတီးခံရခက်သလောက် နားရေဝနေသော ခေါ်သံဖြစ်သည်။ စိတ်တွေတိုကာ ဒေါသထွက်လာခဲ့သည်။

"ငုံလေး ... ခဏနေပါဦးကွာ"

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ချွေးပြန်လာခဲ့သည်။ သိပ်ကြောက်လို့တော့ မဟုတ် ...။ ဒေါသကို မဖြစ်မနေချုပ်တည်းထားရလွန်း၍ ဖြစ်သည်။

"ငုံ ... ပြောစရာရှိလို့ပါဆို၊ ခဏလေးပါ"

"ဟင် ... နင် လူပါးဝလှချည်လား"





ရွှေယွန်းငုံ လက်မောင်းကလေးအား လာဆွဲညစ်ရင်းပြောလာတာမို့ စိတ်မထိန်းနိုင်ဘဲ အော်ပစ်လိုက်မိပါသည်။

အော်ခံရတဲ့ ငနဲသားလည်း ရုတ်တရက်မို့ ဆတ်ခနဲတုန်သွားပြီး ပါးစပ်ကလေးဟကာ လက်များလည်း ပြန်ရုတ်သွားခဲ့သည်။

ရွှေယွန်းငုံ မျက်ဝန်းများမှာ မီးဝင်းဝင်း တောက်လျက် ရှိပြီး ဘေးဘီဝဲယာမှာတော့ အခြေအနေကို မသိမသာငေးရင်း ဆက်လျှောက်သွားနေသော ကျောင်းသား ကျောင်းသူများကို တွေ့ရသည်။

"မမ ... အဖေက အမြန်ပြန်လာတဲ့"

ပခုံးကို ဆတ်ခနဲ ပုတ်ပြီး အနားကပ်လာကာ တစ်စုံတစ်ယောက် လာပြောလိုက်ခြင်း ဖြစ်သည်။

ထိုတစ်စုံတစ်ယောက်ကိုတော့ ရွှေယွန်းငုံ ဒေါသမျက်ဝန်းများဖြင့် လုံးဝ မကြည့်မိပေ ...။

အရပ်ကလေး ရှည်စစ၊ ဖြူသွယ်သွယ်နှင့် ဒီကောင်လေးကို ရွှေယွန်းငုံ သိသည်။

အိမ်ရှေ့ခြံက ကလေးလေး ...။

သူ ပဲပြုတ်သည် ခေါ်ရင် ရွှေယွန်းငုံ အော်စရာမလိုတော့အောင် တစ်ချက်တည်းနဲ့ အော်နိုင်တဲ့ ကောင်လေး ...။

"အေး ... မောင်လေး၊ လာ ... ပြန်မယ်"

ကောင်လေး စကားအတိုင်း အလိုက်ပေးကာ ပြောရင်း ရွှေယွန်းငုံ အရှေ့ကို ခြေလှမ်းလိုက်သည်။

"မော်နီတာကြီး ... ဒါ ကျုပ်အစ်မဗျ"

ကောင်လေးက ချက်ချင်း လိုက်မလာဘဲ လူမိုက်ကြီးကို ခပ်တည်တည် ဝိတ်ပေးကာ ... ပိတ်ဟောက်နေသည်။ ရွှေယွန်းငုံက ကောင်လေးကို နောက်ပြန်လှည့်ကာ လက်ဆွဲခေါ်လိုက်သည်။

"လာ ... မောင်လေး၊ အိမ်ကျ အဖေနဲ့တိုင်မယ်"

ရွှေယွန်းငုံ ဆွဲခေါ်ရာသို့ ကောင်လေးမှာ တန်းလန်းကြီး ပါလာခဲ့လေသည်။

ငမိုက်သားနှင့် ဝေးလောက်မှ ရွှေယွန်းငုံက သူ့လက်ကောက်ဝတ်ကလေးကို လွှတ်ပေးလိုက်ပါသည်။ ကောင်လေးက ပါးစပ်အဟောင်းသားကလေးဖြင့် ရွှေယွန်းငုံ မျက်နှာကို ငေးနေခဲ့ပါသည်။ သူ့ပုံစံကြည့်ကာ ရွှေယွန်းငုံ ပြုံးမိရပါသည်။ အဲဒီတော့မှ သူပါ လိုက်ပြုံးတော့သည်။

"ရယ်ရတယ်နော်၊ မဆီမဆိုင် မင်းက အစ်မတစ်ယောက် ရပြီး ငါက မောင်တစ်ယောက် ကောက်ရလိုက်တယ်"

"ဟား ... ဟား ... ဟုတ်တယ်နော်၊ မမက ကျွန်တော့်ကို သိလို့လား"

"သိတာပေါ့ ...၊ မမ အခုနေတဲ့ အိမ်ရဲ့ အရှေ့ခြံက ကောင်လေး မဟုတ်လား"





"ဟာ ... သိနေတယ်၊ ဒါဆို ကျောင်းမှာရော မတွေ့ဘူးလား"

"အင်း ... သတိမထားမိဘူး"

"မမနောက်ကို ဒီလူတွေလိုက်တာ ကြာပြီလား"

"ကြာပြီ ... တစ်ပတ်လောက်ရှိပြီ"

"ကျွန်တော် မသိလို့၊ အရင်ရက်တွေက စက်ဘီးနဲ့ ကျူရှင်သွားတက်နေလို့၊ ဒီနေ့ ကျူရှင်လည်း မရှိတော့ လမ်းလျှောက်ပြန်လာတာ မမကို တွေ့တာပဲ၊ မဟန်တော့ဘူးထင်လို့ ဝင်ပါလိုက်တာပါ"

"မင်း ပါလာလို့ပေါ့၊ မဟုတ်ရင် မမ မလွယ်ဘူး၊ သူ့ကို တစ်ခုခု လုပ်မိသွားမှာ၊ ကျေးဇူးပဲနော်"

"ကျေးဇူးမလိုပါဘူး၊ ကျွန်တော်တို့ အရမ်းခင်သွားမှာပဲလေ"

"အင်း ... ဟုတ်သားပဲ၊ မင်းနာမည် ဘယ်လိုခေါ်လဲ"

"မမ အိမ်ကနေ မကြားဘူးလား၊ ဘွားနဲ့ မေမေ အော်အော်နေတာလေ၊ နေထူး ... နေထူးနဲ့"

"သိပ်မကြားမိပါဘူး၊ နေထူးတဲ့လား"

"ကျောင်းနာမည်က ထူးထက်နေလပါ"

"ဟာ ... မိုက်တယ်၊ မမ နာမည်က ..."

"ရွှေယွန်းငုံ မဟုတ်လား"

"ဟာ ... သိနေတယ်"

ရွှေယွန်းငုံ အံ့သြစွာ မေးလိုက်တာကို မဖြေတော့ဘဲ ပခုံးတွန့်ပြသည်။

"နောက်နေ့ ကျောင်းအသွားအပြန် အတူသွားမယ်နော် မမ"

"နေထူးက ကျူရှင်ရှိတယ် မဟုတ်လား"

သူသည် ဆက်မပြောတော့ဘဲ ပြုံးရုံကလေးသာ ပြုံးပြပါတော့သည်။

☺ ☺ ☺



## အခန်း(၉)

♥ ♥ ♥

မမရွှေယွန်းငုံ ကိုယ်တိုင်လာပေးသွားသော အိမ်တက်ပွဲ ဖိတ်စာလေးအား ဖတ်၍မဝ ဖြစ်နေမိသူမှာ နေထူးတစ်ယောက်တည်း မဟုတ်ပါ။

စပြောင်းလာကတည်းက 'ခင်သွားမှ မေးကြည့်မယ်' ဟု ကြုံးဝါးထားသူ ဘွားဘွားနှင့် မမကို 'လှလိုက်တာ'ဟု မကြာခဏ ပြောသူ မေမေတို့လည်း ပါလေသည်။

မမရွှေယွန်းငုံတို့ အိမ်တက်ပွဲကလေးဆီသို့ တခြားသော ပတ်ဝန်းကျင်မှ မိသားစုများ လာရောက်ကြပါသည်။

စားသောက်အပြီး မိတ်ဖွဲ့ဖော်ရွေစွာ စကားပြောဆိုပြီးသည့်နောက်တွင် အလျှိုအလျှို ပြန်သွားကြလေသည်။

ပွဲမစခင်ကတည်းက ကြိုရောက်ပြီး ပတ်ဝန်းကျင်

ကောင်းပီပီ မေမေနှင့် ဘွားက လိုအပ်သည်များ ကူညီပေးကြသည်။

ထူးထက်နေလကလည်း မမနှင့်အတူ မမခိုင်းသည့် လက်တိုလက်တောင်း အလုပ်ကလေးများ ကူလုပ်ပေးခဲ့သည်။

ဆရာတော် ငါးပါး ကြွချီလာပြီး တရားနာသော အခါ၌လည်း မမအနား မလှမ်းမကမ်းမှာပဲ ထိုင်ဖြစ်သည်။

မျက်စိလေးမှိတ်၊ လက်အုပ်ကလေးချီထားသော မမ၏ ဘေးတစောင်း ပုံစံကလေးကိုကား နိုးနိုးကြည့်မိရပါသည်။

နဂို ကော့ရွန်းနက်မှောင်သော မျက်တောင်ရှည်ကြီးများက ငြိမ်သက်စွာဖြင့် ဣန္ဒြေရလှပါသည်။

ရေစက်ချ အမျှဝေသော နှုတ်ခမ်းဖူးဖူးလေးအား ငေးရင်းဖြင့်ပင် သာဓု ခေါ်မိရသည်။

ဧည့်သည်တွေ အားလုံးကို တည်ခင်းဧည့်ခံဖို့ကျတော့ မမတို့ မိသားစု သုံးယောက်တည်းဖြင့် မလုံလောက်လှပါ။

အလိုက်သိသော နေထူးနှင့် မေမေတို့က အလှူစားပွဲ ထိုးရင်း ဒါနပြုကြသလို ဘွားကလည်း ဧည့်သည်များကို ဧည့်ဝတ်စကား ပြောပေးသည်။

ကျန်းမာရေး သိပ်မကောင်းလှသော မမ အမေကတော့ ဘွားနှင့် မေမေ့ကို အားကိုးစွာကြည့်ပြီး ခင်မင်သွားရှာလေသည်။





မမ အဖေကလည်း မိတ်ဆွေကောင်းတွေဆိုပြီး ပြောခဲ့ရှိသည်။

ထူးထက်နေလကတော့ မမလုပ်သမျှအားလုံး ဝိုင်းကူလုပ်ကိုင်ပေးသည်။

"သမီးရေ... အချိုရည်ဘူးတွေ မလောက်တော့လို့ လမ်းထိပ်ဆိုင်မှာ ဝယ်ပေးပါဦးလား"

"ကျွန်တော်လည်း လိုက်သွားမယ် ဦး"

"အေး ... ကောင်းတာပေါ့ကွာ၊ မင်းအစ်မ အဖော်ရတာပေါ့"

မမ အဖေက ပိုက်ဆံအတော်များများ မမကို ကမ်းပေးပြီးသည့်နောက် အိမ်ရှေ့ထွက်သွားခဲ့သည်။

မီးဖိုဆဲ၌ ဆောင့်ကြောင့်ထိုင်ကာ ပန်းကန်ဆေးနေသော မမနှင့် ထူးထက်နေလတို့လည်း အပြင်ထွက်ကြရပြီ ဖြစ်သည်။

လမ်းထိပ်ဆီ လမ်းလျှောက်ရင်း စကားတပြောပြောနှင့် အပေးအယူ တည့်လာခဲ့သည်။

"ငါ့မောင်က အားကိုးရသားပဲ၊ ဒီနေ့ နေထူးသာ မရှိရင် မမကတော့ အလုပ်ရှုပ်နေမှာ"

"အခုလည်း မမချည်းပဲ လုပ်နေရတာပဲ"

"ဒါပေမယ့် တစ်ဝက် သက်သာတာပေါ့၊ အင်း ... မမက

မောင်လေးတစ်ယောက် အရမ်းလိုချင်ခဲ့တာ၊ မမ အမေက ကျန်းမာရေး မကောင်းတော့ နောက်ကလေး မယူတော့လို့"

"အခု ရပြီပဲမဟုတ်လား၊ ကျွန်တော်က မမ မောင်လေး၊ မမက ကျွန်တော့် အစ်မပေါ့"

"တကယ်ကြီး ပြောတာနော်"

"တကယ်ပေါ့ ..."

"အေး ... ဟုတ်ပြီ၊ မမက အကြီးဆိုတော့ နေထူးကို ချုပ်ချယ်မှာနော်"

"ဟမ် ... ဘာကို ချုပ်ချယ်မှာလဲဗျာ"

"မကောင်းတဲ့ လူနဲ့ မပေါင်းနဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစား မထားနဲ့"

"ရတယ်၊ မကောင်းတဲ့လူနဲ့ မပေါင်းဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားမထားဘူး၊ ကြီးတဲ့ မမနဲ့ပဲ ရည်းစားထားမယ်"

"အောင်မယ်၊ ဒီကောင်လေး ငါခေါက်လိုက်ရ"

မမ စကားကို တကယ်နားထောင်သည် ထင်ပြီး မမမျက်နှာက ပြုံးရယ်ကျေနပ်နေပြီးမှ နေထူး စလိုက်သောအခါ ရယ်ကျဲကျဲနှင့်ပဲ မျက်နှာစူထားသည်။

တရင်းတနှီး ရှိမှ မမက အရမ်းစိတ်ရင်းကောင်းပြီး ပွင့်လင်းမှန်း သိလာရလေသည်။





လမ်းထိပ် ဈေးဆိုင်မှ အပြန်လမ်းမှာတော့ အချို ညီကတ်ကလေးတွေ ကိုယ်စီ ခွဲသယ်ရင်း အမြန် ပြန်လာကြလေသည်။

တစ်ယောက်နှင့်တစ်ယောက် မကြာခဏ ငဲ့ကြည့်ရင်း ...

"ရရဲ့လား၊ အရမ်းလေးလား၊ ပေးဦး တစ်ဝက်"

ဟု ပြောရင်းဖြင့်ပဲ အိမ်ပြန်ရောက်ခဲ့ကြလေသည်။

ထမင်းစားတော့လည်း အတူတူစားရင်းဖြင့် လူကြီးတွေ စကားပြောတာ နားစွင့်မိသည်။

"မမကြည်ရယ် ... ခုဆို အတော်ရင်းနှီးသွားမှပဲ၊ ဘာမှ အားမနာနဲ့၊ စားချင်တာရှိရင် ပြော၊ မြတ်နိုး ချက်ပေးမယ်၊ ဒါမှမဟုတ် ဈေးဝယ်မှာချင်လည်း မြတ်နိုး ဝယ်ခဲ့ပေးမယ်၊ နေကောင်းလို့ ဈေးသွားရင် အတူသွားမှာပေါ့ ..."

မေမေက မမ အမေအပေါ်သို့ စေတနာတွေ ဖေဖြာနေလေသည်။

"ဒါဆို အားကိုးပါတယ် မြတ်နိုးရယ်၊ သမီးက ဒီနှစ် ဆယ်တန်းဆိုတော့ စာပဲ ကြိုးစားခိုင်းထားတာလေ၊ နောက်မို့ဆို သမီးပဲ အကုန်လုပ်ရှာတာ၊ အရမ်းလိမ္မာတာ"

စကားစပ်ရင်း မမအကြောင်းက စပါလာခဲ့လေပြီ။ မေမေက ရှက်သွား၍လား မသိ၊ မျက်စောင်းက ဒိုင်းခနဲ သူ့အမေဆီ ချစ်စဖွယ်လေး ထိုးလေသည်။

"သားကလည်း လိမ္မာမယ့်ပုံပဲ၊ မမကြည်တို့အိမ်မှာ ကူလုပ်နေတာ လူကြီးလေး ကျနေတာပဲ"

မမ အမေက နေထူးဘက် စကားဦး ပြန်လွှဲလိုက်တာမို့ နေထူး ရင်ထိတ်သွားသည်။

"သားက အရမ်း အဆော့မက်တာ မမကြည်ရဲ့"

"အိုး ... ခုတလော ငါ့မြေးက လိမ္မာလာပါပြီ မြတ်နိုးရဲ့၊ ဘာလေးပဲခိုင်းခိုင်း အကုန်ကူလုပ်ပေးတတ်နေပြီ"

"ဟုတ်မှာပါ၊ အန်တီပြောတာ မှန်မှာပါ၊ သားက ကူညီတတ်ပါတယ်၊ ဟိုတစ်နေ့က သမီးငုံကို နှောင့်ယှက်တဲ့ လူတွေရန်က လွတ်အောင် သား ကူညီပေးတာတဲ့၊ သမီး ပြန်ပြောပြတယ်"

မမထံ အကြည့်ရောက်သွားမိသည်။ မမက ပြုံးပြုံးလေး လှမ်းကြည့်နေသည်။

ဒီလိုနှင့် စကားဝိုင်းလေးမှာ စည်ကား စွာ၊ ရင်းနှီးနွေးထွေးစွာ ကြာမြင့်နေခဲ့သည်။ နောက်ဆုံး လက်စသတ် အပြန်မှာတော့ မမ အမေက ...

"သားအနေနဲ့ အပမ်းမကြီးရင် ကျောင်းအသွားအပြန် မမကို စောင့်ခေါ်ပေးပါလားကွယ်"

"ရပါတယ် အန်တီကြည်၊ ကျွန်တော် မမနဲ့ နေ့တိုင်း အတူသွား အတူပြန်ပါ့မယ်"





တခြားသော ကတိစကားများထက် ဒီကတိစကားကိုတော့ ဆယ်ခါပြန် တည်လိုက်ချင်ပါသေးသည်။

ဘယ်လိုပဲဖြစ်ဖြစ် နေထူးတစ်ယောက် မမတို့အိမ်ကို တံခါးမရှိ ဓားမရှိ အချိန်မရွေး ဝင်ထွက်ခွင့်ရပြီ ဖြစ်သည်။

☺ ☺ ☺

## အခန်း(၁၀)

❤ ❤ ❤

ကျောင်းဖွင့်ရက်မှာ အသွားအပြန် အတူတူရှိကြရုံမျှ မကသေးပါ။ ကျောင်းပိတ်ရက် ကျူရှင်သွားရသည့် မမကို စိတ်မချ၍ ပို့သည့် ကြိုသည့်အလုပ်ကို ထူးထက်နေလ စိတ်ပါလက်ပါ လုပ်ဖြစ်ပါသည်။

"နေထူး စာကျက်သံလည်း မကြားပါလား ..."

မမက ကျောင်းအပြန်လမ်းမှာ နေထူးကို မယုံသင်္ကာ မျက်ဝန်းများဖြင့် မေးလာခဲ့ပါသည်။

နေထူးကလည်း မမထံသို့ တန်ပြန်ယှဉ်ကြည့်လိုက်ရင်းက ...

"ကျွန်တော် စာကျက်ပါတယ် မမရဲ့"

"ဒါပေမယ့် အသံမကြားပါဘူး"





"ကျွန်တော်က ယောက်ျားလေးလေ၊ ဉာဏ်ကောင်းတယ်ဗျ၊ အသံတိတ် တစ်ခေါက်ဖတ်တာနဲ့ ရပြီ၊ မမကသာ ရေဒီယို ကမာရွတ် ..."

"ဘာရေဒီယို ကမာရွတ်လဲ၊ ဟွန်း ..."

"မသိဘူးလား၊ ဟိုဘက်အိမ်က စာအကျယ်ကြီး ကျက်တဲ့ ဆယ်တန်းကျောင်းသူ ဆိုတာလေ သီချင်းတောင် ရှိသေးတယ်"

"စာကျက်သံ ကျယ်တာပဲ၊ ဘာဖြစ်လဲ ..."

"ဘာမှမဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဗျာ"

အဲဒီစာကျက်သံကလေးက သာယာလွန်းလို့ နားထောင်ရင်းက စာကျက်ပျက်တဲ့အထိ ဖြစ်သွားရတာမျိုးက လွဲရင်ပေါ့လေ ...။

"အင်း ... စာကျက်ရင် ပြီးတာပဲလေ၊ စာမကျက်ဘဲ စာမေးပွဲ မဖြေနိုင်ဖြစ်တော့မှ မမကြောင့် စာကျက်ပျက်ရတာဆိုပြီး အော်ငိုမှာစိုးလို့ ...၊ မမအပြစ် ဖြစ်မှာစိုးလို့ ..."

"မမကြောင့် စာကျက်မပျက်ရပါဘူးဗျာ၊ ကျွန်တော် ဘယ်တော့မှ မမကို အပြစ်မပြောပါဘူး"

"ကဲ ... ယုံပါပြီလေ"

အိမ်ရှေ့ဆီ ရောက်လာကြပြီမို့လည်း စကားစကပျက်သွားခဲ့ပါသည်။ နှုတ်ဆက်ဖို့ မလိုတော့ပါ။ နှုတ်ဆက်စကား

ဆိုတာ မရှိတော့လေအောင် ခင်မင်သွားခဲ့ကြသူတွေ ဖြစ်ပါသည်။ သတိရတဲ့အချိန် ဟိုဘက်အိမ်ထဲ ဝင်သွား၊ မီးဖိုထဲက အိုးခွက်တွေ လှန်လှော စားချင်ယူစားလို့ ရနေပြီဖြစ်သည်။

မမကလည်း အိမ်ထဲဝင်သွားခဲ့ပြီး နေထူးကလည်း ကိုယ့်အိမ်ဆီ ကိုယ်ပြန်လာခဲ့ပါပြီ။

ခဏလေး နားပြီးသည်နှင့် မမတို့ အိမ်ကလေးဆီမှ စာအံသံကလေးက မှန်မှန် ပေါ်ထွက်လာလေသည်။ နေထူးလေး တစ်ယောက်တောင် ခြံထဲမှာ မြားပစ်ခြင်း၊ မြင်းစီးခြင်းတို့ကို မဆော့ဖြစ်တော့သည်မှာ ကြာလေပြီ ဖြစ်သည်။

မမနှင့် ပြိုင်တူဆိုသလို စာကျက်ပြီးတာနှင့် စာဖတ်၊ ရုပ်ရှင်ကြည့်ကာ လူကြီးဆန်ဆန် နေတတ်လာပြီဖြစ်သည်။

မမ၏ စာကျက်သံ မကွယ်ပျောက်ခင်မှာပဲ ထူးထက်နေလက အိပ်ပျော်သွားခဲ့ပြီဖြစ်သည်။

ထူးထက်နေလ အိပ်ရာမနိုးသေးခင်မှာပဲ မမက မနက်စောစော ပဲပြုတ်ဝယ်ထားပြီး ဖြစ်သည်။

အမြဲတမ်း တစ်ထုပ်ပိုဝယ်ကာ ထူးထက်နေလတို့ ခြံစည်းရိုးကလေးမှာ လာချိတ်ပေးတတ်သည်။

အခုဆို မနက်စာကို နံပြား၊ အီကြာကွေး၊ ပဲပြုတ် ထမင်းကြော်တွေ မှန်မှန် စားရလေသည်။ မနက်စာ စားပြီးသည်နှင့် အင်္ကျီလဲကာ အပြင်ဘက် ထွက်လာခဲ့လိုက်သည်။





"နေထူးရေ…"

ခြံရှေ့ကနေ မမ အော်ခေါ်နေတာကို တွေ့ရပါလေပြီ။

"လာပါပြီဗျ၊ အချိန်မှန်ပါပဲ…"

ကျောင်းပိတ်ရက် မမ ကျူရှင်ချိန်က အစောကြီးပဲမို့ နေထူးမှာ မနက်တိုင်း အစောကြီး ထရခြင်းဖြစ်သည်။

"ဒီနေ့ မမကို လိုက်မပို့နဲ့တော့…"

ခြံစည်းရိုး တံခါးလေးမှ မဖွင့်ရသေးခင် ကြားလိုက်ရသော စကားကြောင့် မမဆီ ငေးခနဲ အကြည့်ရောက်သွားခဲ့သည်။

"အဖေ လိုက်ပို့မယ်တဲ့၊ လမ်းကြုံလို့လေ၊ ဒီနေ့ ငါ့မောင်လေး နားလိုက်တော့နော်"

တကယ်ဆို ပိုသက်သာတယ်ဆိုပြီး ဝမ်းသာရမည့်ကိစ္စပဲ ဖြစ်တော့သည်။ သို့ပေမယ့် ထူးထက်နေလ မျက်နှာပျက်သွားခဲ့သည်။

အဲဒါကို မမ ရိပ်မိသည် ထင်၏။

"ပြန်လာရင် မုန့်ဝယ်လာခဲ့မယ်နော်၊ တာ့တာ…"

"တာ့တာ…"

လက်ဝါးကလေးထောင် ယောင်ယမ်း လက်ပြလိုက်ရသော်လည်း မပြုံးမိပေ။

ဒီလိုနှင့် မမက လွယ်အိတ်ကလေးလွယ်ကာ မလှမ်း

မကမ်းမှာ ရပ်စောင့်နေသော ဦးလေးအောင်ဆီ လျှောက်သွားခဲ့လေပြီ။

မမ ကျူရှင်သွားပြီ။ အိမ်မှာ ဒီကောင်လေး ကျန်ခဲ့ပြီ။ မေမေနှင့် ဘွားက ပြောဖူးပါသည်။

"ငုံလေးက စာအရမ်းကြိုးစားတာပဲ၊ ဒီကောင်မလေး သေချာပေါက် ဆေးကျောင်း တက်ရမှာ"

လို့ ပြောဖူးသည်။ ဆေးကျောင်းတက်သွားတဲ့ မမ၊ အထက်တန်းကျောင်းကလေးမှာ ကျန်ခဲ့ရမည့် ဒီကောင်လေးကို မေ့ထားခဲ့တော့မှာပဲလား ...။ သက်ပြင်းလေးကို လေးလေးပင်ပင် ချလိုက်မိရပါပြီ။

ခြေလှမ်းက အပြင်သွားဖို့ ပြင်ဖြစ်သည်။ မျက်စိလျင်သော မေမေထံမှ ...

"ဘယ်သွားမလို့လဲ နေထူးရေ..."

"သူငယ်ချင်းအိမ် သွားလည်မလို့ ..."

"အကြာကြီး ဆော့မနေနဲ့နော်"

"ဟုတ်ကဲ့ ..."

ထူးထက်နေလနှင့် ခင်သော မင်းမင်းတို့အိမ်ဆီ ဦးတည်လိုက်ပါသည်။ မင်းမင်းနှင့်က ကျောင်းမတူပေမယ့် ဂိမ်းကစားဖော် သူငယ်ချင်း ဖြစ်သည်။ ပြောမနာ ဆိုမနာ သူငယ်ချင်းဖြစ်သည်။





မင်းမင်းက နေထူးကို မြင်လိုက်သည်နှင့် အားပါးတရ ဆဲလေတော့သည်။

"မင်း မလာတာ လေးလလောက် ရှိပြီကွာ၊ ဘာဖြစ်နေတာလဲ ..."

"ဒီလိုပါပဲကွာ၊ လာ ... ကစားမယ်လေ"

ကစားနေရပေမယ့် သိပ်စိတ်မပါလှတာမို့ မင်းမင်း ဒိလေသည်။

"မင်းကြည့်ရတာ တစ်မျိုးကြီးပဲ နေထူးရာ၊ မအီမလည်ကြီးနဲ့၊ ဘာဖြစ်နေလို့လဲ ပြောစမ်းပါ"

"ဘာရယ် မဟုတ်ပါဘူးကွာ၊ အိမ်မှာနေရတာ အရမ်းပျင်းလို့ မင်းဆီ လာကစားတာကွ"

"ဒါပေမယ့်လည်း ဒီနေ့ မင်း မလန်းပါဘူး၊ ငါ့အမေ မုန့်ဖိုးပေးထားတာ ရှိတယ်၊ မင်းနဲ့ ငါ City Mart သွားရအောင်၊ ဂိမ်းခွေအသစ်တွေ ဝယ်ပြီး မုန့်စားကြမယ်လေ"

"အေး ... ကောင်းသားပဲ"

မင်းမင်းနှင့် စီးတီးမတ် ရောက်သွားကြပြီးနောက် မင်းမင်းက မြူးဇစ်ထဲ ဝင်သွားကာ ဂိမ်းခွေရွေးသည်။

နေထူးက မမကို သတိရသွားသည်။

ညဘက် စာကျက်ရင် ခြင်ကိုက်မှာ စိုးသဖြင့် ခြင်ဆေးခွေဘူးလေး ဝယ်သည်။ အိပ်ငိုက်ရင် စားဖို့ အချဉ်ထုပ်လေးများ ဝယ်သည်။

အပြန်မှာ ဝင်းသူစာဆိုင်က စာအုပ်အကြမ်းကလေးများ ဝယ်ဖြစ်သည်။

"စာအုပ်ကြမ်းတွေ ဘာလုပ်မှာလဲ နေထူးရ"

"ငါ သင်္ချာတွက် လေ့ကျင့်မလို့ ..."

"ဟေ ... မင်းက စာလုပ်ဖို့ ကိုယ့်ပိုက်ဆံနဲ့တောင် ကိုယ်ဝယ်တာလား၊ မင်း ပြောင်းလဲနေတယ် ဟေ့ကောင်"

မင်းမင်း၏ မှတ်ချက်အား နေထူး ဘာမှ မတုံ့ပြန်တော့ပေ။

ညနေဘက် အိမ်ပြန်ရောက်တော့ မမတို့အိမ်ကလေးဆီပဲ ငေးကြည့်မိသည်။ တိတ်ဆိတ်လို့ နေသည်။ မမ ပြန်မရောက်သေးပါလား။ နေထူး ကိုယ့်အိမ်ဆီ ဝင်ခဲ့လေသည်။

"နောက်ကျလိုက်တာ နေထူးရယ်"

မေမေက အဝင်ဝကနေ စောင့်ပြီး ဆူသည်။ လက်ထဲမှ အထုပ်ကိုမချဘဲ မီးဖိုထဲ ဝင်လာခဲ့လိုက်သည်။

ရေသောက်မလို့ ဝင်လာခဲ့တော့ နေထူးမျက်လုံးများထဲ အလင်းတန်းတစ်ခုက ဖြတ်ဝင်လာသဖြင့် လက်ထဲမှ အထုပ်ပင် ပြုတ်ကျသွားခဲ့သည်။

ရေခဲမုန့်ကလေးများအား ပန်းကန်ထဲ ထည့်ကာ အိမ်ရှေ့ထွက်လာဖို့ ပြင်ဆင်နေသော မမ ...။

နှုတ်ခမ်းကလေးများ ဝိုင်းကာ ...





"အမလေး လူကိုမြင်တာ ဝိညာဉ်မြင်တာ ကျနေတာပဲ၊ အထုပ်တောင် ပြုတ်ကျရတယ်လို့ ...၊ သွား ရေခဲမုန့် မကျွေးတော့ဘူး"

စိတ်မဆိုးဘဲ စိတ်ဆိုးဟန်ဆောင်ပြီး အိမ်ရှေ့ထွက်သွားတဲ့ ကောင်မလေးအား ချော့မြူဖို့ နောက်က ကပ်လိုက်သွားခဲ့သည်။

"ဆောရီးပါဗျာ ...၊ နတ်သမီးလေးများ အိမ်ထဲရောက်နေသလားလို့ပါ၊ ရေခဲမုန့် ကျွေးပါနော်"

မမက ပြုံးပြီး ရေခဲမုန့် ပန်းကန်လေး နေထူးရှေ့ ကိုးပေးသည်။ မေမေနှင့် ဘွားကလည်း တစ်ယောက်တစ်ပန်းကန် စားနေကြပြီ။

ဘွားက ပြောသည်။

"ရွှေယွန်းငုံ ပြန်ရောက်ကတည်းက နေထူးဆီလာတာ၊ မြေးမရှိလို့ အိမ်ရှေ့ထွက်စောင့်နေတာလေ၊ လမ်းထိပ်ကနေ မြေး ဝင်လာတာမြင်မှ ရေခဲမုန့်တွေ အမြန်ပြေးထည့်တာ"

ဘွားပြောပြသည့် စကားလေးကို နေထူးက ကျေနပ်ိသည်။

အထုပ်ကလေးကို ဖွက်ပြီး ညနေ မမ စာကျက်မှ သွားပေးခဲ့ပါသည်။

"ဘယ်ကပိုက်ဆံနဲ့ ဝယ်လာတာလဲ၊ မမ ပြန်ပေးမယ်နော်"

"အဲဒီလို ပြောမယ့်အစား အခုချက်ချင်း ခြင်ဆေး ကောက်ထွန်း၊ စာအုပ်ထဲမှာ သချိုာတွေတွက်၊ အီကွေးရှင်းတွေရေးပြီး အချဉ်ထုပ်တွေ စားပေးရမှာ မမ ဝန်လေးသလားဗျာ"

နေထူး စကားကြောင့် မမက မဲ့မဲ့လေး ပြုံးသည်။ စကားတတ်ရန်ကော ဆိုပြီး နားရွက်ကလေးကို လိမ်ဆွဲသည်။

မမပြုံးလျှင် အလွန်ပဲလှသည်။ ညာဘက်အပေါ်နှုတ်ခမ်းစွန်းကလေးမှာ သေးသေးနက်နက်ကလေး ပါသည့် မှဲ့ကလေးက ပိုလှသည်။ အင်း ... အထူးပင်လှသည်။

☺ ☺ ☺



အပိုင်း(၂)

## အခန်း(၁၁)

♥ ♥ ♥

ဒီနေ့ဟာ ရွှေယွန်းငုံ အသက် ဆယ့်ခြောက်နှစ်ပြည့်သည့်နေ့ ဖြစ်ပါသည်။

မနက်အစောကြီး ထပြီး အဖေနှင့် အမေကို ကန်တော့ပြီးပြီ။ ဘုရားရှိခိုး ပြီးပြီ။

အိမ်ရှေ့၌ ကားလေးတစ်စီး ထိုးရပ်လိုက်သည်။ ဘုရားသွားဖို့ အဖေ တက္ကဆီ ငှားလာခဲ့ခြင်း ဖြစ်သည်။

"သမီးရေ အကျီလဲပြီးပလား"

"ဟုတ်ကဲ့ ... ပြီးပါပြီ အမေ၊ သမီး လာပါပြီ"

အမေ လှမ်းခေါ်လိုက်စဉ်မှာပဲ ရွှေယွန်းငုံက ပဝါလေး လည်ပင်းမှာစည်းကာ ထွက်လာခဲ့လိုက်ပါသည်။

ဆယ့်ခြောက်နှစ်ပြည့်လျှင် အပျိုကြီးဖားဖား ဖြစ်ပြီ

လို့ အများကပြောကြလေသည်။ ထို့အတွက်ကြောင့်လည်း ရွှေယွန်းငုံက မြန်မာဆန်ဆန် အပျိုဖြန်းဆန်စွာဖြင့် ကချင်လုံချည်ကလေးနှင့် အဝါရောင် ရင်ဖုံးအင်္ကျီလေးကို ဝတ်ဆင်ထားခဲ့သည်။ လုံချည်ကလည်း အနက်ရောင်အောက်ခံမှာ မနောတိုင်ကလေးများက အဝါတောက်တောက် ဖောက်ထားခဲ့သောကြောင့် ဝင်းဝင်းဝါဝါ ရှိလှသည်။

အမေကိုယ်တိုင် ထိုးထားပေးသော တက်တင်း ဇာပဝါအနက်ကလေးအား ပခုံးမှာ လွှမ်းခြုံထားလိုက်တော့ ယဉ်သကို ယဉ်သကို ဆိုသလို လှပနူးညံ့နေလေသည်။

"ကဲ ... ကားပေါ်တက် သမီး"

အဖေက ကားတံခါး အဆင်သင့်ဖွင့်ပြီး စောင့်ကြိုနေလေသည်။

"မမ ..."

ကားထဲသို့ ခြေတစ်ဖက် လှမ်းမည်အပြုမှာပဲ နေထူး၏ ခေါ်သံလေးကို ကြားလိုက်ရပါသည်။ ခြေမလှမ်းဖြစ်တော့ဘဲ နေထူးကို လှည့်ကြည့်လိုက်သည်။

"ဘယ်သွားကြမလို့လဲ မမ ..."

ကျောင်းသွားဖို့ရန် အဖြူ အစိမ်း ယူနီဖောင်းကလေး ဝတ်ဆင်ထားသော နေထူးလေးက ရွှေယွန်းငုံအနားထိ ရောက်လာပြီး မေးပါတော့သည်။





"ဘုရား သွားမလို့ နေထူး"

"ဟုတ်လား ... ဘာနေ့မို့လို့လဲဟင်"

"ဒီနေ့ သား မမငုံ မွေးနေ့လေ ..."

ကိုယ့်ကိုယ်ကိုယ် ဆယ့်ခြောက်နှစ်ပြည့်ပြီလို့ ပြောရမှာ ဝန်လေးနေသော ရွှေယွန်းငုံအစား အမေက ဝင်ပြောလိုက်သည်။

"မမ ဆယ့်ခြောက်နှစ်ပြည့် မွေးနေ့ပေါ့ ... ဟုတ်လား မမ"

ရော် ... ခက်လှချည်ရဲ့။ ဒီအရွယ်ကို ထည့်မပြောချင်ပါဘူးဆိုမှ။

"မမက နေထူးကိုတောင် မပြောပြဘူး"

"ဘုရားကပြန်လာရင် ပြောမလို့ပါပဲ၊ ညနေ အိမ်မှာ မွေးနေ့ပွဲလေး လုပ်မယ်လေ၊ နေထူး လာရမှာပေါ့ ..."

"ဘယ်သူတွေ လာမှာလဲ"

"ဆယ်တန်းအတူတက်ခဲ့တဲ့ သူငယ်ချင်းတွေပေါ့၊ ကဲ ... နေထူး ကျောင်းနောက်ကျနေမယ်၊ သွားတော့နော် ..."

စကားစ အနားသတ်ရင်း ရွှေယွန်းငုံက ကားထဲ ဝင်လိုက်သည်။ အဖေက မောင်းနှိုင်းလိုက်ပြီမို့ ကားက စတင်ရွေ့လျား ထွက်ခွာပြီ ...။

ရှစ်တန်း တက်နေပြီဖြစ်တဲ့ နေထူးလေးကတော့ ရွှေယွန်းငုံ ပါသွားတဲ့ ကားလေးဆီ လှည့်ကြည့်၊ လှည့်ကြည့်ဖြစ်

ရင်း ကျောင်းဘက်ဆီ လမ်းလျှောက်သွားနေတာကို ရွှေယွန်းငုံက မသိ ...။

မိဘနှစ်ပါးနှင့်အတူ ဘုရားရောက်၊ ဘုရား၊ တရားတွေလုပ်ပြီး နှလုံးသားမှာ ပျော်မွေ့နေခဲ့သည်။ စာမေးပွဲ ဖြေတုန်းက အရမ်းကြီးကို ဖြေနိုင်ခဲ့တာမှန်သော်လည်း 'ဂုဏ်ထူးတွေနဲ့ အောင်ရပါစေ' လို့တော့ ဘုရားမှာ အထပ်ထပ် ဆုတောင်းမိရပါသည်။

အပြန်လမ်းမှာ အဖေက မေးသည်။

"သမီး ... ဂုဏ်ထူးများများရအောင် ဆုတောင်းခဲ့သေးလား"

"တောင်းတာပေါ့ အမေရယ်၊ ဆုတောင်းတာပေါ့"

"ဂုဏ်ထူးအများကြီး ရရင် ..."

"အရမ်းပျော်မှာပေါ့၊ အဖေရော မပျော်ဘူးလား၊ အမေရော မပျော်ဘူးလား"

"ဟား ... ဟား ... ပျော်ပါတယ်ဗျာ၊ အရမ်းပျော်ပါတယ်"

"မေလည်း ပျော်တာပေါ့ ငုံလေးရယ်"

တက္ကဆီကားလေးထဲမှာ ရွှေယွန်းငုံတို့ မိသားစု၏ ရယ်မောသည့် အသံကလေးများ ရှင်လန်းသွားတော့သည်။

အိမ်ပြန်ရောက်ချိန်မှာတော့ ညနေ မွေးနေ့ပွဲလေးအတွက် အိမ်ကို အလှအပ အနည်းငယ် ဆင်သည်။

အစားအသောက်တွေ အကျအန ပြင်ဆင်ရသည်။

ပွဲချိန် မစခင်၊ ရွှေယွန်းငုံ ရေမချိုးရသေးခင်မှာပဲ အထူးချော့သည် ထူးထက်နေလလေးက ရောက်ရှိလာခဲ့လေပြီ။





"ဟယ် ... ချော့သည်၊ အစောကြီးပဲ၊ ဒီမှာ မွေးနေ့ရှင်တောင် ရေမချိုးရသေးဘူး"

"Happy Birthday my love"

"Thank..."

ပေါ့ပေါ့ပါးပါး အပြောလေးပြောသည့် နေထူးအား လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"ဘာလုပ်ပေးရမလဲ မမ ...၊ ရေသွားချိုး အလှပြင်တော့လေ"

"အင်း ...၊ ကျောက်ကျောလေးတွေ လှီးပေးမလား၊ အဖေကိတ်မုန့်သွားယူနေတယ်၊ နေထူးက အမေ့ကို ကူပေးနော်၊ မမ ရေသွားချိုးလိုက်တော့မယ်"

နေထူးလေးက ပြုံးပြုံးလေး ခေါင်းညိတ်ရင်း ကျန်ခဲ့လေသည်။ ရွှေယွန်းငုံသည် ရေချိုးပြီးသည်နှင့် မွေးနေ့အတွက် အစောကြီးကတည်းက ပြင်ဆင်ထားသော ဂါဝန်လေးကို တယုတယ ဝတ်ဆင်လိုက်ပါသည်။

ရွှေယွန်းငုံ၏ မွေးနေ့ဝတ်စုံလေးမှာ အနီရောင်ဖြစ်သည်။ ထိုဂါဝန်လေး၏ ဒီဇိုင်းကိုကား ရွှေယွန်းငုံကိုယ်တိုင် ဆွဲထားခဲ့ခြင်း ဖြစ်သည်။

ညာဘက်ပခုံးပေါ်မှာ ဘေးတစောင်း အနေအထား အတိုင်း စင်းကျလာသော ဂါဝန်အကားလေးမှာ ဒူးဖုံးရုံကလေး

အထိသာ ရှည်သည်။ ဘယ်ဘက် ပခုံးလေးနှင့် လက်မောင်းသွယ်သွယ်လေးမှာ ဒီအတိုင်း ပေါ်လွင်နေသည်။ ညာဘက်ပခုံးပေါ်မှာတော့ ဆင်စွယ်ရောင် လိပ်ပြာငယ်ကလေး နားနေသည့် ဒီဇိုင်းဖြစ်အောင် ကပ်တင်ထားခဲ့သည်။ ဖန်စီပုလဲဆွဲကြိုး အရှည်ကြီးကို နှစ်ထပ်ပတ်ဆွဲကာ လည်ပင်းနှင့် အကပ်အတိုတစ်ထပ်၊ ရင်ဘတ်ဆီသို့ ကျနေသော အရှည်တစ်ထပ် ဆွဲထားခဲ့သည်။

အထပ်အထပ်လေးများဖြင့် ဂါဝန်ကားကားလေးမှာ ခါးအနောက်၌လည်း လိပ်ပြာပုံခါးစည်းလေး တပ်ထားသေးသည်။ ကလေးဆန်၍ ချစ်စရာကောင်းသော အင်္ကျီပုံ အဆန်းလေးကို ကိုယ်တိုင် ဒီဇိုင်းဆွဲ၊ အင်္ကျီချုပ်ပေးသည့် အစ်မနှင့် တိုင်ပင်ပြီး ပုံဖော်ထားခဲ့ပါသည်။

ကိုယ့်ဒီဇိုင်းနှင့်ကိုယ် ရင်ခုန်စိတ်လှုပ်ရှားနေသော ရွှေယွန်းငုံသည် ပြင်ဆင်ပြီးသွားသောအခါ အခန်းထဲက ထွက်လာခဲ့လိုက်ပါသည်။

အခန်းထဲမှအထွက်မှာ ခေါင်းပေါ်မှ တစ်စုံတစ်ခုသော အမွှေးအနံ့လေးများ ရရှိလိုက်ပြီး ထိုရနံ့လေးများကို ဖန်တီးသော နေထူးလေးကိုလည်း တွေ့လိုက်ရပါသည်။

"ဘာလေးတုန်း နေထူး ..."

ရေမွှေး၊ မမအတွက် မွေးနေ့လက်ဆောင်"

ပန်းသီးလုံးကလေးပုံ ရေမွှေးပုလင်းလေးအား ရွှေယွန်းငုံ လက်ထဲ ထည့်ပေးလာခဲ့လေသည်။





"အဲဒါတွေ မလိုပါဘူးဆိုကွာ"

"အခုရနေတဲ့ အနံ့လေးကို မကြိုက်ဘူးလား"

"ကြိုက်ပါတယ်"

"ဒါဆို ဘာမှ ပြောမနေနဲ့တော့၊ စေတနာကို တန်ဖိုးထား"

"အမယ် ... စကားကလည်း တတ်လိုက်တာ ..."

"ရွှေယွန်းငုံရဲ့ ထူးထက်နေလပဲ ..."

ရွှေယွန်းငုံ လက်က နေထူး၏ နားရွက်ကလေးဆီ ရောက်သွားပြန်သည်။

"ရွှေယွန်းငုံရေ ..."

"ဟော ... လာကြပြီ"

အိမ်ရှေ့ဆီမှ အော်ခေါ်သံကြောင့် သူငယ်ချင်းတွေ ရောက်လာကြပြီမှန်း သိလိုက်ပါပြီ ...။ ရွှေယွန်းငုံ အိမ်ရှေ့ ပြေးထွက်ကြိုခဲ့သည်။ ဆယ်တန်းကျူရှင်မှာ အတူတက်ခဲ့သော သူငယ်ချင်းများမို့ သိပ်တော့ များများစားစား မဟုတ်ပါ။ ရွှေယွန်းငုံ အပါအဝင်မှ ဆယ့်ငါးယောက်လောက်ပဲ ရှိသည်။ ထိုအထဲမှာ ယောကျ်ားလေးက ခြောက်ယောက်လောက်တော့ ပါသည်။

"ဟာ ... ရွှေယွန်းငုံက အရမ်းလှနေတာပဲဟော့၊ ကျောင်းတက်တုန်းက ခပ်ရိုးရိုးလေးလိုလိုနဲ့ အခုတော့ အလန်းဖယားပဲ"

သီဟနှင့် မျိုးအေးတို့က တွေ့တာနှင့် စပွားတော့တာပင်။

"ပခုံးပေါ်မှာလည်း လိပ်ပြာတစ်ကောင် ရှိသေးတာနော်"

"အဲဒီလိပ်ပြာက အထီးလား၊ အမလား"

"အထီးဆိုရင်တော့ ငါထင်တယ်"

"ဘာထင်တာလဲ"

"ငါလို့လေ ..."

"အံမာ ... သေလိုက်ပါလား"

"တော်တော့ဟဲ့၊ မုန့်စားကြမယ်လေ၊ ငုံရေ ... ငါတို့က ညစာ အလွတ်စားမှာနော်"

"အေးပါဟာ၊ အားလုံး အဝစားကြပါ"

အဆင်သင့် ထည့်ထားသော မုန့်များအား သူငယ်ချင်းတွေ စားသောက်ကြတော့သည်။ အဖေနှင့် အမေက အိမ်ရှေ့အိမ်မှာ သွားရောင်းပေးနေကြတာမို့ အားလုံး လွတ်လွတ်လပ်လပ် ပျော်ပါးနေကြသည်။

"ငုံ ... နင့်ကောင်လေးက လူပျိုပေါက်ကလေးတောင် ဖြစ်လာပြီနော်"

"ဟမ် ... ဘယ်သူ"

ရွှေယွန်းငုံသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီးမှ မိဆွေးကို ကြည့်လိုက်ပါသည်။ မိဆွေးက နေထူးလေးဆီ မေးငေါ့ပြသည်။

"ဘာ ကောင်လေးလဲ၊ နင်ကလည်း ..."





"နင် မကြိုက်ရင် ငါကြိုက်လိုက်မှာနော၊ ချောလိုက်တာ"

"အေး ... ကြိုက်၊ နင်ပဲ ကြိုက် ..."

ရွှေယွန်းငုံသည် မိဆွေးကို မျက်စောင်းထိုးရင်း တစ်ဖက်ဝိုင်း ကူးလာခဲ့သည်။

အဲဒီမှာ ဆနောင်နှင့် တွေ့တော့တာ ဖြစ်သည်။

ကျူရှင်မှာ ဆနောင်က စာတော်သည်။ ဆရာကြီးလုပ်တတ်ပြီး သီးသန့် နေတတ်သူဖြစ်သည်။

"ရွှေယွန်းငုံ ငါ့ အောင်စာရင်း ထွက်ပြီးတာနဲ့ D.S.A တက်တော့မယ်၊ နင့်ကို ငါ သတိရနေမယ်၊ စာထည့်လိုက်မယ်နော်"

"ဩော် ... အေး၊ ကောင်းတာပေါ့"

ဆနောင်က ဆွေးရိပ်သမ်းသည့် မျက်ဝန်းများဖြင့်ငေးကာ သက်ပြင်းချသည်။ ထိုအဖြစ်ကို ရွှေယွန်းငုံက တစ်မျိုးကြီး ခံစားလိုက်ရသဖြင့် မျက်လုံးတွေကို တခြား ပို့လွှတ်ထားလိုက်သည်။

ဖြစ်ချင်တော့လည်း ရွှေယွန်းငုံရဲ့ တခြားက နေထူးလေးဆီကို ရောက်သွားသည်။ နေထူးက ဧည့်ခန်း၏ ထောင့်စွန်းမှာ ထိုင်ကာ ရွှေယွန်းငုံဆီ စောင်းပေပေကြီး ကြည့်နေလေသည်။

ရွှေယွန်းငုံက ဆနောင် ဘေးမှ ထွက်လာပြီး နေထူးအရှေ့ကို ရောက်သွားခဲ့ရပါသည်။

"ဘာဖြစ်နေတာလဲ နေထူး ..."

"ကျွန်တော် မေးရမှာပါ မမ၊ မမ ဘာဖြစ်နေတာလဲ"

အံကြိတ်သံဖြင့် မေးလိုက်သော နေထူးကြောင့် ရွှေယွန်းငုံ နားမလည် ဖြစ်သွားရလေသည်။

"မမ ဘာဖြစ်နေလို့လဲ ..."

"ဘယ်လိုဖြစ်ပြီး ယောကျ်ားလေး သူငယ်ချင်း ရှိနေရတာလဲ မမမှာ"

"ဩော် ... အဲ့ဒါ မမတို့ ဆယ်တန်း ကျူရှင်ကလေ"

"မမမှာ ယောကျ်ားလေး သူငယ်ချင်း မရှိရပါဘူးဗျာ"

"ရော် ... ခက်ပါလား၊ မမတို့ ဝိုင်းကျူရှင်မှာ အားလုံးပေါင်းမှ ဒီလူတွေပဲ ရှိတာ၊ ခင်သွားတာပေါ့"

"ယောကျ်ားလေး သူငယ်ချင်း ဖိတ်ထားပြီး ဒီလောက် လှလှပပ ပြင်ဆင်ထားစရာ လိုလားဗျ၊ ဟိုလူတွေ ဟိုပြော ဒီပြော ကျွန်တော် ကြားတယ်"

"ဟယ် ... ကြည့်စမ်း"

ရွှေယွန်းငုံသည် စူပုပ်ပုပ်ဖြင့်ရန်တွေ့နေသော နေထူး၏ မျက်နှာလုံးလုံးလေးကို ကြည့်ပြီး နားလည်လာခဲ့ပါသည်။

ထို့နောက် ရယ်လည်း ရယ်ချင်လာခဲ့ပါသည်။

"ဟင်း ... ဟင်း"

"ဘာရယ်တာလဲ"





"ဟင်း ... ဟင်း ... မမ နားလည်ပြီ၊ နေထူး မင်းအစ်မကို သဝန်တိုတာ မဟုတ်လား၊ မမ ရည်းစားထားနေတာမှ မဟုတ်တာ ဘဲဥလေးရဲ့၊ ဟင်း ... ဟင်း ... လိမ္မာတယ်၊ မကောက်နဲ့နော် ဘဲဥလေး"

နေထူး ခေါင်းကလေးကို ဖွဖွအုပ်ကိုင် အနားတိုးပြီး ချော့လိုက်တာမို့ ဘဲဥပုံ မျက်နှာလုံးလုံးလေး ပြုံးစစ ဖြစ်သွားခဲ့လေသည်။

သေချာကြည့်လေ နေထူးက ဘဲဥပုံ အလုံးကလေးနှင့် ပိုတူလေဖြစ်သည်။

☺ ☺ ☺

## အခန်း(၁၂)

♥ ♥ ♥

အိမ်ရှေ့အိမ်က မမနှင့် တစ်မိသားစုလုံး ကျေနပ်ပျော်ရွှင် အောင်ပွဲခံနေကြသည်။

ဒီဘက်အိမ်က ဘွား၊ ဖေဖေနှင့် မေမေတို့လည်း ပီတိတွေ ဝေဖြာ၊ မုဒိတာ ပွားနေကြလေသည်။

ထူးထက်နေလ ရင်မှာတော့ အပူမီးတောက်က လူမသိ၊ သူမသိ တဖျင်းဖျင်း တောက်လောင်နေသည်။

မမရွှေယွန်းငုံ ဘာသာစုံ ဂုဏ်ထူးဖြင့် ဆယ်တန်းအောင်သည်။ ဒါကို နေထူး ဂုဏ်ယူပါသည်။ မမ ပါးသွယ်သွယ်လေးနှစ်ဖက် ခွက်ဝင်အောင် ပြုံးနေတာမြင်တော့လည်း ထပ်တူ ကျေနပ်ရပါသည်။

သို့ပေမယ့်လည်း တစ်ခုတော့ ပူလေသည်။





မမတက္ကသိုလ် သွားတက်မှာကို ပူပင်ခြင်း ဖြစ်သည်။ မမ ဆေးကျောင်းစတက်ချိန်မှာ နေထူး ပညာရေးကလည်း အရေးကြီးလာပြီဖြစ်သဖြင့် တကောက်ကောက်လိုက်၍ မဖြစ်တော့။

နေထူးမျက်ကွယ်မှာ မမ ရည်းစားရသွားလျှင် ဒုက္ခ။ နေထူး မပျော်နိုင်ပါပြီ ...။

"ဟဲ့ ... သား ငိုင်လိုက်တာကွယ်၊ ရွှေယွန်းငုံလေးအတွက် အရမ်းပျော်နေကြတာ၊ သားက မပျော်ဘူးလား",

"ပျော်ပါတယ်"

"ဟင် ... နေထူး ပျော်ပုံကြီးကလည်း"

အုတ်ခုံကလေးပေါ်မှာ ကားရားကြီးထိုင်ပြီး ခေါင်းငိုက်စိုက်နေလိုက်သော နေထူးကို မေမေ စိတ်ညစ်သွားသည်။

"နေထူး သွားပြော၊ ဒီည ဘွားတို့အိမ်မှာ ရွှေယွန်းငုံအတွက် ပါတီလုပ်မယ်၊ ဟော့ပေါ့ လုပ်စားကြမယ်လို့ သွားပြောစမ်း ..."

"ဟုတ်ကဲ့ ... ဘွား"

ဘွား လွှတ်လိုက်တာမို့ နေထူး အိမ်ရှေ့အိမ်ဆီ ကူးလာခဲ့ပါသည်။

"မမရေ ..."

"နေထူး ... မောင်လေး လုပ်ပါဦး"

မမက အိမ်ပေါက်ဝဆီ ပြေးထွက်လာပြီး နေထူး အမြန်လာဖို့ ခေါ်သည်။

"ဘာဖြစ်လို့လဲ မမ ..."

"အမေ မူးလဲသွားလို့ နေထူး၊ ကားငှားပေးပါလား၊ ဆေးခန်းပို့မှ ဖြစ်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

နေထူးသည် လမ်းထိပ်ဆီ အမြန်ပြေးပြီး ကားငှားလာခဲ့ပါသည်။

မမတို့အိမ်ရှေ့ရောက်တော့ အန်တီကြည်ကို ဦးလေးအောင်က ပွေ့ချီပြီး ထွက်လာခဲ့သည်။

ဘွားနှင့် မေမေကလည်း သိနှင့်ပြီး မမကို ...

"သမီး ... အိမ်ကို စိတ်ချထားခဲ့၊ အန်တီမြတ်နိုးတို့ ဘွားတို့ ရှိတယ်၊ သား ... မင်းက မမ အဖော်ရအောင် လိုက်သွားပေးလိုက်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မေမေ ခိုင်းသည့်အတိုင်း နေထူးမှာ မမနှင့်အတူ ပါလာခဲ့သည်။

ဆေးခန်းရောက်တော့ ဆရာဝန်လေးက သေသေချာချာ စမ်းသပ်ပေးပြီး အန်တီကြည်ကို သတိရအောင် လုပ်ပေးသည်။

အန်တီကြည် သတိရလာခဲ့ပါသည်။





"ဝမ်းသာစရာ ကိစ္စကြောင့် Heart attack ဖြစ်သွားတာ၊ ရှေ့လျှောက် ပိုဂရုစိုက်ဖို့လိုမယ်၊ သွေးတိုးလည်းရှိတော့ အစားအသောက်အတွက် သေသေချာချာ ဂရုစိုက်လိုက်ပါ၊ စိတ်ချမ်းသာအောင် ထား၊ စိတ်မညစ်စေနဲ့ ..."

ဆေးခန်းမှ အန်တီကြည်ကို ပြန်ခေါ်လာခဲ့ရပါသည်။ ဆေးရုံတက်ရလောက်အောင် မဖြစ်ပေမယ့် အန်တီကြည်မှာ အိပ်ရာထဲမှ မထွက်လာနိုင်သေးပေ။

မမကပဲ နေ့ရောညရော ပြုစုပေးနေခဲ့သည်။ ဦးလေးအောင်ကလည်း စီးပွားရေးတစ်ဖက်နှင့် အလုပ်ရှုပ်နေခဲ့ရလေသည်။

မမတို့ အိမ်ကလေးမှာ တိတ်ဆိတ်နေခဲ့လေသည်။

တစ်ခုသော ညနေခင်း ခုနစ်နာရီလောက်မှာ နေထူးသည် ဇကာကုံးလေးတစ်ခု ယူကာ မမတို့ခြံထဲသို့ ဆင်းခဲ့သည်။

ခြံအနောက်က အိုးစံပယ်လေးတွေ ခူးပြီး အိမ်ရှေ့ပေါက်ဝမှ ဝင်လာခဲ့လိုက်ပါသည်။ ဧည့်ခန်းမှာ မမနှင့် ဦးအောင်တို့ စကားပြောနေကြလေသည်။ အရေးတကြီး ဆွေးနွေးနေပုံရတာမို့ နေထူး ပြန်လှည့်ဖို့ ပြင်လိုက်သည်။

"သား နေထူး ... လာလေ"

ဦးအောင်က နေထူးကို လှမ်းခေါ်တာမို့ နေထူးသည်း မမတို့အနား လျှောက်သွားလိုက်ပါသည်။

"အန်တီကြည် အိပ်နေတာလား"

"အင်း ... အိပ်ပျော်နေတယ်"

နေထူး မေးခွန်းကို မမက ဖြေပြီး ခေါင်းပြန်ငုံ့သွား ခဲ့ပါသည်။ ဒီသားအဖကြား တစ်စုံတစ်ခုတော့ ရှိနေပြီ ...။

"သမီးငုံ့ အရင်ပြော၊ ဖေ နားထောင်မယ်"

မမကို ဦးအောင်က လမ်းဖွင့်ပေးသည်။ မမ သက်ပြင်းချရင်း ...

"သမီးကို အဖေ စိတ်မဆိုးရဘူးနော်"

မမက သူ့အဖေကို အရင်ချည်နှောင်သည်။ ဦးအောင် က မျက်လွှာချကာ လက်ခံသည့်သဘော ပြုသည်။

"သမီး တက္ကသိုလ် မတက်ချင်ဘူး အဖေ"

ထူးထက်နေလ မယုံသင်္ကာစွာ မမကိုကြည့်သည် အံ့သြမှုလည်း ပါသည်။

"ဘာအတွက်လဲ သမီး၊ သမီး အမေ ကျန်းမာရေးအ အနေကြောင့် စရိတ်စက ငွေကွက်ပြီး မတက်ချင်တော့တာ လား"

"မဟုတ်ပါဘူး အဖေ၊ သမီးသာ တက်ချင်ရင် အဖေ ဖြ အောင် ထားနိုင်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ဆရာဝန်အလုပ်ကို သမီး ဝါသနာမပါဘူး အဖေ"

"ဝါသနာ ...၊ အင်း ... ဒါဖြင့် ဖေ့သမီးက ဘာဝါသနာ ပါတာလဲ"





"အဝေးသင်တက္ကသိုလ်တစ်ခု တက်ရင်း စက်ချုပ်သင်တန်း တက်ချင်တယ် ဖေ၊ ဒီဇိုင်းဆွဲတတ်ချင်တယ်၊ ကွန်ပျူတာ သင်တန်း တက်ချင်တယ်"

"ဪ ... ဖေ သိပြီ၊ ဒီဇိုင်နာ လုပ်ချင်တယ် ဆိုပါတော့"

"ဟုတ်ပါတယ် အဖေ"

ဦးအောင် အတန်ကြာအောင် အဝေးကိုငေးနေသည်။ ကြမ်းခင်းဆီသို့သာ အကြည့်ပို့ထားသော မမ၏နှုတ်ခမ်းလေးများ မှာ နိုင်မာသော ဆုံးဖြတ်ချက် ချပြီးပုံနှင့် တင်းတင်းစေ့ထားသည်။

"အဖေ့ကို သမီး နားလည်တယ်ဆို ပြီးပါတယ်၊ သမီးဖြစ် ချင်သမျှ အဖေ လုပ်ပေးနိုင်ပါတယ်၊ သမီးက ဒီဇိုင်နာဖြစ် ရမှ ဘဝကို ကျေနပ်နိုင်မယ်ဆိုတာ သေချာရင် ခုစပြီး အကောင်အထည်ဖော်ပါ၊ အဖေ ခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ် အဖေရယ်"

မမ အသံက လှိုက်လှဲတုန်ခါကာ ထွက်ပေါ်လာ သည်။ ဦးလေးအောင်က ပြုံးပြီး မတ်တတ်ရပ်သည်။

"ကဲ သမီးအမေက ထမင်းစားပြီးပြီဆိုတော့ အဖေတို့ချည်း စားကြတာပေါ့၊ သား နေထူးလည်း စားသွားနော်၊ သမီး ထမင်းပြင်နှင့်၊ အဖေ ရေချိုးဦးမယ်"

ဆိုပြီး ထသွားခဲ့သည်။ မမက နေထူးလက်တွေဆီ အမှတ်တမဲ့ ဆုပ်ကိုင်လိုက်ရင်း ...

"ဝမ်းသာလိုက်တာ၊ ခွင့်မပြုဘဲ ဆေးတက္ကသိုလ် အတင်း တက်နိုင်းမယ် ထင်နေတာ၊ ပျော်လိုက်တာ ဟိ"

မမထက်တောင် နေထူးကုု ပျော်ပါသေးတယ်ဗျာ။ မမတက်တဲ့ သင်တန်းတွေလောက်က နေထူး လိုက်လို့ရတယ် လေ။

☺ ☺ ☺



## အခန်း(၁၃)

♥ ♥ ♥

ရွှေယွန်းငုံသည် အင်္ဂလိပ်စာမေဂျာဖြင့် အဝေးသင် တက္ကသိုလ်ပဲ လျှောက်သည်။

ဝါသနာပါလှသော ဒီဇိုင်နာသင်တန်းကို အဓိက ထား သင်ယူခဲ့သည်။ နေထူးလေး၏ ပညာရေးအတွက် အန်တီ မြတ်နိုးက ရွှေယွန်းငုံထံသို့ တာဝန်ပေးအပ်လိုက်သည်ကြောင့် ရွှေယွန်းငုံသည် ထူးထက်နေလ၏ ဆရာမတစ်ယောက် ဖြစ်လာခဲ့ လေသည်။

နဂို ခင်ခဲ့ကြသူတွေမို့ နေထူးနှင့် ရွှေယွန်းငုံတို့၏ ဆက်ဆံရေးမှာ ဆရာ တပည့်ဟူ၍တော့ သတ်မှတ်လို့ မရနိုင်ခဲ့ ပါ။

မောင်လေးတစ်ယောက်ကို စာကျက်ချင်လာအောင်

ချော့မော့ပြောဆိုနေရသော အစ်မတစ်ယောက်နှင့်သာ တူလေတော့သည်။

ရွှေယွန်းငုံသည် မနက်စောစောထ၊ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အင်္ကျီလဲဝတ်လိုက်ပါသည်။

မနက်စာကိုတော့ အမေ ဆေးသောက်ဖို့ အရေးကြီးသဖြင့် တစ်ခုခု စီစဉ်ရလေသည်။ အမေ ကျန်းမာရေး မကောင်းတော့ကတည်းက အဖေ အလုပ်ပိုကြိုးစားလုပ်ခဲ့သည်။

အမေ့အတွက် ဆေးဖိုး လောက်ငအောင် ရှာဖွေပေးခဲ့သည်။ ရွှေယွန်းငုံ အပန်းမကြီးရအောင် မနက်စာကို အပြင်မှာပဲ ထွက်စားပေးခဲ့သည်။

"အမေ ခဏနေရင် သမီး ရေချိုးပေးမယ်နော်၊ အခုတော့ နေထူးကို စာသင်လိုက်ဦးမယ်"

"အေး ... ရပါတယ် သမီးရယ်၊ ဟိုဘက်အိမ်က အဘွား လာရင် ခြံထဲမှာ လမ်းဆင်းလျှောက်နေမယ်လေ"

"ဟုတ်ကဲ့ အမေ၊ ငါးဆန်ပြုတ် ကုန်အောင်သောက်နော် ပြီးရင် ဆေးသောက်ရဦးမယ်"

အမေက ခေါင်းလေးညိတ်ပြရင်း ဆန်ပြုတ်ကုန်အောင် သောက်ဖို့ ကြိုးစားရှာပါသည်။

အမေလည်း ဒီအစားအစာတွေကို မုန်းနေရှာလေမည်။ အမေကြိုက်တဲ့ ငါးဖယ်သုပ်လေးတွေ၊ ဝက်ပုန်းရည်ကြီးဟင်းလေးတွေ စားချင်ရှာမှာပင်။ သို့ပေမယ့်လည်း ရောဂါအခြေအနေအရ အစားအသောက်တွေကို ရွေးချယ်စားနေရသည်။ အမေ့ကို ရွှေယွန်းငုံ အရမ်းသနားတာပါပဲကွယ်။





ရွှေယွန်းငုံသည် မျက်ဝန်းထဲမှ ဝဲတက်လာနေသော မျက်ရည်လေးများကို ထိန်းချုပ်ဖို့ရာ အကြည့်တွေကို အခြားဆီ ရွှေ့လိုက်ပါသည်။ အကြည့်များက တိုင်ကပ်နာရီဆီ ရောက်ရှိသွားခဲ့သည်။

နာရီဆီမှ ခုနစ်နာရီခွဲနေပြီဆိုသော ညွှန်ပြမှုကြောင့် မျက်ရည်များလည်း ပျောက်သွားသည်။ စိတ်ကလည်း တိုသွားခဲ့ပါသည်။

"ခုနစ်နာရီတောင် ခွဲနေပြီ၊ ဒင်း မလာသေးဘူး၊ ကုလားသေ ကုလားမော အိပ်ပျော်နေပြန်ပြီ ထင်တယ်"

"သမီးရယ် ... ကလေးကိုကွယ်"

"သူက သိပ်ပျင်းတာ အမေရဲ့၊ သမီး သွားနှိုးလိုက်ဦးမယ်နော်"

ရွှေယွန်းငုံသည် သွက်လက်သော ခြေလှမ်းများဖြင့် ဘစ်ဖက်အိမ်ဆီ ရောက်ရှိသွားခဲ့ပါသည်။

"ဘွား ... နေထူးရော"

"အိပ်နေတုန်းထင်တယ် သမီးရယ်၊ ခုနက သူ့အမေလည်း နှိုးမရတာနဲ့ စိတ်တိုပြီး ဈေးထွက်သွားတယ်"

"ဟုတ်လား၊ သမီးနဲ့ တွေ့မယ်"

ဘွားကလည်း အေးအေးလူလူလေးပင် ခြံထဲဆင်း လမ်းလျှောက်နေသည်။ ခြံတံခါးဖွင့်ပြီး အမေ့ဆီတောင် သွားတော့မည်ထင်သည်။

ဒီအတိုင်း ဟင်းလင်းဖွင့်ထားသော အိပ်ခန်းလေးထဲမှာ ဝမ်းလျားမှောက်အိပ်ပျော်နေသော ထူးထက်နေလကို တွေ့လိုက်ရပါပြီ။

"ထူးထက်နေလ ဘယ်အချိန်ရှိပြီလဲ၊ အိပ်ရာ ထတော့လေ"

အနား မလှမ်းမကမ်းမှ အော်လိုက်သံကိုပင် ရှုပ်သယောင် လက်ခါပြီး ပြန်အိပ်သွားပြန်သည်။

အနားသို့ ထပ်ကပ်သွားပြီးမှ ဘဲဥပုံ ခေါင်းလုံးလုံးလေးကို ခေါက်ပစ်လိုက်ပါတော့သည်။

ထိုအခါ မျက်စိပွင့်လာပြီး ...

"မမ ... နာလိုက်တာဗျာ"

"စာသင်မယ်လေ နေထူး၊ မမမှာ မင်းအလုပ်တစ်ခုတည်း မဟုတ်ဘူး၊ ပြီးရင် အမေ့ကို ရေချိုးပေးရမယ်၊ အမေစားဖို့ ချက်ရဦးမယ်၊ ပြီးရင် သင်တန်းသွားရဦးမယ်၊ မင်းတစ်ယောက် နောက်ကျတာနဲ့ အားလုံး နောက်ကျကုန်မယ်၊ ထကွယ် ..."

နေထူးသည် ငေါက်ခနဲထထိုင်လိုက်ပြီး နားကလော်ပုံလုပ်ကာ ...





"နားညည်းတယ်၊ မေမေက တစ်မျိုး၊ ဒီမိန်း ..."

"ဘာလဲ ... ဘာပြောချင်လို့လဲ"

နေထူးသည် ပါးစပ်ကို လက်ဖြင့်အုပ်ပြီး မျက်လုံးပြူးနေခဲ့သည်။

သူ့ပုံစံအား သဘောမကျသည့် ရွှေယွန်းငုံသည် ခါးထောက်ကြည့်လိုက်တော့မှ အိပ်ရာထဲမှ ပြေးထွက်သွားခဲ့လေသည်။

"အမြန်လုပ် ... ဒီအိမ်မှာပဲ စာသင်တော့မယ်၊ နို့မို့ရင် မင်းဟိုဘက်ရောက်ဖို့ကို ငါ မစောင့်နိုင်တော့ဘူး"

ခဏအကြာမှာ စာသင်စားပွဲဆီမှာ အဆင်သင့်စောင့်နေသော ရွှေယွန်းငုံရှေ့သို့ မျက်နှာသေလေးဖြင့် လာထိုင်ပါသည်။

အခုမှ လတ်လတ်ဆတ်ဆတ် မျက်နှာသစ်လာခဲ့သော နေထူး မျက်နှာလေးက စင်ကြယ်နေပါသည်။ နှာတံစင်းစင်းလေး၏အဆုံး နှုတ်ခမ်းဖျားအထက်မှာလည်း နှုတ်ခမ်းမွေးစစလေးတွေက စိမ်းလို့နေသည်။

ဆေးလိပ်တွေ၊ ကွမ်းတွေ တစ်ခါမှ မစားဖူးသောကြောင့် နှုတ်ခမ်းလေးကလည်း နီရဲလတ်စိုနေခဲ့သည်။

ဆံပင်အထောင်လေးတွေက ယခုတော့လည်း ပျော့စင်းကျနေပြန်သည်။

သြော် ... ဆွေးတို့ ကြိုက်မယ်ဆိုလည်း ကြိုက်စရာ၊ သူလေးက ဖြူစင်သန့်ရှင်းပြီး ချောတာကိုး ...။

"မမ ..."

ရွှေယွန်းငုံသည် နေထူးမျက်နှာကို ငေးနေရင်းကမှ သူငယ်ချင်းတွေကို သတိရနေခဲ့တာဖြစ်သည်။ နေထူး ခေါ်လိုက်မှ လန့်သလိုပင် ဖြစ်သွားခဲ့ပါသည်။

"မမ ... နောက်နေ့ကျ စာသင်ချိန် ပြောင်းပေးပါလားဗျာ"

"ဘာဖြစ်လို့လဲ ..."

"နေထူး အိပ်ရာ မထချင်လို့၊ ညမှ သင်လေ နော်"

"ပျင်းနေလို့ မဖြစ်ဘူး၊ အခု မင်း ကိုးတန်းစာမေးပွဲ နီးကပ်နေပြီ နေထူးရဲ့၊ ဆယ်တန်းအတွက် တစ်ခါတည်း အကျင့်ရသွားအောင် မမ လေ့ကျင့်ပေးနေတာ၊ ဖြစ်နိုင်ရင် ခြောက်နာရီဆို အိပ်ရာ ထသင့်တာ ..."

"ဟာ ... မလုပ်ပါနဲ့၊ ဒီအတိုင်း ခုနစ်နာရီပဲ ထားပါတော့ဗျာ"

"အဲဒါဆို လှန် ..."

"ဗျာ ...၊ ဘာလှန်မှာလဲဟင်"

"စာအုပ်လေ ...၊ စာအုပ်ကို ပြောတာ"

"ဪ ..."

ရွှေယွန်းငုံသည် အစအနောက်သန်သည့် သူ့သဘောကို ရိပ်မိကာ ရယ်ချပြီး ထုနက်လိုက်ချင်ပါသော်လည်း ဆရာမဟူသော ဣန္ဒြေကို ဆည်ထားရပါသည်။





"မမ သင်တန်းသွားရင် နေထူး လိုက်ပို့မှာနော်"

"လိုက်ပို့ရုံပဲ၊ မစောင့်နေရဘူး"

"ဟင့်အင်း ... စာကျက်ပြီး စောင့်မှာလေဗျာ"

ရွှေယွန်းငုံသည် သက်ပြင်းလေး ရှိုက်ရင်း နှုတ်ဆွံ့သွားခဲ့ရပါသည်။ အမြဲတမ်း တကောက်ကောက်လိုက်၊ အနားကနေ ဖယ်ခွာမသွားတဲ့ ဒီကောင်လေးကို ဘယ်လို နားလည်ရပါမလဲကွယ် ...။

ဘယ်လို နားလည်သင့်ပါသလဲ ...။

☺ ☺ ☺

## အခန်း(၁၄)

♥ ♥ ♥

"အင်္ကျီသွားလဲ၊ အပြင်သွားရအောင်"

"ဗျာ ..."

"ဒီမှာ ကားသော့ ... တွေ့လား၊ ကားလျှောက်မောင်းမယ်လေ၊ လိုက်မစီးချင်ဘူးလား"

"ဟင့်အင်း ... ကြောက်ပါတယ်ဗျာ"

ပခုံးလေးတွန့်၊ လက်ကလေးပိုက် ရေရွတ်လိုက်တော့ မမ နှုတ်ခမ်းလေးချွန်ထွက်လာသည်။ အဲ့ဒီ နှုတ်ခမ်းလေးကိုက အရမ်းလှသည်။

မမ အခုဆို ကားမောင်းရာမှာ အတော်ကလေးဟုတ်နေပြီဖြစ်သည်။ ကားဝယ်ပေးဖို့ အစီအစဉ် ရှိသောကြောင့်လည်း ဦးအောင်က မမကို ကားမောင်းသင်တန်း တက်စေခဲ့သည်။





သင်တန်းကနေ လိုင်စင်ရလာခဲ့ပြီး မကြာခင်မှာပဲ ကားတစ်စီး ဝယ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကားလေးက Suzaki wagon R + အဖြူလေးဖြစ်သည်။ ကားသေးသေးလေး ဆိုပေမယ့် မမနှင့်တော့ အလွန်လိုက်ဖက်သည်။

မမ ကားမောင်းတာကို ဦးအောင်ကိုယ်တိုင် စစ်ဆေးပြီးမှ စိတ်ချတော့မှ ကားသော့ပေးခဲ့ခြင်း ဖြစ်သည်။

နေထူးကိုယ်တိုင်လည်း မမကို စိတ်ချယုံကြည်ခဲ့ပြီးပေမယ့် စချင်သောကြောင့် ကြောက်ချင်ယောင်ဆောင်လိုက်ခြင်းဖြစ်သည်။

"ဒါဆိုလည်း နေခဲ့လေ၊ ဒီနေ့တော့ ညမှပဲ စာသင်ကြတာပေါ့"

ခပ်တည်တည်ဖြင့် မျက်မှန်အနက်ကို တပ်ရင်းပြောသည်။ မျက်မှန်အကြီးကြီးအောက်က မမ နှာတံလေးက ချွန်ထွက်နေလေသည်။

ခပ်ပါးပါး အရောင်ရင့် ခါးရှည်အင်္ကျီလေးကို ဘောင်းဘီအကျပ်ကလေးနှင့် တွဲဝတ်ထားသော မမစတိုင်လ်လေးက လန်းနေလေသည်။

"ဟေး ... ဟေး ... ခဏစောင့်၊ အင်္ကျီလဲလိုက်ဦးမယ်"

နေထူးသည် ဆက်လက် ဟန်မဆောင်ချင်တော့

သောကြောင့် အိမ်ဘက်အမြန်ပြန်ပြေးခဲ့သည်။ ကြက်သွေးရောင် ဗွီရှိတ် လည်ပင်းပုံစံ တီရှပ် လက်တိုကလေးနှင့် ကာကီရောင် ဘောင်းဘီလေးကို ဝတ်ကာ ပြန်ထွက်လာခဲ့ပါသည်။

မမက ကားထဲကနေ အသင့်စောင့်နေခဲ့ပြီးဖြစ်သည်။ ကားထဲ အမြန်ဝင်ထိုင်တော့ မမက ပြုံးပြုံးကလေး ကြည့်နေသည်။

"မင်း အသက် ၁၈ နှစ်ပြည့်ပြီးရင် ဒီကားစီးလို့ မရတော့ဘူး၊ ဒူးနဲ့ ခေါင်းက တအားရှည်ပြီး တိုက်နေလို့လေ ... ဟင်း ... ဟင်း"

"နေထူးကလည်း ဒီလို dolly စီးတဲ့ကား ဘယ်ဝယ်မလဲ၊ land rover လို အမြင့်စား ဝယ်မှာပေါ့ဗျ၊ ဟား ... ဟား"

"ကြွားပြန်ပြီ"

"ကဲ ... လစ်မယ်လေ၊ ဦးနဲ့ အန်တီ လှမ်းကြည့်နေတယ်၊ ဟိုမှာ ..."

မမ၏ အဖေက အမေကို ပခုံးမှပွေ့ဖက်ထားပြီး နေထူးနှင့် မမကို ကြည့်နေကြသည်။

မမက လှမ်းပြီး လက်ပြလိုက်ကာ ကားကို စတင် မောင်းနှင်လိုက်ပါသည်။

"ဘယ်ဘက် သွားမှာလဲ မမ"

"မြို့ပြင်ဘက်လေ၊ လေတွေ တဖြူးဖြူးနဲ့ ကားတွေလည်း သိပ်မရှုပ်တဲ့ဘက်ပေါ့"





"ပဲခူးလောက် လုပ်လိုက်လေ ..."

"အင်း ..."

မမနှင့် လိုက်ပါလာရတာ ပျော်စရာ အရမ်းကောင်းလေသည်။ ကားအကြီးကြီးတွေ ဘေးမှဖြတ်မောင်းသွားလျှင် မမကိုယ်လေးက ယိုင်ယိုင်သွားတတ်သည်။

"ဟား ... ဟား ..."

ဘာရယ်တာလဲ၊ လှောင်တာလား၊ အစတော့ ဒီလိုဖြစ်တတ်တာပဲ၊ မင်း မောင်းရင်လည်း ဖြစ်မှာပဲ၊ မမက မင်းအတွက် ကားမောင်းပို့တာ၊ ဒီနှစ်က ဆယ်တန်းဆိုတော့ စာလည်း ကျက်သင့်သလောက် ကျက်၊ စိတ်ကိုလည်း relax လုပ်ပေးရတယ်တဲ့၊ အဲဒါကြောင့် လေကောင်းလေသန့်ရအောင် မြို့ပြင်ထွက်ပေးတာ ..."

"သိုင်းကျူး၊ အထူးကသိုင်းကျူးပါ"

"ဒီကောင်လေးကတော့လေ ..."

ခါတိုင်းဆို မမ လက်သီးဆုပ်ကလေးက နေထူး ရင်ဘတ်ဆီ ထုပြီးလောက်ပြီဖြစ်သည်။ အခုတော့ မမလက်က စီယာရိုင်ကို မလွတ်ရဲသောကြောင့် နေထူး သက်သာသွားခဲ့သည်။

လယ်ကွင်းပြင်ကလေးတွေ အများကြီးတွေ့တော့ ...

"မမ ... ကားခဏရပ်ပါလား၊ လေရှုရအောင်လေ"

"အင်း ..."

မမ ကားလေးကို ငြင်သာစွာရပ်တန့်လိုက်ပြီး နှစ်ဦးသား ကားပေါ်မှ ဆင်းလာခဲ့ပါသည်။

"ပျော်လား နေထူး"

"ပျော်တာပေါ့ ..."

"ဘာလို့ ..."

"စာမသင်ရလို့ ..."

"ဘာပြောတယ်"

"ဟို ... မဟုတ်ပါဘူး၊ နောက်တာပါ၊ မမနဲ့အတူ အပြင်ထွက်လာရလို့ပေါ့၊ မမရော ပျော်လား"

"အင်း ..."

"နေထူးနဲ့ လာရလို့လား"

"ကားမောင်းရလို့လေ ..."

မမက တလွဲဖြေသွားတော့ နေထူး စိတ်ထဲ အောင့်သက်သက် ဖြစ်သွားရလေသည်။

"စတာပါ၊ ဘဲဥလေးကို လိုက်ပို့ရတော့ ပျော်တာပေါ့"

"မမကလည်းဗျာ၊ ဘဲဥ ... ဘဲဥနဲ့ မခေါ်ပါနဲ့"

"ဘဲဥလေးလို့ ခေါ်တာပဲ၊ ကိုယ့်မောင်လေးမို့ ကိုယ် ခေါ်တာ ခေါ်ခွင့်မရှိဘူးလား"

"မဟုတ်တော့ မဟုတ်ပါဘူး၊ ကဲ ... ခေါ်ပါ ... ခေါ်"

"ခေါ်မယ် ... ခေါ်မယ်"





"မောင်လို့လေ ..."

"ဘာ ..."

ထိုစကားကို နေထူးက တိုးတိုးလေးသာ ပြောလိုက်ခြင်း ဖြစ်ပါသည်။

မမက သဲသဲကွဲကွဲ မကြားလိုက်သဖြင့် ပြန်မေးပါသည်။

နေထူး ထပ်မဖြေပါ။

မမနှင့် ခပ်လှမ်းလှမ်းသို့ ပြေးလာရင်း အတိုင်းအဆမရှိ ခုန်လှုပ်နေသော ရင်ခုန်သံကို သတိထားမိပါသည်။

"မမ ... ကျွန်တော် ရင်တွေခုန်နေပြီ သိလား၊ မမက ကျွန်တော့်ရဲ့ ပထမဆုံး ရင်ခုန်သံ ပိုင်ရှင်ပါပဲဗျာ"

အဝေးကနေ ခပ်တိုးတိုး လှမ်းပြောနေသည့် နေထူးဆီ မမက နားလေးတစ်ဖက်စောင်းကာ နားထောင်သည်။ သို့ပေမယ့် မမ မကြားနိုင်ပါ။ ညနေခင်း လေညင်းက တဝီးဝီး တိုးဘိုက်နေသောကြောင့် ဖြစ်သည်။

"အရမ်းလှလာတယ် သိလား၊ မမရဲ့ နှုတ်ခမ်းလေးတွေ ကျေးဇူးပြုပြီး သိပ်မပြုံးပါနဲ့နော်၊ အရမ်း ချစ်နေမိလို့ သိလား ..."

"မမ သိလား ..."

နေထူးက 'မမ သိလား' ဆိုတာကိုတော့ အကျယ်

ကြီး အော်မေးလိုက်ပါသည်။ မမက ခေါင်းခါပြီး ဘာရယ်မသိရယ်မောနေလေသည်။

အဲဒီ ညနေလေးကနေ ပြန်တောင် မပြန်ချင် ...။

မမနဲ့ တစ်သက်လုံး အတူရှိနေချင်သည်။

"မမ နောက်လည်း သွားမယ်နော်၊ ပို့ပေးနော်"

"အဲဒီအစား ဘာပြန်ပေးမှာလဲ"

"စာပိုကျက်မယ်"

"အိုကေ ..."

☺ ☺ ☺



## အခန်း(၁၅)

♥ ♥ ♥

မမတို့အိမ် သုံးခြကျော်လောက်မှာ ခြံအလွတ်ကြီးတစ်ခု ရှိပါသည်။ ထိုခြံအလွတ်ကြီးကို ငှားကာ အဆောက်အဦးလေးတစ်ခု ဆောက်ခဲ့သည်။ ထိုအဆောက်အဦးမှာကား သင်တန်းတစ်ခု ဖွင့်လိုက်ပါသည်။ စက်ချုပ်သင်တန်းကြီး ဖြစ်ပါသည်။

ထိုသင်တန်းပိုင်ရှင်ကတော့ မမရွှေယွန်းငုံ ဖြစ်၏။

ယခုဆို မမကို ဒီဇိုင်နာဆရာမ ရွှေယွန်းငုံရယ်လို့ သူသိများလာပြီဖြစ်သည်။

ထူးထက်နေလ ခများမှာလည်း ဆယ်တန်းအောင်ပြီး၍ ဆယ့်ခြောက်နှစ်လည်း ပြည့်ပြီးခဲ့ပြီ ဖြစ်ပါသည်။

ထူးတက်နေလကို ဖေဖေက ဗိုလ်လောင်းသင်တန်းတက်ပြီး ဗိုလ်ဖြစ်စေချင်သည်။

မေမေက ဓမ္မဂျာ ကောင်းကောင်း ယူ၊ Honus ရအောင်လုပ်ပြီး တက္ကသိုလ်ဆရာ ဖြစ်စေချင်သည်။

ထူးထက်နေလက မိန်းမပဲ လိုချင်သည်။

မမရွှေယွန်းငုံကို လက်ထပ်ပြီး မမခိုင်းသမျှ လုပ်ပေးနေရတဲ့ ဘဝကလေးကိုသာ လိုချင်သည်။

ဝါသနာရယ်လို့လည်း အတိအကျ မရှိ။

ဆယ့်ခြောက်နှစ်ပြည့် မွေးနေ့မှာ မမကိုယ်တိုင် ချုပ်ပေးသော ရှပ်အင်္ကျီကလေးကို လက်ဆောင်ရရှိခဲ့သည်။

ထူးထက်နေလ မောင်းချင်သော land rover ကြီးကို မူကား အဖေက ဝယ်မပေးနိုင်ခဲ့ပါ။

အရပ်ကြီးရှည်လာသော်လည်း မမ၏ ကားလေးကိုသာ ငြိတွယ်နေခဲ့ရပါသည်။

အခုဆို မမ၏ ကားလေးကို ထူးထက်နေလကိုယ်တိုင်လည်း မောင်းတတ်နေခဲ့ပြီ ဖြစ်ပါသည်။ မမကိုယ်တိုင်ပဲ သင်ကြားပေးခဲ့တာ ဖြစ်သည်။

တစ်မျိုးဆိုခွင့်ရပါလျှင်မူ မမက နေထူး၏ ဆရာမ လို့လည်း ပြောနိုင်လေသည်။

တခြား ကျူရှင်လည်း မတက်ဘဲ မမနှင့်သာ စာကျက်ခဲ့သော ထူးထက်နေလသည် ဂုဏ်ထူးနှစ်ခုနှင့် စာမေးပွဲ အောင်ခဲ့သူ ဖြစ်ပါသည်။





စာမေးပွဲ အောင်စာရင်းထွက်သည့်နေ့ မနက်စောစော၌ မမ၏ ကားကလေးနှင့် နှစ်ယောက်တည်း သွားကြည့်ခဲ့ပါသည်။

အောင်စာရင်းထဲ၌ ထူးထက်နေလ နာမည် မတွေ့မချင်း မမလက်တွေ အေးစက်ကာ ကိုယ်လေးက တုန်ယင်နေခဲ့သည်။

ထူးထက်နေလ နာမည် တွေ့လိုက်တော့မှ မမ မျက်နှာလေးက ဝင်းပကာ မျက်ရည်များ ဝဲနေခဲ့လေသည်။

အိမ်အပြန်လမ်းမှာ အင်းလျားကန်ပေါင်မှ နေလုံးကြီး ထွက်လာချိန်ကို အတူစောင့်ကြိုခဲ့ကြပါသည်။

နေမင်းကြီး အပြည့်အဝ ထွက်ပေါ်လာပြီးချိန် မမက နေမင်းကြီးအား ငေးနေချိန်မှာတော့ နေထူးလက်များက မမခန္ဓာကိုယ်လေးကို ပွေ့ယူထားလိုက်မိပါသည်။

နေထူးရင်ခွင်ထဲမှာ ငြိမ်သက်ပေးနေခဲ့သော မမကို နှစ်ကိုယ်ကြားသာရုံ 'မမကို အရမ်းကျေးဇူးတင်ပါတယ်ဗျာ'ဟု သို့က်လှိုက်လှဲလှဲ ပြောလိုက်ပါသည်။ မမက နေထူးရင်ခွင်ထဲမှ ဖြည်းဖြည်းလေးခွာကာ ...

"မမ အောင်တုန်းကထက် ပိုဝမ်းသာတယ် သိလား၊ ပြောမပြတတ်လောက်အောင် ကျေနပ်နေမိတယ်၊ ဒါပေမယ့် နောင်ကို ဘယ်တော့မှ စာမသင်တော့ဘူး"

"ဘာဖြစ်လို့လဲ မမ"

"စိတ်မောလို့ ..."

"ဘယ်လို ..."

"အင်း ... အချိန်တိုင်းမှာ မင်းပဲ၊ မင်း နေကောင်းရဲ့လား၊ မင်း အိပ်ပျော်ရဲ့လား၊ စားကောင်းရဲ့လား၊ သင်လိုက်တဲ့ စာကိုရော နားလည်ရဲ့လား၊ စာတွေမှ ပြန်နွှေးရဲ့လား၊ မမ သင်ပေးတာတွေရော စာမေးပွဲမှာ ပါရဲ့လား ... ဆိုတဲ့ စိုးရိမ်မှုတွေနဲ့ မမကိုယ်တိုင် အိပ်မပျော်ခဲ့ဘူး၊ စားလည်း မစားနိုင်ခဲ့ဘူး၊ မင်းမျက်နှာရဲ့ အရိပ်အခြည်ကိုသာ မမ အချိန်တိုင်း ဖတ်ရှုနေခဲ့ရတာ၊ ရင်မောတယ်၊ မမတို့ အန်တီ မြတ်နိုးတို့ စာကျက်ခိုင်းတဲ့အတိုင်း မင်း မညည်းမညူ စာကျက်နေတာ ကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ် ...၊

"မမဘာသာ နေ့ရော ညရော စာကျက်ခဲ့တုန်းက ကိုယ့်လောဘ၊ ကိုယ့်ဇောနဲ့ ပင်ပန်းတယ် မထင်ခဲ့ဘူး၊ မင်း ပင်ပန်းတော့မှ ဆယ်တန်းကလေး တစ်ယောက်ရှိတဲ့ မိသားစုဝင်တွေလည်း မလွယ်ပါလားဆိုတာ သိလိုက်ရတာ ပါပဲ ...၊

"ဒါပေမယ့် အားလုံး ပြီးဆုံးသွားပါပြီလေ၊ မင်း အောင်မြင်ခဲ့ပြီပဲ၊ မမ ကျေနပ်ပါပြီ"

မမက မမောမပန်း စကားတွေ အများကြီး ပြောပြီးမှ အပြုံးပွင့်ကလေးဖြင့် နှုတ်ခမ်းနှစ်လွှာကို စေ့ပိတ်လာပါသည်။





"မမရယ် ..."

စကားပြောနေစဉ် တစ်လျှောက်လုံး မမမျက်နှာလေးကို ငေးမောရင်း မမ စေတနာကို နားလည်နေခဲ့သော နေထူးသည် ရင်ထဲ၌ လှိုက်လှဲစွာ ခံစားရပြီး မမမျက်နှာလေးကို မြတ်နိုးစွာ မွှေးကြူချင်စိတ်များ ဖြစ်ပေါ်လာခဲ့ရပါသည်။

သို့ပေမယ့် မမြင်တွေ့နိုင်သော တစ်စုံတစ်ရာက ပွင့်လင်းမှုကို တားဆီး စေ့ပိတ်စေခဲ့သည်။

စေတနာကို ဇော်ကားလိုက်သလို ဖြစ်မှာလည်း စိုးမိ၏။

သို့အတွက်ကြောင့်လည်း အခုအချိန်ထိ မမအနားက မခွာနိုင်ဘဲ မမရဲ့ ဘာမှမဟုတ်တဲ့ ကောင်လေးတစ်ယောက်အဖြစ်သာ ရှိနေရခြင်း ဖြစ်ပါသည်။

မမရဲ့ သင်တန်းမှာ မမ ရှိသလို နေထူးလည်း တစ်နေကုန် ရှိနေခဲ့ပါသည်။ မမ ဘယ်ဘက်ပဲ လှည့်ကြည့်လိုက် ပစေ နေထူး ရှိနေပါသည်။

ဖေဖေကတော့ ဆူတတ်သည်။

"သား ... မင်း အလေလိုက်မနေနဲ့၊ မင်း ဘာသင်တန်း တက်ချင်လဲ ပြော၊ ဖေဖေ စီစဉ်ပေးမယ်၊ ရွှေယွန်းငုံလေးကို သွားနှောင့်ယှက်မနေနဲ့ ..."

"သား မနှောင့်ယှက်ပါဘူး၊ ဒီအတိုင်းလေး ထိုင်ရုံထိုင်နေခဲ့တာပါ"

"တစိမ်းယောကျ်ားလေး တစ်ယောက် အမြဲရှိနေတာ သူ့အတွက် သိက္ခာ ထိခိုက်မှာပေါ့ကွ"

နေထူးခမျာ ဖေဖေ့ကို ပြန်မပြောဖြစ်ပါ။ မမဆီသို့ မရောက်ဘဲနှင့်တော့ မနေနိုင်ပါ။ ရောက်ရောက်သွားသေးတာပင်။

"နေထူး ဘာလုပ်နေလဲ၊ မမကို ကော်ဘူးလေး ထယူပေးပါဦးလား"

မမက နေထူးကို လှမ်းမကြည့်ဘဲခိုင်းလိုက်ပါသည်။ နေထူးက မမ ယူခိုင်းသည့် ဘူးလေးကို ယူပေးပြီးနောက် ...

"မမ ကျွန်တော်လာတာ စိတ်ညစ်လား၊ မမ သိက္ခာထိခိုက်လား"

"ဟင် ..."

မထင်မှတ်ဘဲ အမေးခံလိုက်ရသောကြောင့် မမက နေထူးကို မော့ကြည့်သည်။ နေထူးက မမ ပေးလာမည့် အဖြေကို စောင့်ဆိုင်းနေမိသည်။

"ဘာတွေ မေးနေတာလဲ၊ မင်းက မမ မောင်လေးပါ၊ မမ အတွက် ဘာမှ မထိခိုက်စေပါဘူး၊ ငယ်ငယ်ကတည်းက မင်း မမကို စောင့်ရှောက်ခဲ့တာပဲလေ ..."

ဪ ... မမ။ ကျွန်တော်က မမရဲ့ မောင်လေးတဲ့လားဗျာ။





ကျွန်တော့်မှာတော့ မမကို အစ်မလို မမြင်နိုင်တော့ဘဲ ရွှေယွန်းငုံကို သိပ်ချစ်မိတဲ့ လူရယ်လို့ပဲ ကိုယ့်ဘာသာ ထင်နေမိတော့တာ ... ။

မမက မသိဘူးလား ... ၊ တကယ်ကို မသိဘူးလားဗျာ ... ။

## အခန်း(၁၆)

♥ ♥ ♥

အိမ်ရှေ့မှာ ရပ်လိုက်သော ပြိုင်ကားလှလှလေးအား ရွှေယွန်းငုံ စေ့စေ့စပ်စပ် ကြည့်လိုက်ပါသည်။

ကားလေးထဲမှ စတိုင်လ်ကျပြီး ကြည့်ကောင်းလှသော လူရွယ်ကလေးတစ်ယောက် ထွက်ပေါ်လာလေသည်။

ထိုလူရွယ်လေးက ရွှေယွန်းငုံတို့ ခြံတံခါးလေးကနေ အိမ်ထဲကို ဝင်လာဖို့ ခွင့်တောင်းရန် ပြင်ဆင်နေလေပြီ။

ရွှေယွန်းငုံက အတိတ်ကို အမှတ်ရစွာဖြင့်ပင် ဆွတ်ပျံ့သော စိတ်ထားနှင့် ပြုံးမိပါသည်။

အဖေ့ဆီမှာမှ ကျူရှင်တက်ချင်ခဲ့တဲ့၊ မင်းခနဲ ...။

ဟိုးငယ်ငယ်ကတည်းက အိမ်ရှေ့မှာ အဲသလိုပဲ ကားလေးထိုးရပ်ပြီး ငါ့ဘဝလေးဆီ ဝင်လာခဲ့တာ ...။





အခု နင် ပြန်လာပြီနော် ...။

ငါ သိနေခဲ့ပြီးပါပြီ မင်းခနဲရယ် ...။ နင့်အဖေ ကုမ္ပဏီနဲ့ ငါ့အဖေတို့ လုပ်ငန်း စပ်မိပြီး နင်နဲ့ အဖေ ပြန်ဆုံတွေ့ခဲ့ရတာ။

နင် ပြန်ရောက်ကတည်းက ငါ့ကို ရှာနေခဲ့တာတွေ အားလုံး အဖေ ပြန်ပြောထားလို့ ငါ သိပြီးခဲ့ပါပြီ ...။

တစ်နေ့မှာ ငါတို့ အိမ်ရှေ့ဆီ နင့်ကားလေး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာမယ်ဆိုတာကို ငါ ခန့်မှန်းနိုင်ခဲ့ပါတယ် မင်းခနဲရယ်။

ရွှေယွန်းငုံသည် မြန်လည်းမမြန်၊ နှေးလည်းမနှေး ပုံမှန်ခြေလှမ်းကလေးနှင့်ပင် ခြံတံခါးဆီ လျှောက်လာခဲ့ပါသည်။

ရွှေယွန်းငုံကို မြင်လိုက်တာနှင့် မှင်သက်စွာ ငေးမောနေသော မင်းခနဲကို တည်ငြိမ်စွာပဲ ပြုံးပြလိုက်ကာ ...

"နင် ရောက်လာမယ်လို့ ငါထင်နေခဲ့ပြီးသားပါ မင်းခနဲ"

ထိုအခါမှ သူ့မျက်တောင်များ ပုတ်ခတ်လာခဲ့ပြီး

"နင့်ကို ငါ ရုတ်တရက် မမှတ်မိလိုက်ဘူး"

"ဘာဖြစ်လို့လဲ ... ပြောင်းလဲတာ များသွားလို့လား"

"အရမ်းလှလာလို့ ..."

"ဟင်း ..."

မိန်းကလေးတိုင်း လှသည် ပြောခံရလျှင် ကျေနပ်

ကြသည်တဲ့ ...။ အခုလည်း မင်းခနက ရွှေယွန်းငုံကို လှသည်တဲ့။ ကျေနပ်သင့်သည်ပေါ့ ...။

"အဖေကတော့ မနက်စောစော အလုပ်သွားပြီ၊ အမေက ဘုရားရှိခိုးနေတယ်၊ သိပ်ပြီးလည်း မကျန်းမာဘူးလေ၊ နင် တစ်ခုခု သောက်ပါလား"

"နေပါစေဟာ ...၊ ငါ နင်နဲ့ စကားတွေပဲ ပြောချင်တာပါ"

"ဒါဖြင့် ထိုင် ..."

ဧည့်ခန်းထဲမှာ ထိုင်ရင်းဖြင့် တစ်ယောက်ကို တစ်ယောက် အကဲခတ်မိပါသည်။ သူ့နှုတ်ခမ်းတွေက လိုက်မမီနိုင်အောင် သူ့ရင်မှာ ပြောစရာ စကားတွေ ရှိနေတာကို ရွှေယွန်းငုံ သိနေသည်။

"ငါလေ ပြန်ရောက်တာ တစ်နှစ်ပြည့်တော့မယ်၊ ရောက်ကတည်းက ရှာတာ လုံးဝ အစအန မရဘူး၊ ရှေ့တစ်ပတ်က ဆရာနဲ့ တွေ့မှ ငါ အရမ်းဝမ်းသာသွားတာ၊ ဟန်တောင် မဆောင်နိုင်ဘူး၊ လိပ်စာယူထားခဲ့တယ်၊ ဒါပေမယ့် ခရီးထွက်သွားရလို့ ချက်ချင်း ရောက်မလာရတာ၊ ခု ခရီးက ပြန်လာတာနဲ့ ချက်ချင်း လာရှာတာပဲ၊ ငါ့ကို နင့် ဖုန်းနံပါတ်လေး ပေးဟာ ..."

"အင်း ... ပေးလိုက်မယ်လေ"

"ခု နင် ဘာတွေလုပ်နေပြီလဲဟင်"





"ငါ ဒီဇိုင်နာလုပ်တယ်၊ ပြီးတော့ သင်တန်းဖွင့်ထားတယ်၊ ငါ့အမေက ကျန်းမာရေး မကောင်းတော့ အပြင်ထွက်ရတဲ့ အလုပ် ငါမလုပ်နိုင်ဘူး၊ အိုးမကွာ အိမ်မကွာ နေရတဲ့ အလုပ်ပဲ လုပ်ဖြစ်တယ်"

"ကောင်းပါတယ်ဟာ၊ ငါကတော့ သင်္ဘောသားပဲပေါ့၊ ငါ့ ဒက်ဒီက ဒီမှာ ကားကုမ္ပဏီ လုပ်ဖြစ်တာ မကြာသေးပါဘူး၊ အဲ့ဒါကြောင့်လည်း ငါပြန်လာဖြစ်တာလေ၊ ငါ့အလုပ်က ကောင်းတယ်ဟာ၊ နိုင်ငံအစုံ ရောက်ရတယ်"

"ငါကြားဖူးတာတော့ သင်္ဘောသားတွေက အိမ်ကို အကြာကြီးပစ်ပြီး သွားရတာတဲ့ ..."

"အင်း ... ဟုတ်တယ်၊ ခုတစ်ခေါက်လည်း မကြာဘူးဆိုရင်တောင် တစ်နှစ်ခွဲလောက် ကြာမယ်"

"သြော် ..."

ရွှေယွန်းငုံနှင့် မင်းခန စကားကောင်းနေတုန်းမှာ အမေက ဘုရားရှိခိုးပြီး၍ ဧည့်ခန်းထဲသို့ ရောက်လာသည်။

ရွှေယွန်းငုံက အမေ့ကို လှမ်းတွဲပေးရင်းမှ ...

"အမေ ... ငယ်ငယ်က အဖေ စာသင်ပေးတဲ့ မင်းခနလေ မှတ်မိလား"

"အင်း ... အမေ မှတ်မိပြီ၊ သားက တော်သားပဲ၊ အန်တီတို့ အိမ်ကို တွေ့အောင်ရှာနိုင်တယ်နော်"

"ဟုတ်ကဲ့ ... အန်တီ၊ အရမ်းတွေ့ချင်နေတဲ့ စိတ်ရဲ့အကူအညီကြောင့် ထင်ပါတယ်"

"အမယ် ... အဖေ လိပ်စာပေးတာ တိကျလို့နေမှာပါ"

"ဒါတော့ ဒါပေါ့ သမီးရဲ့၊ တွေ့လား သား ... သမီးက စကားနိုင်လုရမှ ကျေနပ်တာ"

"အမေနော် ..."

"သမီးက ဆယ်တန်းကို ဘာသာစုံ ဂုဏ်ထူးနဲ့ အောင်တာ သားရဲ့၊ ဆေးကျောင်းတက်ခွင့်ရပေမယ့် အမေကို ငဲ့ပြီး အဝေးသင်ပဲ တက်တယ်လေ"

"မဟုတ်ပါဘူး အမေရဲ့၊ သမီးက ဒီဇိုင်နာပဲ ဖြစ်ချင်တာကိုး၊ ဆေးကျောင်းတာတက်ရင် အခုထိ သမီး ဘွဲ့ရဦးမှာ မဟုတ်ဘူးလေ၊ ခုဆို ဒီဇိုင်နာ သင်တန်းတောင် ဖွင့်ပြီး အိမ်စားရိတ် ရှာနိုင်ပြီ မဟုတ်လားလို့"

"အေး ... ဟုတ်ပါတယ်ကွယ်၊ အမေကလည်း သမီး တော်ကြောင်း မင်းခနကို ပြောပြချင်လို့ပါ"

"ရွှေယွန်းငုံက ငယ်ငယ်လေးကတည်းက သိပ်တော်တာ သား သိပါတယ် အန်တီ"

"ဟာ ... နင် ဝန်ခံတယ်ပေါ့"

ရွှေယွန်းငုံက အနိုင်ရသလိုလေး ပြောတော့ မင်းခနကျေနပ်စွာ ခေါင်းညိတ်ပြသည်။





"ကဲ ... ဟုတ်ပါပြီ၊ စကားတော့ ကောင်းတယ်၊ ငါ သင်တန်းဖွင့်ရဦးမယ်"

"ဟုတ်လား ...၊ ဘယ်မှာ သွားဖွင့်ရမှာလဲ"

"ဟိုဘက် သုံးခြံကျော်လောက်မှာပါ၊ နင် လိုက်ကြည့်ချင်သေးလား"

မင်းခနက စိတ်ပါလက်ပါ ခေါင်းညိတ်ပြပြန်ပါသည်။ ရွှေယွန်းငုံသည် အမေ ဆေးသောက်ဖို့ အသေအချာ မှာကာ မင်းခန၏ ကားလေးထဲ ဝင်ထိုင်လိုက်ပါသည်။

ဘီးလေး သုံးလေးချက် လိမ့်လိုက်ရုံနဲ့ ရွှေယွန်းငုံ၏ သင်တန်းခြံဆီသို့ ရောက်ပြီဖြစ်သည်။ ခြံစည်းရိုး တံခါးကို ကြိုတင်ဖွင့်ထားပြီး အဆင်သင့် စောင့်နေသော နေထူးကို တွေ့လိုက်ရပါတော့သည်။ မင်းခနက ရွှေယွန်းငုံ အနောက်မှာ ကပ်လျက်ပါလာခဲ့သည်ကို တွန့်ကွေးထားသော မျက်ခုံးများအောက်မှ မျက်လုံးစူးစူးများဖြင့် ကြည့်နေခဲ့လေသည်။

မိတ်ဆက်ပေးဖို့အတွက် ရွှေယွန်းငုံ လက်ပြခေါ်ငင်လိုက်တာကို မြင်သော်လည်း ခြံထဲမှ ပြန်ထွက်သွားခဲ့လေသည်။

"ခြံစောင့်လေးနဲ့ ထားတာလား၊ ကောင်းပါတယ်၊ ရွှေယွန်းငုံ ... ဒီနေ့ နေ့လယ်စာကို ငါနဲ့ အပြင်မှာ လိုက်စားပေးပါလို့ ငါ တောင်းဆိုပါတယ် နော်"

ရွှေယွန်းငုံက တွေးတွေးဆဆဖြင့်ပင် ခေါင်းညိတ်

လိုက်ပါသည်။ မင်းခနက တစ်မနက်ခင်းလုံး ထိုင်စောင့်ကာ နေ့ခင်းကျ နေ့လယ်စာ အတူထွက်စားခဲ့ပြီးမှ ရွှေယွန်းငုံကို အိမ်ပြန်ပို့ပေးခဲ့လေသည်။

☺ ☺ ☺



အခန်း(၁၇)

♥ ♥ ♥

မမ၏ သင်တန်းဖွင့်ထားသော ခြံကလေးကို မျှော်ကြည့်လိုက်တိုင်း ကားအကောင်းစားလေး တစ်စီးကတော့ ရပ်ထားမြဲ ဖြစ်သည်။

ကားကို တစ်နေ့တစ်မျိုး အထည်လဲလဲစီးကာ မမဆီလာနေတတ်တာကတော့ သူတစ်ယောက်တည်း ဖြစ်ပါသည်။

သူဆိုတဲ့ လူကို နေထူး မနှစ်မြို့ပါ။

မြွေမြွေချင်း ဟိုဟာမြင်ဆိုတာကလည်း ရှိသေးတာကိုးလေ ... ။

မမကိုလည်း သိပ်မကျေနပ်ချင်ပါ။ မမ သင်တန်းဆီကိုရော ...၊ မမ အိမ်ဆီကိုရော နေထူး ခြေဦးမလှည့်တာတစ်ပတ်ပြည့်ပြီဖြစ်သော်လည်း မမက သတိမထားမိပါ။

ဟိုလူနှင့်သာ ပျော်ရွှင်နေပုံရလေသည်။ မနက်ဆို ရောက်လာ၊ နေ့လယ်ကျ အပြင်ခေါ်ထုတ်သွားပြီး ခဏနေမှ ပြန်လာပို့ပေးတတ်လေသည်။

ဒီနေ့ မနက်ရော လာဦးမှာလား၊ နေထူး စောင့်ကြည့်လိုက်ပါသေးသည်။ နေ့လယ်စာ စားချိန်အထိ ဒီလူ ရောက်မလာတော့မှ မမ၏ ခြံကလေးထဲသို့ ဝင်လာခဲ့ပါသည်။

မမကလည်း ဘာလုပ်ဖို့မှန်းမသိ ခြံပြင်သို့ ထွက်လာခဲ့သည်။

မမကို မြင်တော့မှ နေထူး ဒေါသက ပိုရှန်းကြွလာခဲ့တော့လေသည်။

အနားသို့ အရှိန်ပြင်းပြင်းဖြင့် ရောက်သွားပြီး ...

"ဘာထွက်လုပ်တာလဲ မမ ..."

"ဟဲ့ ... လန့်လိုက်တာ၊ ဘာလုပ်ရမှာလဲ မမက ..."

"မမနော် ..."

"အို ... ဘယ်လိုဖြစ်ရတာလဲ အထူးရယ်"

အထူးရယ် ... တဲ့။ ခေါ်နေကျမဟုတ်တဲ့ အခေါ်အဝေါ်လေးအောက်မှာ ကျွန်တော် ကျရှုံးရမတဲ့လား မမရယ်။

ဒါပေမယ့် မမက အသည်းယားစရာ ကောင်းနေလိုက်တာ ...။ အရမ်းကို လှလွန်းနေခဲ့တာကိုက ကျွန်တော့်အတွက် မကျေနပ်စရာ ဖြစ်နေခဲ့တာပဲ ...။





အရင်က စကတ်လေး၊ ဘောင်းဘီလေး ဝတ်လေသမျှ အခု တစ်ပတ်က စပြီး မြန်မာဆန်တဲ့ ဝမ်းဆက်ကလေးတွေ တန့်ထွင် ဝတ်နေတာကိုက မမ မရိုးသားတော့တာပဲ။

"နေထူး ... မင်းအကြည့်တွေ ပြင်စမ်း၊ ငရဲကြီးတော့မှာပဲ၊ အစ်မကို သတ်ပစ်တော့မတတ် စူးစမ်းကြည့်နေလိုက်တာ"

"စာရင်းရှင်းစရာ ရှိလို့လေ ..."

"စာရင်း ..."

"ဟုတ်တယ်၊ ကားသော့ပေး ...၊ မမ ကျွန်တော်နဲ့ လိုက်ခဲ့"

"ဘယ်ကိုလဲ ... ဘာလုပ်ဖို့လဲ"

"ကန်တော်ကြီးကို၊ စကားပြောဖို့ ..."

သိပ်ရှည်ရှည်ဝေးဝေးကြီး ပြောမနေတော့ဘဲ မမလက်တွေကို အတင်းဆွဲခေါ်ခဲ့လေသည်။

အိမ်မှာရပ်ထားတတ်တဲ့ မမရဲ့ကားကလေးကို ဆွဲဖွင့်ကာ မမကို ထိုင်စေလိုက်သည်။

ပြီးသည်နှင့် ကန်တော်ကြီးကို နေထူးကိုယ်တိုင် ခပ်မြန်မြန် မောင်းလာခဲ့လိုက်ပါသည်။

မမက စကားတစ်ခွန်းမှ မဟဘဲ နေထူးကို ငေးကြည့်နေခဲ့လေသည်။

လူအနည်းငယ် ရှင်းသည့် သစ်ပင်ကြီး တစ်ပင်အောက်မှာ ကားရပ်လိုက်ပြီး မမနှင့် အကြည့်ချင်းဆုံလိုက်သည်။

မမ အကြည့်တွေက အစ်မတစ်ယောက်လို နွေးထွေးနေဆဲပင် ဖြစ်တာမို့ နေထူး စကားတို့က အဆီအလျော် မတည့်စွာ ထွက်ပေါ်သွားသည်။

"မမ ... မမမှာ ရည်းစား ရှိနေပြီလား"

"ဟမ် ...၊ ဟင်း ... ဟင်း ... အဲ့ဒါ မောင်တစ်ယောက်က အစ်မကို မေးရမယ့် မေးခွန်းလား ခွေးကောင်လေး"

"မေးတာပဲ ဖြေ၊ သိချင်တယ်"

"မမက ရည်းစားရှိတဲ့ပုံ ပေါက်နေလို့လား အထူး"

ခေါ်ပြန်ပြီ ဒီအထူး ...။ တစ်ခါခေါ်လိုက်တိုင်း ကျွန်တော့်မျက်တောင်တွေ တစ်ခါ စင်းကျကုန်တယ် မမရယ်။ ဒုက္ခပါပဲ ...။

"ဟုတ်တယ်၊ အဲဒီပုံ ဖြစ်နေပြီ"

"ဘာက ဘယ်လိုပုံ ဖြစ်နေတာလဲ"

"မမဆီ ဟိုလူ နေ့တိုင်း လာနေတာလေ ..."

"ဪ ... ဟင်း"

မမ မျက်နှာက ထူးထူးခြားခြား ဘာမှပြောင်းလဲမသွားခဲ့ပေ။ ရယ်ပြုံးရုံ ပြုံးလိုက်လေသည်။

စိတ်ထဲ အနည်းငယ်တော့ အေးသွားချင်သည်။





"အဲ့ဒါ ဘယ်သူလဲ မမ ..."

"သူက မမနဲ့ စာပြိုင်ဘက်ပါ"

"ကျွန်တော် မမြင်ဖူးပါဘူး"

"ဘယ်မြင်ဖူးမလဲ၊ သူ ငယ်ငယ်ကတည်းက နိုင်ငံခြားကို ပြောင်းသွားတာ၊ ခုမှ ပြန်ရောက်လာတာ"

"ဘာပြန်လာလုပ်တာလဲ"

"သူ့အိမ်သူ ပြန်လာတဲ့ကိစ္စ မမက မေးစရာလား"

"ပြိုင်ဘက်ဖြစ်ပြီး အရမ်းရင်းနှီးနေသလားလို့ ..."

"အဖေနဲ့လည်းရင်းနှီးတယ်လေ၊ ငယ်ငယ်က အဖေ စာရှင်းပြရင် သူနဲ့ မမက အတူစာကျက်တာ၊ အတူကျက်တာဆိုပေမယ့် တစ်ချိန်လုံး ပြိုင်နေခဲ့တာပါ၊ ပြိုင်ဘက်ကြီးတစ်ယောက်ပေါ့"

မမက အဝေးဆီသို့ ပေါ့ပေါ့ပါးပါးလေး ငေးကာ ပြောပြနေခဲ့ပါသည်။ နေထူးကတော့ မျက်လုံးထဲမှာ ဟိုလူနဲ့ မမ ဦးအောင်ရှေ့မှာ စာအတူကျက်နေပုံကို မြင်ယောင်ပြီး ဗိုက်ထဲမှ အူများ ပွလာခဲ့လေသည်။

"ကျွန်တော် မကြိုက်ဘူး မမရယ် ...၊ မမနဲ့ အဲ့ဒီလူကြီး ရပ်စကားပြောနေတာကို ကျွန်တော် မမြင်ချင်ဘူး၊ မမ သင်တန်းကို သူလာလာနေတာလည်း မကြိုက်ဘူး၊ ဒေါသထွက်တယ်၊ စိတ်မောတယ် ..."

မမက နေထူး လက်ကလေးကို လှမ်းဆုပ်လိုက်သည်။ ထို့နောက် အကြည့်ချင်းဆုံရအောင် ဆုံစေသည်။

"သူ ခဏတစ်ဖြုတ် လာနှုတ်ဆက်တာပါ နေထူးရယ်၊ သူက သဘောသားလေ၊ မကြာခင် နိုင်ငံခြား သွားရဦးမှာပါ၊ မသွားခင် ဒီနိုင်ငံမှာ ရှိတဲ့ သူ့ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းဖြစ်တဲ့ မမဆီ လာတဲ့သဘောပါ၊ နေထူး ထင်သလို မရိုးမသား မဟုတ်ပါဘူး၊ စိတ်အေးအေး ထားပါ အထူးရယ် … နော်"

သုံးကြိမ်မြောက် အခေါ်အငင်လေးမှာတော့ ထူထက်နေလ စိတ်အင်အားများက တင်းမထားနိုင်ခဲ့ပါ။ မမကို ပြုံးပြလိုက်ပါသည်။ မမကလည်း ပြန်ပြုံးပြခဲ့သည်။

"မမကို ထမင်းကျွေး၊ ဗိုက်ဆာတယ်"

"ခင်ဗျာ …၊ ကျွန်တော် ပိုက်ဆံမပါဘူး မမ"

"ဟောတော် … ခုနက ပန်းခြံဝင်ကြေးပေးတော့ရော"

"မမ မြင်တဲ့အတိုင်းပဲလေ၊ ဒတ်(ရှ)ဘုတ်ပေါ်က တွေ့တာ ပေးလိုက်တာ၊ မမမှာရော မပါဘူးလား"

"ဟင့်အင်း … မင်း အတင်းဆွဲခေါ်လို့ လိုက်လာတာလေ ဖိနပ်တောင် မလဲခဲ့နိုင်တဲ့ဟာ၊ ကဲ … အမြန်မောင်းတော့ ပြန်မယ်၊ မမ သိပ်အဆာမခံနိုင်ဘူး၊ အစာအိမ်က သိပ် မကောင်းတော့ဘူး"





"ဟုတ် … ဟုတ် … ဆောရီးပါ မမရယ်"

မမကို အရမ်းသနားမိသွားပြီး ကားကို အမြန်မောင်းရပါတော့သည်။ အဲ့ဒီနေ့က ကျွန်တော် မမကို ယုံခဲ့တာ သိပ်များတာပဲ … ။

## အခန်း(၁၈)

❤ ❤ ❤

အရင်ရက်များက အဆင့်အတန်းမြင့်ပေမယ့် ရိုး
သော စားသောက်ဆိုင်များတွင်သာ နေ့လယ်စာ လိုက်ကျွေးတ
သော မင်းခနက ဒီနေ့မှာ ထူးထူးခြားခြားပင် စိမ်းလန်းစိုပြည်
က zyphur မှာ လိုက်ကျွေးခဲ့ပါသည်။

"ငါ သင်္ဘောပြန်တက်ရတော့မယ် ရွှေယွန်းငုံ"

"ဟုတ်လား ...၊ ဒီတစ်ခါသွားရရင် တစ်နှစ်လောက်
မှာပေါ့နော်. မင်းခန"

"အေးပေါ့၊ အဲ့ဒါကြောင့် ငါ နင့်ကို ဒီနေ့ စကား
အများကြီး ပြောမယ်နော်"

"နင်နဲ့ ငါ တွေ့ရင် စကားတွေ အများကြီး မပြောတဲ့
ရှိလို့လားဟာ"





မင်းခနက ဘာရယ်လို့ ပြန်မပြောဘဲ ပြုံးရုံပြုံးသည်။ ထမင်းစားပြီးကြတဲ့အခါ သင်တန်းသို့ ရွှေယွန်းငုံ စိတ်ရောက်နေပြီဖြစ်သည်။

"ပန်းခြံထဲ ခဏလမ်းလျှောက်ရအောင်လား ရွှေယွန်းငုံ"

ရွှေယွန်းငုံက နာရီလေးကို တစ်ချက်ကြည့်ပြီး သင်တန်းအကြောင်း ပြောဖို့ ပါးစပ်အဟမှာ ...

"ဒီနေ့ တစ်ရက်တည်းပါပဲ၊ ငါ့အတွက် အရမ်းအရေးကြီးနေလို့ပါ ငုံရယ် ..."

ရွှေယွန်းငုံသည် မိမိဆန္ဒအား ပြောမနေတော့ဘဲ သူခေါ်ဆောင်ရာသို့ အလိုက်သင့်ကလေး လျှောက်လှမ်းလာခဲ့လိုက်ပါသည်၊ တစ်နေရာရောက်တော့မှ သူက သူ့ i phone ကလေး ထုတ်ပြီး ...

"နင့်ကို ငါ ဓာတ်ပုံရိုက်ချင်လိုက်တာ ငုံရာ ...၊ ငါ့ကို ခွင့်ပြုမလား"

"နင်တို့ သင်္ဘောက နိုင်ငံခြားသင်္ဘော အကြီးကြီးတွေ မဟုတ်လား၊ ငါ့ပုံရှိဖို့ လိုလို့လား"

ရွှေယွန်းငုံက ကိုယ့်ကိုယ်ကိုယ် ကြွက်ကလေးလို တင်စားပြီး ပြောလိုက်သည်ကို အစတော့ သူ နားမလည်ပေမယ့် နောက်တော့ ရယ်လေသည်။

"သင်္ဘောကြီးအတွက် မလိုပေမယ့် ငါ့နှလုံးအတွက်တော့

လိုတယ် ငုံ ...၊ ငါ့အသည်းနှလုံး တစ်ခုလုံးကို ငုံဆိုတဲ့ ကြွက်ဖြူကလေး စားဖို့လိုတယ်"

"ဘာစကားကြီးလဲ ..."

"နင့်ကို ချစ်တယ်ဆိုတဲ့ စကားပေါ့ ငုံ၊ ဟုတ်တယ် ငုံ၊ ငါမပြန်ခင် နင်နဲ့ စေ့စပ်ထားချင်တယ်၊ ပြန်လာတဲ့အခါ လက်ထပ်မယ်၊ ငါအကြာကြီး အိမ်ပစ်သွားတာ မကြိုက်ရင် ထပ်မထွက်တော့ဘူး၊ ဒီမှာပဲ စီးပွားရေး လုပ်မယ်"

"ငါ အရင်ကပြောခဲ့တာ ဒီသဘောခင်းပြီးပြောတာ မဟုတ်ဘူးနော် မင်းဓနု ..."

"ငါ နားလည်ပါတယ်၊ အခု နင် ငါ့ကို အဖြေပေးပါလား။ ဟင့်အင်း ... ဆုံးဖြတ်ပေးပါလို့ ငါ တောင်းဆိုချင်တာပါ ငုံ ..."

ရွှေယွန်းငုံသည် လူတစ်ယောက်လုံးက ကိုယ့်ကို ငေးရီကြည့်ပြီး ရူးမူးစွာ ချစ်ပြနေတာကို ပထမဆုံးသာ ကြုံတွေ့ဖူးလိုက်ခြင်း ဖြစ်သော်လည်း ရင်ထဲမှာ ဘယ်လိုမှ မနေပေ ...။

ဦးနှောက်ကတော့ အလုပ်တွေ လုပ်နေခဲ့ပါသည်။

ဦးနှောက်၏ အဖြေကတော့ minus (-) ဟု မပြပါ။ နှလုံးသားကလည်း positive (+) ဟု အဖြေထွက်မလာပါ။

"ငါ့အနေနဲ့ နင်က လက်တွဲဖော်တစ်ယောက် ဖြစ်မယ်ထင်ပါတယ် မင်းဓနု၊ ဒါပေမယ့် ငါတစ်ယောက်တည်းရဲ့





အမြင်နဲ့တော့ ခေါင်းမညိတ်ချင်ဘူး၊ နင် အဖေ့ကို ပြောလိုက်ပါ၊ အဖေလက်ခံရင် အမေ စိတ်ချမ်းသာမယ်၊ ဒါဆို ငါ ခေါင်းညိတ်မယ် ..."

"ကျေးဇူး ... ကျေးဇူးအထူးပါပဲ ငုံရယ်"

"အင်း ...၊ ဒါဆို ပြန်လို့ရပြီလား"

"ရပါတယ်ဗျာ၊ ကျွန်တော် လိုက်ပို့ပါ့မယ်"

မင်းဓနုသည် မျှော်လင့်ချက် တိမ်တိုက်ကြီးကို သယ်ပိုးကာ အိမ်ပြန်သွားခဲ့သလား မပြောတတ်ပါ။ ဒါမှမဟုတ် အဖေ့ကိုမျှား သွားရှာခဲ့လေသလား မသိ။

ညနေခင်း မိသားစု သုံးယောက် ဆုံချိန်မှာတော့ ရွှေယွန်းငုံ၌လည်း ပြောစရာစကား ရှိနေသလို အဖေ့ထံ၌လည်း ပြောစရာ ရှိနေခဲ့လေသည်။

"သမီး ... အဖေ့ကို ပြောစရာရှိလား၊ ရှိရင် ပြောလေ"

"အဖေလည်း ပြောစရာရှိနေပြီလို့ သမီး ထင်တယ်၊ အဖေ အရင်ပြောပါလားဟင်"

"ကောင်းပြီ၊ ကြည်လည်း သေချာ နားထောင်နော်"

"ဟုတ်ကဲ့ ... ကိုကြီး"

"ညနေက အဖေ့ကို မင်းဓနု လာတွေ့တယ်၊ သူ ဒီတစ်ခေါက် သင်္ဘောမတက်ခင် သမီးနဲ့ စေ့စပ်သွားချင်တယ်တဲ့ ကြည် ...၊ ပြန်လာတဲ့အခါ ခမ်းခမ်းနားနား လက်ထပ်

ယူပါ့မယ်တဲ့၊ လက်ထပ်ပြီးရင်လည်း သမီးနဲ့ ခွဲနေရမယ်
အလုပ်မျိုး မလုပ်တော့ပါဘူးတဲ့၊ အဲ့ဒါ ကြည် ဘယ်လို
သဘောရသလဲ"

"ကိုကြီး ဒါ ကြည် ဆုံးဖြတ်ရမယ့် ကိစ္စမှမဟုတ်ဘဲ၊ သမီး
ကျေနပ်မှ ဖြစ်မယ့်ကိစ္စပဲ"

အမေက ရွှေယွန်းငုံဆီကို ကြည်ကြည်လင်လင်လေး
လှည့်ကြည့်လာခဲ့ပါသည်။

"သမီး သဘောထားက သူ့အပေါ် ကြည်လင်ပါတယ်
ဘာအရောင်မှ မရှိဘူး၊ သူ့အသက်အရွယ်နဲ့ ဘဝကို ဖြ
သလို မနေဘူးဆိုတာကပဲ သူ့ဘဝတက်လမ်း ဘယ်လို
ရှိတယ်ဆိုတာ မြင်နိုင်ပါတယ်၊ ငြင်းစရာလည်း မရှိပါဘူး"

"လက်ရှိ သမီးမှာ ချစ်သူရည်းစားများ ရှိသလား"

"မရှိပါဘူး အဖေ၊ သမီးမှာ ချစ်စရာရယ်လို့ကို မရှိပါဘူး"

"ဒါဆိုရင်တော့ မင်းခနကို သမီးဘဝရဲ့ လက်တွဲဖော်အဖြ
သတ်မှတ်လို့ ရပြီပေါ့ ...၊ သူက မိကောင်းဖခင် သာ
တစ်ယောက်ဆိုတာတော့ အဖေ သိပါတယ်၊ မနက်ဖြ
သူ့မိဘတွေ ခေါ်ပြီး လာတောင်းရမ်းကြလိမ့်မယ်၊ အဖေ
ခေါင်းညိတ်လိုက်တော့မယ်နော် သမီး ရွှေယွန်းငုံ"

အဖေ ခေါင်းညိတ်ဖို့ရန် ရွှေယွန်းငုံက ခေါင်းညိတ်
လိုက်ရပါသည်။ ထို့နောက်တော့ သုံးယောက်လုံး အတွေးကိုယ်





ငြင့် ငြိမ်သက်စွာ ထမင်းစားနေခဲ့ကြပါသည်။ ရွှေယွန်းငုံ အာရုံထဲ
မှာ ရိုးစင်းသော အိမ်ထောင်ရေးတစ်ခုကို ပြုရမယ်ဆိုတာ လက်ခံ
လိုက်ပြီးပေမယ့် နှလုံးသားက ထူးဆန်းစွာ အိပ်မောကျနေခဲ့ပါ
သည်။

လှုပ်နှိုးကြည့်ဖို့ မကြိုးစားကြည့်ပေမယ့် အလိုလို
နိုးထလာမလားဟု စောင့်ဆိုင်းကြည့်သည်။

နှစ်ဖက်မိဘများရှေ့မှာ ခေါင်းညိတ်အတည်ပြုလိုက်
ပြီး သေချာသွားခဲ့တာတောင် နှလုံးသားက နိုးထမလာခဲ့ပါပေ။

မနက်ဖြန်ဆို စေ့စပ်တော့မည့် အကြိုညမှာ မင်းခန
ဘက်က ဖုန်းဆက်လာပါသည်။

"ငါ့ကို ခေါင်းညိတ်ပေးတဲ့ နင့်ကို ငါ အရမ်းကျေးဇူးတင်
ပါတယ် ငုံ ...၊ လက်ထပ်ပြီးရင် ငါ နင့်ကို အမြဲရှိခိုးမယ်
သိလား"

"ဟဲ့ ... မဟုတ်တာ၊ နင်က ယောက်ျားလေးလေ"

"ဒါပေမယ့် နင် ငါ့ထက် နှစ်လလောက်ကြီးတာပဲ၊ ရမှာပါ၊
ငါ နင့်ကိုအရမ်းချစ်တာဟ ...၊ အဲ့ဒါကြောင့် အခု အရမ်း
ကျေးဇူးတင်နေတာ ..."

"မလိုပါဘူးဟာ ..."

"ဟင့်အင်း ... အခုချက်ချင်းတောင် လက်ထပ်ချင်ပြီဟာ"

မင်းခနဘက်က ဖုန်းမချမချင်း နားထောင်နေခဲ့သော

ရွှေယွန်းငုံလက်များက ညောင်းလာခဲ့ပါပြီ။ ယောကျ်ားတစ်ယောက်လုံးက ထိုင်ရှိခိုးရမတတ်ပင် အချစ်ခံရသော မိန်းမတစ်ယောက်ရင်မခုန်တာတော့ တဆိတ်လွန်လေပြီ ထင်သည်။

☺ ☺ ☺

## အခန်း(၉)

♥ ♥ ♥

ရွှေယွန်းငုံသည် စေ့စပ်ပွဲကျင်းပရာ ခန်းမကျယ်ကြီးအနဲ့ မျက်လုံးလေး ဝေ့ကစားလိုက်ပါသည်။

မျက်နှာချင်းဆိုင် ခုံတွင် ထိုင်ပြီး ရွှေယွန်းငုံမျက်နှာအား မမိုတ်မသုန် ငေးစိုက်ကြည့်နေသော မင်းခနကို မြင်ရသည်။

မင်းခန နှုတ်ခမ်းများက ကော့ညွတ်ကွေးကာ ပြုံးပြလာသည်။ ရွှေယွန်းငုံကလည်း အသေအချာလေး ပြုံးပြလိုက်ပါသည်။

ထို့နောက်တော့ ခေါင်းလေးငုံ့စောင်းကာ ပရိသတ်များဘက် ကြည့်လိုက်မိသည်။ ထိုအထဲမှာမှ ဆင်စွယ်ရောင်ဘိုက်ပုံကလေးကို သပ်ရပ်စွာ ဝတ်ဆင်ထားသော နေထူးလေးကိုထင်လင်းစွာ မြင်နေရပါသည်။

နဖူးပေါ် ရှည်စင်းကျနေသော ဆံပင်ပျော့ကလေးများအား ဂျယ်(လ)ဖြင့် ထောင်ထားသောကြောင့် တည်ကြည်နေသည်။ သေသပ်လှပသော နှုတ်ခမ်းပါးကလေးမှာ လိုအပ်သည်ထက် စေ့ပိတ်နေတာကို ရွှေယွန်းငုံ သတိထားမိသည်။

နှာတံစင်းစင်းကလေးကိုကား လိမ်ဆွဲပြီး မျက်ခုံးစိမ်းများ တွန့်ကွေးမနေဖို့ သတိပေးချင်သေးသည်။

အဝေးကြီးမှာ မဟုတ်တာမို့ ရွှေယွန်းငုံက အပီအပြင် ပြုံးပြလိုက်စဉ်မှာ အံ့ဩဖွယ်ရာ ကောင်းလှစွာ နေထူးက အံတင်းတင်းကြိတ်ပြီး တောက်ခတ်၍ မတ်တတ်ရပ်လိုက်လေသည်။

ထို့နောက် ရွှေယွန်းငုံကို စိုက်ကြည့်ကာ အသက်ပြင်းပြင်းရှူလေ၏။ ပြီးနောက် ခန်းမထဲမှ ခြေလှမ်းကျယ်များဖြင့် ထွက်ခွာသွားလေတော့သည်။

ရွှေယွန်းငုံ ရင်ထဲမှာ နားမလည်နိုင်အောင် ခံစားသွားရသည်။ အခြားသူတွေ သတိထားမိသွားသလားတော့ မပြောတတ်။ ကိုယ့်မျက်နှာကတော့ သိသိသာသာ ပျက်သွားခဲ့ပါသည်။

မင်းခနှ၏ အသိုင်းအဝိုင်းမှာ ချမ်းသာကြွယ်ဝသူများ ဖြစ်တာကြောင့် စေ့စပ်ပွဲကလေးကပင် မင်္ဂလာပွဲတမျှ ခမ်းနားပြည့်စုံနေသည်။

စားသောက်နေကြသော ဧည့်ပရိသတ်များကို အဆိုတော်များက သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။





ရွှေယွန်းငုံ လက်အဖျားလေးကို ကိုင်ဆွဲကာ သူ့ဆွေမျိုးများနှင့် မိတ်ဆက်ပေးချိန်မှာ အလိုက်သင့်ကလေး ပြုံးပြနှုတ်ဆက်နေခဲ့ရသည်။

တစ်ချက်တလေမှာ နေထူးကို သတိရသွားသဖြင့် အာရုံတွေက ပျံ့လွင့်လျက်ရှိပါသည်။

စေ့စပ်ပွဲဖိတ်စာ မကမ်းရသေးခင်မှာပဲ နေထူး မေမေအန်တီမြတ်နိုးတို့ကို ကြိုအသိပေးခဲ့သည်။ အန်တီမြတ်နိုးတို့က ဝမ်းသာသလောက် တစ်ခုတော့ ပြောခဲ့ပါသည်။

ရိုးစင်းစွာ အပျော်သက်သက် ပြောခဲ့ခြင်းဟုသာ ရွှေယွန်းငုံက လက်ခံနားလည်ထားပါသည်။

"ဒီလောက် လိမ္မာတဲ့ သမီးလေးကို ကျွန်မ ချွေးမဖြစ်စေချင်ခဲ့တာ မမကြည်ရဲ့ ...၊ အင်းလေ ... အခု သမီးလေးရဲ့ အိမ်ထောင်ဘက်က ကျွန်မသားထက်တော့ သာပါတယ်လေ၊ သမီးငုံ ကံကောင်းတာပေါ့"

မင်းခနှနှင့် ရင်းနှီးတာကို မကြိုက်ပါဘူးဆိုသော နေထူးလေးက ဘာမှမပြောဘဲ ငြိမ်နေသည်။ ရွှေယွန်းငုံ၏ သင်ဘန်းခြံသို့လည်း မလာတော့ပါ။

ရွှေယွန်းငုံအနေနှင့် နေထူးအိမ်သို့ သွားသည့်အချိန်မျိုးတွင်လည်း နေထူး ရှိမနေသည်က များသည်။ တစ်ခါတစ်ရံတွင် အိပ်ချိန်မဟုတ်ဘဲ အိပ်နေတတ်သည်။

ရွှေယွန်းငုံနှင့် အတွေ့မခံတော့တာပဲ ဖြစ်သည်။

"သူသာ မိန်းမ ယူချင်ယူမယ်၊ သူ့အစ်မကျ အပျိုကြီး လုပ်စေချင်တာလေ၊ အစ်မကိုချစ်တဲ့ မောင်တွေက ဒီလိုပါ သမီးရယ်၊ ခဏစိတ်ကောက်တာပါ၊ နောက်တော့လည်း သူပဲ ပြန်စခေါ်မှာပဲ၊ ခွင့်လွှတ်လိုက်နော်"

ဘွားကတော့ ရွှေယွန်းငုံ စိတ်မထင့်အောင် ရှေ ပြောပေးခဲ့သေးတာပင်။ သို့ပေမယ့် မနက်ဖြန်လို စေ့စပ်ပွဲကျင်း တော့မည့် ညအထိ နေထူးက ရွှေယွန်းငုံကို စကားမပြောတော့ပါ

အဲဒီညက သီတင်းကျွတ် လပြည့်ည ဖြစ်သည်။

ခြံထဲမှာ ဖယောင်းတိုင် ထွန်းနေတုန်းမှာ ရွှေယွန်း ကို မင်းခနက ဖုန်းဆက်လာသည်။

အကြာကြီး ဖုန်းဆက်ပြောပြီး သူ ဖုန်းချသွားတော့ ရွှေယွန်းငုံ နှုတ်ခမ်းများ ရေဆာ ခြောက်သွေ့လာပြီဖြစ်သည်။

သို့ပေမယ့် လက်များက နေထူး၏ ဖုန်းနံပါ ကလေးကို ရွေးချယ်ပြီး ဖုန်းခေါ်လိုက်မိပြီး ဖြစ်သည်။

ဖုန်းဝင်သွားသည်နှင့် နေထူးက ပြန်ထူးပါသည် သို့ပေမယ့် အသံမှာ ခြောက်ကပ်ကပ်နိုင်နေလေသည်။

"ဟဲလို ..."

"နေထူး ..."

"ဗျာ ..."





"ဘယ်မှာလဲ၊ အိမ်မှာလား ..."

"မဟုတ်ဘူး"

"ခုတလော မင်း မမကို ရှောင်နေတယ်နော်"

"မဟုတ်ပါဘူးဗျာ"

"ဟုတ်ပါတယ်၊ အိမ်ကို မကပ်ဘူး"

"ကျွန်တော့် သူငယ်ချင်းနဲ့ ခဏနေပေးနေတာပါ"

"အင်းလေ၊ ဒါပေမယ့် မနက်ဖြန် မမ စေ့စပ်တော့မယ်လေ"

"ဟုတ် ... သိတယ်၊ အဲ့ဒါ ဘာဖြစ်လဲ"

"မင်းအသံကလည်း တစ်မျိုးပါလား၊ မမကို စိတ်ဆိုးနေသလား နေထူး၊ မှန်မှန်ပြော ..."

"မဟုတ်ပါဘူး မမရယ်၊ မမ ကျွန်တော့်ကို ဘာပြောချင်လို့လဲ"

"မနက်ဖြန် မင်း လာမယ်မဟုတ်လား"

"လိုလို့လား ..."

"အို ... မင်းက မမရဲ့ မောင် မဟုတ်ဘူးလား"

ရွှေယွန်းငုံ မေးခွန်းနောက်မှာ နေထူးအသံက ချက်ချင်း ပြန်ထွက်မလာပါ။ ခဏလေးကြာမှ ...

"ဟုတ်ပါတယ် မမရဲ့ ...၊ မောင်ပါ ...၊ ဒါပဲနော် မမ"

နေထူးဘက်က ရုတ်တရက် နှုတ်ဆက်ကာ ဖုန်းပိတ်သွားခဲ့ပါသည်။

ရွှေယွန်းငုံသည် ဝမ်းနည်းသလိုကြီး ဖြစ်ကျန်ရစ်ကာ ခြံထဲမှာ ဒီအတိုင်းကြီး ရပ်နေမိပါသည်။ အမေ ထွက်လာပြီး မနက်ဖြန် ဈေးစပ်ပွဲမှာ မလှမပဖြစ်မည်စိုး၍ စောစော အိပ်ခိုင်းလေသည်။

ရွှေယွန်းငုံ၏ အထပ်ခိုး အခန်းလေး၏ ပြတင်းပေါက်မှ နေထူး အခန်းလေးကို ငေးလိုက်မိသည့်အခိုက်တွင် ထိုအခန်းလေးက ရုတ်တရက် မှောင်အတိကျသွားခဲ့ပါသည်။

"ငုံ ... ဗိုက်ဆာပြီလားဟင်"

"ရှင် ... မဆာပါဘူး မင်းခနေ ..."

အတွေးများ ပျံ့လွင့်နေရာမှ မင်းခနေက ပခုံးကို ဖျစ်ညှစ်မေးလိုက်သောကြောင့် အာရုံတွေ ပြန်စုစည်းယူရလေသည်။

"ညစာ အတူစားမယ်လေ ငုံ ..."

"ဟိုလေ ... ငါ့သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ ဒီမနက်စာပဲ အတူစားမယ်နော်"

ရွှေယွန်းငုံသည် မင်းခနေကို သိသိသာသာ ငြင်းဆန်ရင်း အိမ်ကိုပဲ ပြန်ချင်နေခဲ့လေသည်။

မင်းခနေ ကိုယ်တိုင် ကားမောင်း၍ ရွှေယွန်းငုံတို့ မိသားစုကို အိမ်ပြန်ပို့ပေးခဲ့လေသည်။

အိမ်ရောက်တော့ မေမေက ဝမ်းသာစွာ ပြောလာပါသည်။





"သမီး ရွှေယွန်းငုံ သိပ်ကံကောင်းတယ်၊ မင်းခနေလေးမျော သမီးမျက်နှာလေးကို အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်လိုက်တာ၊ သူ့ဆွေမျိုး အသိုင်းအဝိုင်းတွေကြားမှာ သူတော်တော် ပျော်နေပုံရတယ်၊ သမီးကရော ပျော်ရဲ့လား ... ဟင်"

အမေ့မေးခွန်းမှာ ရွှေယွန်းငုံ၌ အဖြေမရှိသော မေးခွန်းပင်ဖြစ်သည်။

အရမ်း ကံကောင်း၍ ရင်ထဲ ဟင်းလင်းဖြစ်နေခဲ့သောက်အောင် အပျော်တွေက ဟုန်များနေသလားတော့ မသိ။

ခံစားချက်များ ကင်းမဲ့နေခဲ့သည်။ အမေ့ကို ပြုံးပြပြီး မီးဖိုထဲဝင်လာခဲ့မိသည်။ လက်ကိုဆေး၊ အေပရွန်လေး ခါးမှာစည်းကာ ဟင်းချက်ဖို့ စတင်ပြင်ဆင်လိုက်မိသည်။

ထမင်းဟင်းအနံ့များ မီးဖိုချောင်ထဲမှ ပျံ့လွင့်မွှေးကြိုင်လာချိန်တွင် ရွှေယွန်းငုံ ခြေလှမ်းများက နေထူးတို့ အိမ်ဆီရောက်သွားခဲ့ပါသည်။

"အန်တီ နေထူးရောဟင်၊ ထမင်းစားဖို့ လာခေါ်တာ"

"နေထူး အခုပဲ ဖုန်းဆက်လာတယ်၊ သူ့သူငယ်ချင်းတွေနဲ့ ခဏ ခရီးထွက်သွားတယ်တဲ့၊ သူ့ဖုန်းကိုလည်း ထားခဲ့တယ်"

"သြော် ... ဟုတ်လား၊ ကြာမှာလားဟင်"

"မပြောတတ်ဘူး သမီးရဲ့၊ သိပ်မကြာလောက်ပါဘူး"

"ဟုတ် ... ဟုတ်ကဲ့"

အန်တီမြတ်နိုးက ရွှေယွန်းငုံ မျက်နှာလေးကို ငေးခနဲ ကြည့်တာမို့ ခေါင်းငုံ့လိုက်ရသည်။

ကြမ်းပြင်များက အမြင်အာရုံမှာ ဝေဝါးနေခဲ့တာ တော့ သတိထားမိလေသည်။

ဒီနေ့ညမှာမှ ငါက သူနဲ့ ထမင်းလက်ဆုံစားချင်စိတ် ဖြစ်သလားဟာ ...။

☺ ☺ ☺



## အခန်း(၂၀)

♥ ♥ ♥

တန့်ကြည့်တောင်မှ ပြန်အဆင်း စက်သမ္မန်လေးပေါ် ကွင် ထူးထက်နေလက အဝေးကိုငေးပြီး လိုက်ပါလာခဲ့သည်။

မင်းမင်းက စကားပြောချင်စိတ်များ လျှံတက်နေ သောကြောင့် နှုတ်ခမ်းကို မကြာခဏ လျှာဖြင့်သပ်နေသည်။

ထူးထက်နေလ စိတ်ပြေလက်ပျောက် ခရီးထွက်ချင် သည်ဟု ပြောသဖြင့် ပုဂံကို ခေါ်လာခဲ့မိသော မင်းမင်း နောင်တ စေ ပြုလာသည်။

ခဏာတစ်ဖြုတ်ပဲ ခံစားလိမ့်မည်ဟု ထင်ထားခဲ့သမျှ ာက်တက်စင်အောင် လွဲနေခဲ့သည်။

ထူးထက်နေလ ဝမ်းပန်းတနည်း ယူကြုံးမရ ဖြစ်နေ သည်မှာ တစ်လကျော်လာခဲ့ပြီ ဖြစ်သည်။

အပူရှိန်ပြင်းပြသော ပုဂံလိုဒေသမျိုးမှာ ကြာကြာနေပြီး ရင်မှအပူကို ကုစားသူမှာ ထူးထက်နေလ တစ်ယောက်သာ ရှိမည်ထင်သည်။

မင်းမင်း ဦးလေးက ပုဂံမှာ ဟိုတယ်ဖွင့်ထားသဖြင့် တည်းခိုစားရိတ် မကုန်ပါ။ အသည်းကွဲပေမယ့် လည်ဝယ်သော ငထူးက ဟိုတယ်၏ လက်တိုလက်တောင်း ကိစ္စများ ဖိနှင်းလုပ်ကိုင်ပေကပ်နေရင်း ထမင်းစားဖို့ ဖြေရှင်းသည်။

သူဌေးသားလေး မင်းမင်း ခမျာမှာတော့ လုပ်စရာမရှိ၍ ကြာလေ ပျင်းလေ ဖြစ်လာလေသည်။

အိမ်ကို ပြန်ချင်လာခဲ့သည်။

မင်းမင်း အိမ်ပြန်ချင်သည်ထက် ထူးထက်နေလအားလည်း အတူလိုက်ပြန်စေချင်သည်။

အသည်းကွဲတန်သလောက် ကွဲပြီးလျှင် ကုစားဖို့အချိန်လည်း တန်ပြီဖြစ်သည်။ ရန်ကုန်သို့ ပြန်၊ ကျောင်းတက်ပြီးကောင်မလေးတစ်ယောက်ယောက်နှင့် ကြိုက်လိုက်လျှင် ရှင်းသွားမည့် ကိစ္စသာ ဖြစ်တော့သည်။

"နေထူး ..."

"ဘာလဲ"

"မင်း ရန်ကုန် ဘယ်တော့ပြန်မှာလဲ"

"ငါ မပြန်ချင်သေးဘူးကွာ"





"ငါတော့ ပြန်ချင်ပြီ၊ ဘုရားတွေလည်း ဖူးပြီးပြီလေ၊ မာမီကလည်း ပြန်လာတော့တဲ့ ..."

"ဟုတ်လား"

နေထူးသည် မင်းမင်း စကားကြောင့် ပြန်ရမည့်အကြောင်း စဉ်းစားလိုက်မိပါသည်။ အိမ်ကို မပြန်ချင်သေးပါ။

မမနှင့် လုံးဝ ပြန်မတွေ့ချင်တော့တာပါ။ မမကို စိတ်နာနေမိရပါသည်။ မမကို တကယ်တော့ နေထူး အနက်ရှိုင်းဆုံး ချစ်ခဲ့တာ ဖြစ်ပါသည်။

"စိတ်အေးအေး ထားပါ အထူးရယ်"

ဆိုပြီးမှ ကောက်ကာငင်ကာ စေ့စပ်ပစ်လိုက်တဲ့ မမ ...။

အဲ့ဒီ မမကို ကျွန်တော် မနာကြည်းရတော့ဘူးလား။

မစေ့စပ်ခင်တစ်လျှောက်လုံး ရောင်တိမ်းနေခဲ့တဲ့၊ နေထူးကို ပစ်မထားလိုက်ဘဲ စကားတွေ ပြော၊ လိုက်ရှာတတ်တဲ့ မမကို မုန်းတယ် ...။ နာကျင်နေတာကို မုန်းတယ်လို့ပဲ ဆိုကြပါစို့ဗျာ ...။

"ရွှေယွန်းငုံလေး စေ့စပ်တော့မယ်တဲ့"

မေမေ့ဆီမှ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ သတင်းစကားကြီးကပဲ ကျွန်တော့် မျှော်လင့်ချက်နဲ့ မမအပေါ် ထားရှိတဲ့ ယုံကြည်မှုတွေ ပျက်သုဉ်း ကြွေမွစေခဲ့တာပဲ မမရယ် ...။

နေထူး ရင်ထဲက ခံစားချက်တစ်ခုတလေကိုပဲဖြစ်ဖြစ် မမ မြင်ခဲ့ရင် အဲ့ဒီစေ့စပ်ပွဲ ဖျက်ပေးပါစေလို့ မျှော်လင့်ခဲ့ရတဲ့ ကျွန်တော်သာ ရူးနေခဲ့တာပါ မမရယ် ...။

မမ သိပ်ရက်စက်တယ် ...။ ဘယ်လောက်ထိ ရက်စက်ခဲ့သလဲဆို 'စေ့စပ်ပွဲ' ဆိုတဲ့ စကားလုံးကိုတောင် မကြားရဲခဲ့တဲ့ နေထူးဆီကို ဖုန်းဆက်ခဲ့တဲ့ အထိပဲ ...။

အဲ့ဒီဖုန်းထဲကနေပဲ စေ့စပ်ပွဲကို လာစေချင်တယ်လို့ ပြောခဲ့တာ အဆိုးဆုံးပဲ မမ ...။

မမရဲ့ မောင် မဟုတ်ဘူးလားတဲ့ ...။ မမ ပြောတဲ့ 'မောင်' က အဓိပ္ပာယ်တစ်မျိုး ...။ နေထူး လက်ခံထားတဲ့ 'မောင်' ဆိုတာက တစ်မျိုးပါ မမရယ်။

ဝမ်းနည်း ဆို့နစ်စွာနဲ့ပဲ မမကို အခန်းထဲက ခိုးငေးရင်း လိမ်ညာခဲ့ရတာပါ။ ဖုန်းထဲမှာ ညာဖို့တောင် အတတ်နိုင်ဆုံး ဟန်ဆောင်ခဲ့ရတဲ့ ကျွန်တော် မမနဲ့ မျက်လုံးချင်း မဆုံရဲပါဘူး။ အဲ့ဒါကြောင့် အိမ်မှာမရှိဘူးလို့ လိမ်ခဲ့တာပါ။

ဖုန်းပြောပြီးပေမယ့် ကျောက်ရုပ်ဖြစ်သွားသလိုမျိုး အကြာကြီး ငြိမ်သက်နေခဲ့တဲ့ မမကို ကျွန်တော် သိပ်မြတ်နိုးမိရပါတယ်ဗျာ။

ခြံထဲကို ဆင်းလာခဲ့ပြီး မမကို ဆွဲခေါ်ခိုးပြေးသွားချင်ပေမယ့် အတတ်နိုင်ဆုံး ထိန်းထားလိုက်ရတယ်။ အန်တီကြည်





ဘွက်ခေါ်တော့ မမ အိမ်ထဲပြန်ဝင်သွားခဲ့တယ်။ မမ ပြတင်းပေါက်မှာ လာရပ်တော့ ကျွန်တော့် အသည်းမှာ အေးသွားခဲ့တယ် မမရယ် ...။

"မင်း စဉ်းစားလိုက် အသည်းကွဲလိုက်နဲ့ သံသရာလည်နေပြီ ငါ့ကောင်ရ ..."

"ဒါဖြင့် ငါ ဘာလုပ်ရမလဲ ..."

နေထူးက မင်းမင်းကို မေးခွန်းထုတ်လိုက်မိပါသည်။ အဖြေကို မဖြစ်မနေ လိုချင်လွန်းလို့တော့ မဟုတ်ပါ။

မွန်းကြပ်လွန်းလို့သာ ပြောလိုက်မိခြင်း ဖြစ်သည်။ မင်းမင်းက ခဏ တွေဝေသွားပြီး ငြိမ်နေလေသည်။

မင်းမင်းက သူဌေးသားဆိုပေမယ့် အနေအေးသူဖြစ်သည်။ နေထူးကြောင့်နှင့်သာ အကြံထုတ် ဉာဏ်များသူဖြစ်နေရလေသည်။

မမ စေ့စပ်ပွဲကို ဘယ်လိုစိတ်ထားမျိုး၊ ဘယ်လိုမျက်နှာမျိုးနဲ့ သွားမိသလဲ မသိပေမယ့် တကယ်တမ်း မမ အပြုံးများက မင်းခနဆီ ရောက်နေတတ်တာကို တွေ့ပြီး မခံနိုင်အောင်နာကျင်နေခဲ့ပါသည်။

ဟိုတယ် ခန်းမထဲကနေ ကမူးရှူးထိုး ပြေးထွက်ခဲ့ပေါတော့သည်။

လုပ်မိလုပ်ရာ ကြံမိကြံရာဖြင့် မင်းမင်းကို ခေါ်ပြီး အိမ်က ထွက်လာခဲ့လိုက်ပါသည်။

မင်းမင်းက နေထူးအကြောင်း သိပြီးသူမို့ ပုဂံသို့ စိတ်ပြေလက်ပျောက်သဘော ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ပုဂံရောက်ပြီးမှ နေထူးမှာ ပို၍ မပြန်ချင်တော့ကာ မမကို သတိရလေလေ မပြန်ဖို့ ဆုံးဖြတ်ပြီးလေလေ ဖြစ်သည်။ မင်းမင်း ဦးလေးဆီမှာ အလုပ်လျှောက်လွှာတင်ပြီး ဟိုတယ်ဝန်ထမ်း လုပ်ဖို့တောင် ဆုံးဖြတ်ပြီးပြီ ဖြစ်သည်။

အခုတော့ ရန်ကုန်ပြန်ဖို့ မင်းမင်းက စကားစနေလေပြီ ...။

မြစ်ရေက လွှန့်လူးနေလေသည်။ စက်သမ္ဗန်ခတ်သမျှ ရေစက်တို့က လူကိုလာစင်သည်။

မြစ်လယ်မှာ ကိုယ့်လှေတစ်စင်းသာ ရှိသည်။ ဟိုးဝေးဝေး သောင်ပြင်ဆီမှာ ရေချိုးနေကြသော လူတစ်စုကို တွေ့ရသည်။

သောင်ပြင်မြေနုနုလေးတွေက ရေထဲသို့ ပလုတ်ပလုတ်နှင့် ကြွေကျနေလေသည်။

ဩော် ... မမရယ်၊ အဲဒီ မြေလွှာနုနုလေးတွေလိုပဲ နေထူး အသည်းတွေလည်း ပဲ့ကြွေနေပြီလေဗျာ ...။

“ငါ့အထင်တော့လေ ...”

မင်းမင်းက နေထူးကို မကြည့်လာပါ။ စကားကို အလေးအနက် ပြောချင်ဟန်ဖြင့် လှေနံရံလေးကို လျှောမှီလိုက်သည်။ လက်ပိုက်လိုက်ပြီးမှ ...





“မင်း မမက မင်းကို အတော် သံယောဇဉ်ရှိတဲ့ပုံပါကွာ၊ မင်းချစ်တာကို သူ လုံးဝ မရိပ်မိလို့ နေမှာပါ၊ မင်းကလည်း အရွယ်မရောက်သေးလို့ ဖွင့်မပြောဘဲနေတာ မဟုတ်လား၊ ဒါပေမယ့် ဟိုလူက ဦးသွားတာကိုး၊ မမက ရည်းစားမရှိတဲ့ သူဆိုတော့ ဦးနှောက်နဲ့ ဆုံးဖြတ်သင့်တာ ဆုံးဖြတ်လိုက်တာ ဖြစ်မယ်”

“တော်ပါတော့ကွာ”

“မဟုတ်ဘူး၊ ငါ ပြောချင်တာက ဟိုလေ ... ခု လက်ထပ်ပြီးတာမှ မဟုတ်တာ၊ စေ့စပ်တာပဲ ရှိသေးတာ”

မင်းမင်းနှင့် နေထူး မျက်လုံးချင်း ဆုံလာပါသည်။ အရုံထဲမှာ တစ်မျိုး လင်းလာပါတော့သည်။

“မင်း မမကို တကယ်ချစ်ရင်ပေါ့”

“ချစ်တာပေါ့ကွာ၊ ငါ သက်သေပြနိုင်ပါတယ်”

“ဒါဖြင့် မင်း စလိုက်တော့လေကွာ ...”

☺ ☺ ☺

# အပိုင်း(၃)

## အခန်း(၂၁)

"သမီးလည်း ဆန်ပြုတ်ပဲ သောက်နေရတာလား"

ထမင်းစားခန်းထဲ၌ တိုးတိတ်စွာဖြင့် ဆန်ပြုတ်ကလေးကို သောက်နေရသော ရွှေယွန်းငုံအား အမေ တွေ့သွားခဲ့ပါသည်။

"ဟုတ်ကဲ့ အမေ ..."

"သမီး ခုတလော ကျန်းမာရေး ညံ့လိုက်တာကွယ်၊ ဆေးလေးဘာလေး စစ်ပါလား"

"ဗိုက်အောင့်ရုံလောက်ပါ အမေ"

"ဟုတ်လို့လားကွယ်၊ မင်းခန့ ပြောတာတော့ ခဏခဏ နေမကောင်းဘူးလို့ ပြောပြီး သူ့ကို အတွေ့မခံဘူးဆို ..."

"ဟင် ... သူက ဒီလိုပဲ ပြောသလား အမေ၊ သမီး ဗိုက်

အောင့်တတ်လို့ပါ အမေ၊ သူနဲ့အတူ အပြင်စာတွေပဲ စားနေရတာ များလို့ ထင်တာပဲ၊ စားပြီးတိုင်း မအီမလည်ဖြစ်လွန်းလို့ အပြင်မသွားချင်ဘူးလို့ပဲ ပြောမိတာပါ ...”

“အေး ... သူကလည်း စိတ်ပူလို့ ပြောတာနေမှာပါ၊ သမီးလည်း ကျန်းမာရေးကို လျစ်လျူမရှုနဲ့၊ အိမ်မှာ အမေတစ်ယောက်ပဲ မကျန်းမာတာဆိုပြီး အမေ့ကိုပဲ အာရုံစိုက်ရင်း သမီးနဲ့ သမီးအဖေပါ ဒုက္ခများနေမှာ အမေ စိတ်ပူတယ်”

“စိတ်မပူပါနဲ့ အမေရယ်၊ သမီးတို့ ဂရုစိုက်ပါတယ်၊ အမေသာ နေကောင်းအောင် နေနော်”

အမေ့၏ မျက်လုံးများက မျက်ရည်မဝဲရသေးခင်မှာပဲ မှုန်သီ၍နေပြီး အားအင်ဖျော့တော့လျက် ရှိပါသည်။

“အမေက သေမယ့်လူပဲ သမီးရယ်၊ ဒီထက် ပိုမကောင်းနိုင်တော့ပါဘူး”

“အို ... အမေရယ်”

ရွှေယွန်းငုံသည် ပိန်လှပ်လှပ်ကလေးသာ ကျန်တော့သော အမေ့ကိုယ်လုံးလေးအား ပွေ့ဖက်လိုက်ပါသည်။

ထို့နောက် ပါးပေါ်သို့ မျက်ရည်များ စီးကျလာပါသည်။

ခဏလေး ငြိမ်သက်နေကြပြီးမှ အမေက စတင်လှုပ်ရှားကာ ကိုယ်ချင်းခွာလိုက်ပါသည်။





“အမေ ဘုရားရှိခိုးတော့မယ်၊ သမီးလည်း သေချာ စားသောက်ပြီး ဆေးလည်းသောက်ဖို့ မမေ့နဲ့နော်”

“ဟုတ်ကဲ့ အမေ”

ရွှေယွန်းငုံသည် အမေ့အား တွဲ၍ ဘုရားခန်းထဲလိုက်ပို့ခဲ့ပါသည်။

ပြီးသည့်နောက် တစ်ယောက်တည်း ပြန်ထွက်လာခဲ့ပြီး အစားလည်း စားချင်စိတ် မရှိတော့သဖြင့် ခြံထဲဆင်းခဲ့ပါသည်။ ခြံထဲမှာတော့ အိုးစံပယ်လေးတွေ ပွင့်လန်းကာ မွှေးပျံ့နေလေသည်။

ပန်းပွင့်လေးများအား လက်ခုပ်တစ်ခုစာ ပြည့်အောင်ခူးရင်းကနေ ပါးထက်၌ မျက်ရည်များ စီးကျလာနေတာ သတိထားမိပါသည်။

အခုတလော ရွှေယွန်းငုံမှာ မျက်ရည်များ ပေါလွှံနေလေသည်။ အိမ်ရှေ့ထွက်လာလို့ တံခါးဖွင့်လိုက်လျှင်လည်း သူ့ကိုများ တွေ့ရမလား တွေးရင်း မျက်ရည်ကျသည်။

မီးဖိုထဲ ငါးကြော်နေလျှင်လည်း ငါးကြော်ကြိုက်သည့် သူ့ကို သတိရသည်။

သင်တန်းမှာ စာသင်နေလျှင်လည်း သူထိုင်သည့်ခုံ၊ သူ့လက်နှင့် ထိခဲ့သော အရာများကို ငေးကြည့်မိသည်။

အပြင်သွားစဉ် ကားမောင်းရင်းလည်း သူ့စကားသံများ ကြားယောင်ပြီး ငိုမိလာသည်။

သူထွက်ခွာသွားပြီး တစ်ပတ်မျှအထိ ရွှေယွန်းငုံမှာ ပုံမှန်အတိုင်းပဲ အလုပ်များ ဆက်လုပ်နိုင်ခဲ့ပါသည်။

တစ်ပတ်ကျော်သွားသည့် နောက်မှာတော့ တစ်ခုံ တစ်ရာက အသိပေးလိုက်သလို ရင်ထဲမှာ သူ့ကို မှတ်မှတ်ရရ သတိရလာသည်။

ထို့နောက် အချိန်ပြည့် မျှော်မိသည်။

နှစ်ပတ်ကျော်မျှအထိ မတွေ့ရသောအခါ အလိုလို ဝမ်းနည်းတတ်လာကာ စားချင်စိတ်၊ သွားချင်စိတ်များလည်း မရှိတော့ပေ။

သုံးပတ်အကျော်မှာတော့ ဘယ်လိုမှ သည်းမခံနိုင်တော့သဖြင့် ဘွားကို ထုတ်မေးရပါတော့သည်။

"ဘွား ... နေထူး ဖုန်းဆက်သေးလား"

"မဆက်ဘူး သမီး၊ သူ့အဖေနဲ့ အမေလည်း စိတ်ပူလို့ မဆုံးတော့ဘူး၊ ဘယ်အထိ အလည်လွန်နေသလဲ မသိပါဘူးကွယ်"

အလည်လွန်တာ မဟုတ်လောက်ပါဘူး ဘွားရယ်။ သမီးကို မတွေ့ချင်တော့လို့ ရှောင်နေတာနေမှာပါ။ သူ သမီးကို မုန်းသွားတာ သေချာပါတယ် ဘွားရယ်။

မိဆွေးတို့က ပြောတယ်၊ ရေစပ်တဲ့နေ့က နေထူး မျက်ရည်ကျနေတယ်တဲ့ ...။ အဲ့ဒါ နင့်ကို ချစ်နေလို့တဲ့ ...။





အဲသလို ပြောတယ် ဘွားရယ် ...။

အဲ့ဒါကို ငုံ လုံးဝ မသိခဲ့ဘူး ဘွား။ ငယ်ငယ်လေး ကတည်းက သူ့ပုံလေးကိုပဲ မျက်စိထဲ အမှတ်ရနေခဲ့တာ ...။ သူအရွယ်ရောက်လာတာ ...။ ခံစားတတ်တဲ့ နှလုံးသား ရှိလာဘာကို ငုံ သတိမထားလိုက်မိဘူး ဘွားရယ်။

ခု ငုံ သတိထားမိပါပြီ ...။ နားလည်ပါပြီဆိုတဲ့ အချိန်မှာ သူ မရှိခဲ့ဘူး ...။ ပြီးတော့ နောက်ကျခဲ့ပြီ ...။ မင်းခန ခတစ်ခေါက် သဘောတက်ရာမှ ပြန်လာလျှင် ...။ ဟင့်အင်း ...။

လက်ခုပ်ထဲမှ စံပယ်ပွင့်ကလေးများပေါ်သို့ မျက်ရည် စက်က ပေါက်ခနဲ လိမ့်ကျလာသည်။

အရင်ကဆို ညနေတိုင်း အိုးစံပယ်တွေ ခူးပြီး သင်တန်းဝလေးမှာ ရပ်စောင့်နေခဲ့တဲ့သူ ...။ သင်တန်းချိန် ပိတ် ပြီး အိမ်ပြန်တဲ့ လမ်းတစ်လျှောက် စံပယ်ပန်းတွေနဲ့ ပစ်ပေါက်၊ ပြေးလွှားရင်း ညနေခင်းကို စံပယ်တွေနဲ့ မွှေးစေခဲ့ကြတာပါ။

အခုတော့ စံပယ်လေးတွေ အားငယ်နေ့ရှာတယ် နေထူးလေးရယ် ...။ သူတို့ကို ချစ်ပေမယ့် ဂရုမစိုက်ခဲ့တဲ့ မမ ကို အခု သူတို့ သိပ်မချစ်ကြတော့ဘူး ...။

မင်းလည်း သူတို့လိုပဲလား အထူးရယ် ...။

"တူ ... တူ ... တူ တူ"

ခုံလေးပေါ်မှာ တင်ထားခဲ့သော ရွှေယွန်းငုံ၏ ဖုန်း ကလေးမှာ တစ်ချက်ထအော်ပြီး ပြန်ကျသွားလေသည်။

screen မှာတော့ missed call တစ်ခု ပေါ်သွားသည်။ နံပါတ်ကတော့ ရွှေယွန်းငုံ လုံးဝမသိသော နံပါတ်တစ်ခုဖြစ်သည်။

အတွေးစနှင့် မျက်ရည်များအား ဖယ်ရှားလိုက်ပြီး စံပယ်ပန်းက တစ်ဆုပ်၊ ဖုန်းကတစ်ဖက်ဖြင့် ခြံထဲမှ အိမ်ဘက်သို့ ဦးတည်လိုက်ပါသည်။ ထိုစဉ်မှာပဲ ဖုန်းကလေးက တုန်ခါကာ ...

"တူ ... တူ ... တူ တူ ...

ထပ်မြည်လာပြီး ရွှေယွန်းငုံ ကိုင်မည်အပြုမှာ ပြန်ကျသွားပါတော့သည်။

နံပါတ်ကလေးက ခုနကတစ်ခုနှင့် တူနေသဖြင့် စိတ်မှာ တစ်မျိုးလေး ခံစားလိုက်ရလေသည်။ ပြန်ခေါ်ချင်လာသည်။

ထိုအချိန်၌ ဖုန်းလေးက ပြန်ခေါ်လာပါတော့သည်။ ဖုန်းကို အမြန်ဖွင့်လိုက်ပြီး ...

"ဟဲလို ..."

တစ်ဖက်မှ မကြားမှာစိုး၍ အသေအချာ ပြန်ထူးလိုက်ခြင်း ဖြစ်ပါသည်။ သို့ပေမယ့် တစ်ဖက်မှ ဘာမှ ပြန်မပြောပါ။

"ဟဲလို ... ပြောလေ"

သူဆိုတာ မသေချာပေမယ့် သူလို့ ရည်ရွယ်ပြီး ပြောနေမိပါသည်။ ဟိုဘက်ကလည်း လုံးဝ မတုံ့ပြန်ပါ။





"မမပါ ... ပြောလေ၊ ဖုန်းခေါ်တာ ပြောစရာရှိလို့ မဟုတ်လား ..."

"မမ ..."

"ဟင် ..."

သေချာပါသည်။ သူ့အသံကလေး ...။ အတူတူ မျက်နှာချင်းဆိုင် ဆုံရလွန်းသဖြင့် ဖုန်းသိပ်မပြောဖြစ်သော်လည်း ဒီအသံကလေးကို မှတ်မိနေပါသည်။ သူက တစ်ခွန်းသာခေါ်ကာ ဖုန်းကို အပြီးတိုင် ပိတ်ပစ်လိုက်တော့သည်။

မင်း ကလဲ့စားချေတာ မမရင်တွေ သိပ်ကို နာကျင်နေပါပြီ နေထူးလေးရယ် ...။

☺ ☺ ☺

## အခန်း (၂၂)

♥ ♥ ♥

ထိုနေ့ညက ဟိုတယ်ဝန်းကြီး တစ်ခုလုံးမှာ ငြိမ်သက်တိတ်ဆိတ်လျက် ရှိပါသည်။

ဧရာဝတီမြစ်ပြင်ကြီးအား ညအမှောင်အောက်မှာ ငေးမောနေသော နေထူး ခန္ဓာကိုယ်ဆီသို့လည်း ညလေပြေများက ဖြတ်ပြေးတိုးခတ်လျက် ရှိပါသည်။

အကြမ်းပတမ်း လေတိုးသံ တစ်ချက်၊ အေးသက်ဖြားယောင်းတဲ့ လေညှင်းတစ်ချက်မှာ နေထူးဆီသို့ အင်အားများအလိုလို ရောက်ရှိလာခဲ့လေသည်။

Touch screen ပေါ်မှာ လက်မကလေးကို တဖျတ်ဖျတ် ရွှေ့လျားလိုက်ပါသည်။ ဖုန်းကို နားမှာကပ်ထားလိုက်ပြီး တစ်ဖက်မှ ring သံလေးအကြားမှာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက် ရှိပါသည်။





အဲဒီနောက် တိုးပေမယ့် မွတ်သိပ် တောင့်တမှုများဖြင့် ပြည့်လျှံနေသော အသံကလေးကို စတင်ကြားလိုက် ရပါတော့သည်။

"ဟဲလို ... နေထူး ... နေထူး ... ဖုန်းမချလိုက်ပါနဲ့နော်၊ မမကို တစ်ခုခု ပြောပါ နေထူးရယ်"

သာယာလှတဲ့ တိုးလွလွ အသံလေးရယ်ဆိုပေမယ့် ယောကျ်ားတစ်ယောက်ကို မျက်ရည်ကျစေနိုင်လောက်ခဲ့ပါတယ် မမရယ် ...။

နေထူး ပါးပေါ်သို့ မျက်ရည်တစ်ပေါက်က စိမ့်ခနဲ ဆင်းသက်လာခဲ့လေသည်။ ရင်ထဲမှာတော့ ပြောစရာများ ပြည့်နှက်နေခဲ့သော်လည်း တကယ်တမ်းကျတော့ နှုတ်ခမ်းများ တုန်ယင်နေခဲ့လေပြီ ...။

"မမ ..."

"အင်း ... ပြော အထူး"

ဘာပြောရမှာလဲ ...။ ပြောစရာ ချစ်တယ်ဆိုတာ အပြင် မရှိတော့ဘူး။ အဲ့ဒါကိုမှ ရှောင်ကွင်းပြောရရင် ဒီတစ်သက် ကျွန်တော် စကားပြောစရာအကြောင်း မရှိတော့ဘူး။

"နေထူး ... အခုဘယ်မှာလဲဟင်၊ ဘယ်တော့ ပြန်လာမှာလဲ"

"ကျွန်တော့်မှာ ပြန်လာဖို့ အစီအစဉ် မရှိသေးပါဘူး မမရယ်"

"ဘုရားရေ... ၊ ဘယ်လိုဖြစ်လို့လဲ နေထူး၊ နေထူး ကျောင်းတက်ရဦးမယ်လေ"

"ကျောင်းလည်း မတက်ချင်ဘူး"

"အို ... အဲ့ဒါ ဘာစကားလဲ၊ မင်း ကျောင်းတက်ရမှာပေါ့၊ ပြန်လာခဲ့ နေထူး ..."

"ဘာလို့ ပြန်လာခိုင်းနေတာလဲ မမ"

"ပြန်လာစေချင်လို့ပေါ့ကွာ၊ ဒီမှာ အန်တီနဲ့ ဦးလည်း မင်းကို စိတ်ပူနေတယ်၊ ဘွားရောပဲ"

"မမကရော စိတ်မပူဘူးလား"

"မမ စကားတွေမှာ မင်းကို စိတ်ပူနေတဲ့ စေတနာအသံတွေ မပါဘူးလို့ မင်းက မြင်တာလား နေထူး"

"ဒါဖြင့် ဘာလို့ စိတ်ပူနေတာလဲ"

"မင်းက ဘာကို သိချင်နေတာလဲ အထူး"

နေထူး အသံမထွက်စေဘဲ တစ်ချက် သဘောကျစွာ ပြုံးလိုက်မိပါသည်။

ရင်တွေ ပိုခုန်လာလေပြီ ... ။

ပြောရင်းဖြင့် ဆန္ဒတစ်စုံက ပွင့်အံကျသွားတော့မည် ထင်ရသည်။

စကားလုံးတွေက တမင်ရှောင်ကွင်းနေပေမယ့် ထိုစက်ကွင်းထဲက နှစ်ယောက်လုံး ရုန်းမထွက်နိုင်တာ သေချာလေပြီ။





"မမ ရင်ထဲက တစ်စုံတစ်ရာကိုပေါ့ ..."

မမဆီမှ ငြိမ်သက်မှုကို ပြန်လည်ရရှိလိုက်လေသည်။

"မမ ..."

"ဟင် ..."

"ပြောလေ ..."

"ဘာကို ..."

"ချစ်တယ်လို့ ..."

စကားသံအဖြစ် မဟုတ်ဘဲ လေသံအဖြစ် တစ်လုံးချင်း ပြောလိုက်သော သူ့မျက်နှာလေးကို ရွှေယွန်းငုံ တွေ့ချင်စိတ်များ မွှတ်သိပ်စွာဖြင့် ငြိမ်သက်သွားမိရပါသည်။

အခု ရင်ကိုစမ်းသပ်ကြည့်စရာ မလိုပါ။ ထူးထူးခြားခြား သိသိသာသာပင် ခုန်လှုပ်လျက်ရှိနေပါသည်။ ညတစ်နာရီဘိတ်ကို နာရီက ညွှန်ပြနေသော်လည်း အိပ်ချင်စိတ်မရှိပါဘဲ လန်းဆန်းလျက် ရှိနေပါသည်။

မီးပိတ်ထားတဲ့ အခန်းကျဉ်းကလေးများ ပေါက်ကွဲထွက်သွားမလား ထင်ရအောင် ရင်ခုန်သံက ပြင်းထန်လျက်ရှိပါသည်။

ရင်ခုန်တတ်ပြီ အထူး ... ။ မင်းကြောင့် မမ ရင်ခုန်တတ်သွားပြီ ... ။ မင်းကို မမ ... ။

"မမ ..."

"ပြောလေ ..."

"မသိပါဘူး၊ စကားမပြောတော့လို့ စိတ်များဆိုးသွားပြီလား လို့၊ ဘာပြောဦးမလဲ မမ၊ ကျွန်တော် ဖုန်းချလိုက်ရတော့မလား ..."

"နေဦး ..."

ရွှေယွန်းငုံသည် သူ့ဘက်က ဖုန်းချသွားမှာကို စိုးရိမ်စွာဖြင့် တားလိုက်သော်လည်း တကယ်တမ်းမှာ ပြောစရာ စကားက ရှိမနေခဲ့ပေ။ ဘာဆက်ပြောရမလဲဆိုတာလည်း မသိတော့လေ။

"မင်း ဘယ်တော့ပြန်လာမှာလဲ အထူး"

"ပြန်လာစေချင်တဲ့သူ ရှိရင်ပေါ့"

"ရှိတယ် ..."

"ဘယ်သူလဲ"

"မမလေ ..."

"ပြန်လာစေလိုတဲ့ အကြောင်းရင်း ခိုင်ခိုင်လုံလုံ ပြောနိုင်ရင် ပြန်လာမယ်လေ ..."

ချွေးကောင်လေး ...။ သူ လူလည်ကျတယ်။ ရွှေယွန်းငုံ ရင်ထဲကို မြင်ခွင့်ရအောင်ပဲ ကြိုးစားနေတယ် ...။

"မပြောနိုင်ဘူးပေါ့၊ ဒါဆို ဒါပဲလေ ..."

"ဟို ... ချွေးက ပြောတယ်"

"အင် ... ဟင်"





"မင်း မမကို ချစ်နေတာတဲ့ ..."

ကောင်ကလေးဘက်က ခဏတာ ငြိမ်သက်သွားလေသည်။ ခုံပေါ်မှာ ထိုင်နေရင်းက ဒူးတွေပင် တုန်လာခဲ့တာမို့ ကြမ်းပြင်ပေါ် ထိုင်ချပြီး ပုဆစ်တုတ် ထိုင်လိုက်ရပါတော့သည်။

"ဟုတ်တယ် ... မမကို အရမ်းချစ်တယ်၊ အရမ်းချစ်တယ်၊ အရမ်း နှမြောမိတယ်၊ စိတ်လည်း နာမိတယ် ..."

"အဲ့ဒါကြောင့် ထွက်သွားတယ်ပေါ့"

"ထွက်သွားမှ သက်သာမှာလေ ..."

"ဒါဖြင့် သက်သာပြီပေါ့၊ မမ အချစ်တွေနဲ့ ပြန်ပြီး ကုစားစရာ မလိုတော့ဘူးပေါ့ ..."

"ဗျာ ..."

သူ့ဘက်မှ အံ့ဩမှုနဲ့ ဗျာသွားသလို မရည်ရွယ်ဘဲ ပြောထွက်ခဲ့ခြင်းကြောင့်လည်း ရွှေယွန်းငုံဘက်မှာ ရှက်စိတ်ဖြင့် ပြာသွားခဲ့ရပါသည်။

"တကယ်လားဟင် ... မမ မောင့်ကို ချစ်တယ်ပေါ့ ... ဟုတ်လား၊ ဟုတ်လားလို့ မမ"

"မင်း ပြန်လာရမယ့် အကြောင်းရင်း သိပြီပေါ့နော်"

"သိပါပြီ မမ၊ မောင် ပြန်လာပါ့မယ်၊ အခု မောင့်ကို ချစ်တယ်လို့ ပြောပါ မမရယ် ... နော်၊ အားရှိချင်လို့ပါ"

"အင်း ... မမ မောင့်ကို အထူးချစ်ပါတယ်"

"မောင်လည်း မမကို အထူးချစ်တယ်"

"ဒါဖြင့် မောင် အိပ်တော့နော်၊ ဘယ်နေ့ ရောက်မှာလဲဟင်"

"မနက်ဖြန် စံပယ်တွေ ပွင့်ပြီးချိန်ပေါ့ မောင့်အချစ်ရယ်"

"မောင် သေချာပါတယ်နော်"

"သေချာပါတယ်၊ မောင် ဆက်ဆက် ပြန်လာခဲ့ပါ့မယ်"

မျှော်နေပါမယ် အချစ်ဦး အထူးလေးရယ်။ ဆက်ဆက် ပြန်ခဲ့ပါနော်ကွယ် ...။

☺ ☺ ☺



## အခန်း(၂၃)

♥ ♥ ♥

"မောင် ချက်ချင်း ရောက်လာခဲ့တယ်နော် ချစ်"

ရွှေယွန်းငုံသည် အိမ်အတွင်းဆီသို့ လှည့်ပြန်စောင်းငဲ့ကြည့်ရင်း တိုးတိုးပြောဖို့လည်း နေထူးကို အချက်ပြလိုက်ရပါသည်။

"အရမ်းလွမ်းတယ်ကွာ ..."

ရွှေယွန်းငုံ၏ ခါးကလေးကို ဆွဲပွေ့လိုက်သဖြင့် တစ်ကိုယ်လုံး သူ့ရင်ခွင်ဘက်သို့ ယိမ်းပါသွားကာ အသည်းထဲ၌ အေးခနဲ ခံစားလိုက်ရလေသည်။

အမေ အိပ်ပျော်နေရာမှ နိုးသွားပြီး ရွှေယွန်းငုံနှင့် မောင့်အခြေအနေအား သိသွားမှာလည်း စိုးရပါသည်။

မောင့်ရင်ခွင်ထဲမှာ ခဏတစ်ဖြုတ် ပါးအပ်မှီနွဲ့လိုက်

ချင်ပါသော်လည်း ဣန္ဒြေထိန်းကာ ခပ်ချာချာလေး ရှောင်လိုက်ရပါသည်။

"အန်တီကြည်ရော နေကောင်းလား"

"ကောင်းတော့ မကောင်းဘူးပေါ့၊ သက်သာပါတယ်၊ အခန်းထဲမှာ ရှိတယ်"

အိပ်နေတယ်လို့ အမှန်အတိုင်း ပြောလျှင် မောင့်ကို အခွင့်အရေးပေးရာ ကျမည်စိုး၍ ညာပြောလိုက်ပါသည်။ အဲ့ဒါတောင် မောင်က လေသံဖျော့ဖျော့ကလေးဖြင့် ...

"မောင်လို့ ခေါ်လေ"

"ဟင့်အင်း နောက်မှ"

"လုပ်ပါ ... တစ်ခေါက်တည်းလေ၊ တစ်ခေါက်တည်း"

"ပြီးရင် ပြန်မှာလား"

"အင်း ..."

"မောင် ..."

"ဗျာ ...၊ သိပ်ချစ်တာပဲ ငုံရယ်"

"အို ... မောင် လွှတ်ကွာ၊ အမေ နိုးသွားလိမ့်မယ်"

မောင်က ရွှေယွန်းငုံအား ပခုံးလေးကနေ ဆွဲပြီး ပွေ့ပိုက်လိုက်တာမို့ ရုန်းကန်ရင်း စိတ်လှုပ်ရှားနေရပါလေသည်။

မောင်က သက်ပြင်းလေးတစ်ချက်ရှိုက်ရင်း ရွှေယွန်းငုံကို လွှတ်ပေးရှာပါသည်။ အဲသလိုကျတော့ရင်လည်း မောင့်ကို သနားမိပြန်သည်။





"ဒီမှာ ကြက်ကြော်တွေ ပါတယ်၊ ငုံလည်း စား၊ အန်တီကြည်နဲ့ ဦးအောင်ကိုလည်း ကျွေးနော်"

မောင်က ရွှေယွန်းငုံကို မမလို့ မခေါ်ဘဲ 'ငုံ'ဟု ခေါ်တာမို့ နားမယဉ်သေးခင်မှာ တစ်မျိုးလေး ဆန်းကြယ်နေသယောင် ခံစားရလေသည်။

"မောင် ... ဘယ်ကပြန်လာတာလဲဟင်"

"ပုဂံက ..."

"ပုဂံ ..."

"ဟုတ်တယ်၊ အပြန်လမ်းမှာ လက်ပံဖျားကနေ ကြက်ကြော်တွေ ဝယ်လာတာလေ၊ မြန်မာကြက်စစ်စစ်တွေဗျာ၊ အရမ်းစားလို့ကောင်းတာ၊ ဟဲ ... ဟဲ ... ဒီကြက်တွေ သေတာတောင် နည်းသေးတယ်၊ ဟား ... ဟား ..."

"မောင်က ပုဂံအထိတောင် ရောက်သွားတာကိုး"

"ဟုတ်တယ်၊ မောင့်အချစ်လေးသာ ပြန်မခေါ်ရင် မောင်က ပုဂံသူလေးနဲ့ ယူပြီး ပုဂံသမက်လုပ်တော့မလို့ ..."

"မောင် တကယ်ပြောတာလား ..."

"အလကား ပြောတာပါကွာ၊ မမမျက်နှာကို မတွေ့ရဘဲ အသက်ရှင်ရတာ မောင့်အတွက် လုံးဝ မလွယ်တဲ့ကိစ္စပါကွာ ...၊ ပုဂံဟာ မောင့်အတွက် အောင်မြေပါပဲ၊ မောင့်မမဆီက မောင့်ကိုချစ်တယ်လို့ သိရတဲ့ ပုဂံညအလှကို မောင် လုံးဝ မေ့တော့မှာ မဟုတ်ဘူး"

ရွှေယွန်းငုံ၏ လက်များသည် မောင့်မျက်နှာလုံးလုံး ကလေးဆီမှ နှာတံစင်းစင်းလေးထံသို့ တို့ထိလိုက်ချင်သော်လည်း မိန်းကလေးမို့ မျိုသိပ်ကာ ပြုံးပဲပြုံးနေလိုက်ပါတော့သည်။

မမအတွက်လည်း မောင့်ဆီက အချစ်တွေကို ရှိ လိုက်တဲ့ ရန်ကုန်ည ...၊ ရန်ကုန်အလှက မမေ့နိုင်ဖွယ်ရာပါခဲ့ မောင်ရယ် ...။

မမ မောင့်ကို နက်နက်ရှိုင်းရှိုင်း ချစ်မိပါပြီ။

“ဒီည မောင် ညစာ လာစားမယ်နော်”

“အင်း ... မောင်ကြိုက်တာတွေ ချက်ပေးမယ်”

“အင်း ... ဒါဆို မောင် အိမ်ပြန်လိုက်ဦးမယ်၊ ရောက်တာနဲ့ အထုပ်ချပြီး ဒီဘက်ကူးလာတာ၊ ဘွားက သူ့ကိုတောင် နှုတ်မဆက်လို့ ပွားနေတယ်၊ ဘွား အပွားခံပြီး ချွဲလိုက်ဦး မယ်၊ ပြီးရင် ရေချိုးပြီး လာခဲ့မယ်၊ ဒါပဲနော်၊ ဒီည မမ ကို မောင် နမ်းမှာ ...”

“အို ...”

မောင်က ပြောချင်ရာပြောပြီး လှည့်ထွက်သွားသော မယ့် ရွှေယွန်းငုံမှာ နားများထူပူ၊ မျက်နှာမှာ စပ်ဖျင်းဖျင်းကြီး ဖြစ်ကျန်ရလေသည်။

မောင်နဲ့မှ ရင်ခုန်တတ်လာကာ ပျော်လိုက်တာ မောင်ရယ် ...။





ကျွန်မ တစ်သက်မှာ အချစ်ဆိုတာ ရှိလာတော့မှာ မဟုတ်ဘူးလို့ ထင်ခဲ့ပေမယ့် တကယ်တမ်း အချစ်က ဟိုးအရင် ကတည်းက အမြစ်တွယ်နေခဲ့ပါရောလား မောင်ရယ် ...။

စိတ်ကူးယဉ် ငေးမောနေသော စိတ်အစဉ်ဖြင့်ပင် အမေ့အခန်းတံခါးလေးအား တွန်း၍ ချောင်းကြည့်မိသည်။ ဆေး အရှိန်ဖြင့် အမေက အိပ်ပျော်နေတုန်းသာ ဖြစ်သော်လည်း ရွှေယွန်း ငုံ၏ မလုံမလဲသော စိတ်က ပျောက်ပျက်မသွားပေ။

ချစ်မိပါပြီကွယ် ...။ အဲ့ဒါ အပြစ်တစ်ခု ဖြစ်ပါ တယ်လို့ ဘယ်သူ စွပ်စွဲဦးမှာလဲကွယ် ...။

ရွှေယွန်းငုံသည် ရင်ခုန်နှုန်း ရာနှုန်းပြည့်ဖြင့် မောင့် အကြိုက် စားသောက်ဖွယ်ရာများကို ပြင်ဆင်ပေးနေမိပါသည်။

အစားအသောက်များ ပြင်ဆင်သလိုပဲ ကိုယ့်ကိုယ် ကိုယ်လည်း အကျအန အကြော့ရှင်းဆုံးဖြစ်အောင် ပြင်ဆင်မိသည်။

မြန်မာဆန်ဆန် ချည်သားရင်စေ့ကလေးနှင့် ချည် လုံချည် ဗေဒါပြာကလေးကို ဆင်မြန်းကာ ဆံပင်များကို နောက် ဘွဲ့ကလေး ထုံးဖွဲ့ထားခဲ့မိပါသည်။

စိတ်ချင်းပဲ ဆက်သလား၊ မောင်ကပဲ ငုံ့ကို လာ ချောင်းကြည့်ပြီးမှ ဝတ်ဆင်ခဲ့လေသလား မသိ ခရမ်းဖျော့ဖျော့ ဆိုးကွက်စိတ်လေးနှင့် ဗေဒါဖျော့ဖျော့ ရှက်လက်တိုကလေးအား ဆေါ့ပေါ့ပါးပါးနှင့် အမြင်အေးလှစွာ ဝတ်ဆင်ထားခဲ့လေသည်။

မောင် ဒီဘက်ကူးလာပြီး ညစာလာစားတော့ အမေ
လည်း ရောက်နေပြီဖြစ်သည်။

မောင့်လက်ထဲမှာတော့ ဇကာကုံးလေးတစ်ခု ပါလာသည်။ ထိုဇကာလေးထဲတွင်ကား သင်းပျံ့ပျံ့ကလေး မွှေးပါလေသော စံပယ်ဖူးကလေးများ ပါလေသည်။

"မမအတွက် ..."

အရင်ကတည်းက ပေးနေကျမို့ အဖေ့ရှေ့မှာပဲ မောင်က ပေးလာခဲ့သည်။ ရွှေယွန်းငုံကလည်း အရင်လိုပဲ လက်လှမ်းယူလိုက်သော်လည်း မောင့်လက်များနှင့် မတော်တဆ ထိမိသွားခဲ့လေသည်။

မောင်က အဖေ့နားမှာ သွားထိုင်ပြီး ထမင်းစားဖို့ ပြင်လိုက်ပေမယ့် ရွှေယွန်းငုံ၏ ရင်ထဲမှာတော့ ကျယ်လောင်စွာ မြည်ဟီး၍နေပါသည်။

မမက မောင့်ထက် သုံးနှစ်ကြီးတယ် ဆိုပေမယ့် အချစ်နဲ့ ပတ်သက်လာရင်တော့ အရိုင်းဆန်ပါတယ် မောင်ရယ်။

အချစ်ကို အချစ်မှန်း သိရှိ ရိပ်မိတာတောင် မကြာလှသေးပါဘူး မောင်ရယ် ... ။

အဲဒီညက မောင် ကတိတည်ပါသည်။ အဖေ့ အမေလည်း အိပ်မောကျချိန်၊ ဘွားတို့အားလုံးလည်း အိပ်မောကျသွားချိန်တွင် ရွှေယွန်းငုံ့ဖုန်းသို့ message ပို့လာခဲ့ပါသည်။ မောင့်





message ထဲကအတိုင်း ခြံထဲဆင်းလာခဲ့ချိန်မှာတော့ ဘယ်အချိန်ကတည်းက ရောက်နေခဲ့မှန်း မသိတဲ့ မောင်ဟာ သူ့ရင်ခွင်ထဲသို့ ရွှေယွန်းငုံ့ကိုယ်လေးကို ဆွဲယူပြီးခဲ့ပြီ။ တိတ်ဆိတ်တဲ့ ည ...၊ အလင်းရောင် ပြိုးပျပျလေးအောက်မှာ သိမ်မွေ့တဲ့ မောင့်အနမ်းတွေကို ရွှေယွန်းငုံ မငြင်းနိုင်ခဲ့ပါဘူး။ ဟင့်အင်း ... တစ်သက်လုံးပဲ မငြင်းချင်ပါဘူး မောင်ရယ်။

☺ ☺ ☺

## အခန်း(၂၄)

♥ ♥ ♥

"မမ ... မပြီးသေးဘူးလားဗျာ"

"ပြီးပါပြီ မောင်ရယ်၊ ခဏလေးပါ"

ရွှေယွန်းငုံသည် အကွက်ကျဲကျဲကလေးနှင့် လူငယ်ဆန်လှသော ပန်းလိမ္မော်ရောင်ဖျော့ဖျော့ ရုပ်အင်္ကျီလေးတစ်ထည်ကို လက်စသတ်နေခဲ့ခြင်း ဖြစ်ပါသည်။

ထိုအရာကိုကား စိတ်မရှည်စွာနှင့် ထိုင်ငေးရင်း ဘေးကနေ တပူပူ တဂျီဂျီလုပ်နေသူက မောင် ဖြစ်လေသည်။

ရွှေယွန်းငုံသည် နောက်ဆုံးသော ကြယ်သီးလေးတစ်လုံးကို တပ်ဆင်နေရင်းကပဲ မောင့်ကို လှမ်း၍ အကဲခတ်လိုက်ပါသည်။

မောင့်လက်ညှိုးက မောင့် နှာခေါင်းပေါက်ထဲမှာ ထိုးကလီရင်း မျက်လုံးက မငြိမ်မသက် ရွေ့လျားနေလေသည်။





"မောင်ရယ် ... ရှုံစရာ ကောင်းလိုက်တာ၊ လက်သွားဆေးစမ်းပါကွယ်"

ရွှေယွန်းငုံက အပြစ်ပြောသလိုသဘောမျိုး ပြောလိုက်တော့မှ မောင်က သူ့လုပ်ရပ်သူ သတိထားမိသွားလေသည်။

သတိထားမိလို့များ ရပ်လိုက်လေသလား မှတ်ရပေမယ့် မရပ်တန့်ပါ။ အနားတိုးကပ်လာပြီး ...

"အမြန်ပြီးအောင် လုပ်လေ၊ မလုပ်ရင် ဒီလက်နဲ့ မျက်နှာကို တို့မှာနော်"

"ခဏလေးပါဆို ..."

"ဟင် ... ဒါ ယောကျ်ား ရုပ်အင်္ကျီကြီးပါလား၊ မမ ဘယ်တုန်းက ယောကျ်ားအင်္ကျီ ချုပ်လို့လဲ၊ ခု ဘယ်သူ့အတွက် ချုပ်နေတာလဲ၊ မှန်မှန်ပြောနော်"

"ဟီ ..."

ရွှေယွန်းငုံသည် အဖြေပေးချင်စိတ် မရှိသဖြင့် ရယ်ပြုံးရင်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်ပါသည်။

"ဖြေလေ ... မမ၊ ဒါ ခင်ဗျား ဟိုဘဲကြီးအတွက် မဟုတ်လား"

မောင့်အသံက မာထန်ပြီး ဒေါသဓာတ် ပါနေတာကြောင့် ရွှေယွန်းငုံက မော့်ကြည့်လိုက်ပါသည်။

မျက်နှာက နီရဲတင်းမာကာ နှုတ်ခမ်းများ တုန်ယင်၍နေခဲ့ပါသည်။

ရွှေယွန်းငုံ၏ မျက်ခုံးမွေးတန်းကလေး တွန့်ကွေးသွားရတော့သည်။

"မောင် ... တော်တော် သဝန်တိုတတ်တာပဲ"

"ဘာလဲ ... မောင်က ငုံ့ကို သဝန်မတိုရတော့ဘူးလား။ ငုံက မောင့်ချစ်သူ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ငုံက မောင့်ချစ်သူပါ၊ ဒါပေမယ့် မောင်က ဘာကို သဝန်တိုနေတာလဲ"

"ဒါဆို ဘာလို့ ယောကျ်ားအင်္ကျီ ချုပ်နေလဲ"

"ဟော့ မောင် ... ကျွန်မက အင်္ကျီချုပ်တဲ့ လူလေ၊ ဆံပင်ညှပ်ဆိုင်လို အမျိုးသမီးသီးသန့်ဆိုတဲ့ ဆိုင်းဘုတ် ကျွန်မဆိုင်ရှေ့မှာ တပ်ထားတာမှ မဟုတ်တာ၊ ယောကျ်ားအင်္ကျီ ချုပ်နေရတာ ဆန်းသလား"

"တော်ပြီ၊ မမ သိပ်စကားတတ်တယ်၊ အင်္ကျီမချုပ်နဲ့၊ ဝတ္တုရေး ..."

မောင်သည် ခုံကို တစ်ချက်ထုကာ ရွှေယွန်းငုံကို ခနဲ့စကားဆိုပြီး ကျောခိုင်းသွားသည်။

အခန်းထဲကနေ ထွက်သွားဖို့အထိတောင် ဆုံးဖြတ်လိုက်ပြီးပြီထင်သည်။

မောင် ဝတ်လာသော ဂျာကင်အသားရောင်လေးကို ခဏချွတ်ထားရာမှ သွားပြန်ကောက်ယူလိုက်သည်။





စိတ်ဆိုး ဒေါသဖြစ်မှုများကြောင့် နီရဲနေသော မျက်အိမ်များကို ကာကွယ်ရန် နေကာမျက်မှန်ကို ကောက်တပ်လိုက်သည်။

ရွှေယွန်းငုံ၏ သီးသန့်ရုံးခန်းတံခါးလေးအား ဆွဲဖွင့်ဖို့ ကြိုးစားလိုက်လေသည်။

"မဖွင့်လိုက်နဲ့ မောင်"

ဖွင့်တော့ ဘာဖြစ်လဲ ...။ စိတ်ကသာ ပြန်ခံပြောလိုက်ပေမယ့် လက်များက ရပ်တန့်သွားမိရပါသည်။ မမကို အတိုင်းမသိ စိတ်ဆိုးမိနေခဲ့သည်။

ဒီညနေ မမကိုခေါ်ကာ ကားလျှောက်မောင်းဖို့ ရည်ရွယ်ပြီး အစောကြီးကတည်းက ရောက်ရှိ စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်။ အခုတော့ မမနှင့် ရန်သာဖြစ်ရတာပဲ အဖတ်တင်သည်။

စိတ်ရှိတဲ့အတိုင်း ထွက်သွားလိုက်လျှင် ပြီးတဲ့ဟာကို နေထူးမှာ မမ စကားကို နားထောင်မိသလို ရပ်တန့်နေခဲ့လေသည်။

အနောက်ကျောမှနေ နွေးထွေးမှုကို ခံစားလိုက်ရပြီး ရင်ထဲမှာ တဖျပ်ဖျပ် ခုန်လာခဲ့ပါလေပြီ ...။

နူးညံ့သော လက်ကလေးများက နေထူး ခါးမှ ပတ်ထွက်လာကာ ဝမ်းဗိုက်အနားရောက်မှ ဗိုက်မှာကပ်တင်ထားကြလေပြီ။

"မောင်က စိတ်ကြီးလိုက်တာကွယ်၊ ယောကျ်ားအင်္ကျီချုပ်နေတာလေးကို မြင်ပြီး ငါ့အတွက်များလားလို့ တွေးပါရောလား၊ ဘာလို့ တစ်ပါးသူကိုပဲ ပြေးမြင်ရတာလဲ၊ မောင့်မွေးနေ့တုန်းကလည်း ချုပ်ပေးဖူးတာပဲ"

မမ စကားကြောင့် နေထူး ရင်ထဲ ဝင်းကာသွားရသည်။ မမကို ချက်ချင်း ပြန်လှည့်ကြည့်ရင်း ...

"တကယ်ပဲ မောင့်အတွက်လား"

"မောင့် တစ်ယောက်တည်းအတွက်ပေါ့ မောင်ရဲ့ ..."

"ဟား ..."

နေထူးက မမကို ထပ်မံ ဖက်လိုက်ဖို့ ရည်ရွယ်ပေမယ့် မမက အနောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး ...

"ဟော့ ... ဟော့ ... အင်္ကျီသွားလဲ"

လက်မကလေးအား နောက်ပြန်ထိုး၍ မီးပူတိုက်ကာ အကျအန ခေါက်ထားသော ပန်းလိမ္မော်ရောင် ရှပ်အင်္ကျီလေးဆီ ညွှန်ပြသည်။

နေထူးသည် အပေါ်အင်္ကျီများ ပြန်ချွတ်ကာ မမလက်ရာ ရှပ်အင်္ကျီလေးအား အလျှင်အမြန် ဝတ်ဆင်လိုက်ပြီး ပီတိဖြာလာပါတော့သည်။

"ကြိုက်ရဲ့လား ..."

"အချစ်ပီတ်စကို ညှပ်၊ မေတ္တာအပ်ဖျားမှာ သံယောဇဉ်ကြိုး





ကိုထိုးပြီး အနမ်းစက်ပေါ် တင်ချုပ်ထားတဲ့ အင်္ကျီပဲဗျာ။ မကြိုက်ဘဲ နေပါ့မလား"

"ဟာ ... အရမ်းထိတယ်ကွာ၊ ဟင်း ..."

"ထိရင် သွားကြမယ်လေ ..."

"ဘယ်ကို ..."

"ကားလျှောက်မောင်းမယ်လေ ..."

မမက ခဏလေး စဉ်းစားလိုက်ပြီးမှ ခေါင်းလေးညိတ်ပြလေသည်။

ထို့နောက် မမ၏ လက်ထောက်ကောင်မလေးနွယ်နီအား မှာစရာရှိတာ မှာပြီး ကားလေးနှင့် ခရီးနှင်လာခဲ့ပါတော့သည်။

မမက အရင်မောင်းလာနေရင်းကမှ နေထူးကို မေးလာပါသည်။

"ဆီတွေ အပြည့်ကြီးပဲ၊ မောင် ဖြည့်ထားတာလား"

"အင်းပေါ့ ..."

"ဘယ်အထိ သွားမလို့လဲ မောင်ရဲ့"

"၁၁၅ မိုင်မှာ ညစာ သွားစားကြမယ်လေ"

"ဟို ... နေပြည်တော် ၁၁၅ မိုင်ထိ"

"အင်း ..."

မမက နာရီကို ဖျတ်ခနဲကြည့်ပြီး နှုတ်ခမ်းလေးတွေ လှုပ်လာခဲ့လေသည်။

"အခုပဲ ခြောက်နာရီခွဲနေပြီလေ၊ အသွားအပြန်ဆို ညညဉ့် နက်သွားမယ်လေ မောင်ရယ်"

"မမက မောင်နဲ့အတူ မသွားချင်ဘူးလား"

"ဟော့ ... ဟော့ ... မကောက်နဲ့နော်၊ သွားမယ် ... သွားမယ်"

မမသည် နေပြည်တော် လမ်းသစ်ကြီးဆီသို့ ဦးတည် မောင်းနှင်လိုက်ပါသည်။ ညကိုးနာရီခွဲလောက်မှာ ၁၁၅ မိုင်သို့ ရောက်သွားခဲ့ပြီး Feel မှာ ညစာ အတူစားဖြစ်ခဲ့ပါသည်။

ထို့နောက် ချက်ချင်း မပြန်သေးဘဲ သီတင်းကျွတ် ပြီးစ တန်ဆောင်တိုင် ည၏ ကြယ်တာရာများအား ငေးမောပြီး ချစ်ထုံးကိုနှောင်ဖွဲ့ခဲ့ကြပါသည်။

မမကို တစ်သက်လုံး ချစ်ပါ့မယ်။ ကျေးဇူးပြုပြီး မမ ကျွန်တော့်ကိုသာ ရွေးချယ်ပါနော်။

မမ အနေခက်မှာစိုးလို့ မမေးရက်ပေမယ့် မမ ဘယ် သူ့ကို ရွေးမလဲ၊ ဘာကို ရွေးမှာလဲ မမရယ် ... ။

☺ ☺ ☺



## အခန်း(၂၅)

♥ ♥ ♥

နေထူး ဆွဲလာသော ခြင်းတောင်းထဲတွင်ကား ဝက် သားငါးဆယ်သားနှင့် ဆီတစ်ပိသာဘူးလည်း ပါလေသည်။ ကြက် သွန်နီဖြူနှင့် ငရုတ်သီးခြောက်ထုပ်လည်း ပါသည်။

မမ ဆွဲလာသော ခြင်းတောင်းထဲ၌ကား ကန်စွန်း ရွက် အနီ၊ ဂေါ်ရခါးရွက်ညွန့် သုံးစည်း၊ ငါးကျည်းကြပ်တိုက် နှစ်ဆယ်သားလည်း ပါလေသည်။ မနက်စာအတွက် ကောက်ညှင်း ပေါင်းလည်း ပါလာပါသေးသည်။

"ငုံ လေးနေပြီ၊ မောင့်ကို ဆွဲခြင်းပေးပါလား"

"မောင့်ခြင်းက ပိုလေးတဲ့ ဥစ္စာ"

"မောင်က ယောကျ်ားလေးလေ ..."

"ဘာဆိုင်လို့လဲ ..."

"မဖြစ်ဘူး၊ နောက်နေ့ ဈေးကို ကားနဲ့ပဲသွား"

"ဩော် ... မောင်ရယ်၊ ဒီလိုရပ်ကွက်သေးသေးလေးထဲက ဈေးကိုသွားတာ ကားနဲ့ဆို လူအမြင်ကတ်စရာကြီးပါကွယ်၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် လူမုန်းခံနေရပါဦးမယ်"

ပြောဆိုရင်းဖြင့်ပင် အိမ်ပေါက်ဝသို့ ရောက်ခဲ့ပြီမို့ ...

"ခြင်းချပြီး အိမ်ပြန်တော့ မောင်၊ ကျောင်းနောက်ကျနေဦးမယ်"

"နောက်မကျပါဘူး မောင့်မိန်းမရယ်"

"ဟယ် ... ဘယ်လိုပြောလိုက်တာလဲ"

"တစ်ချိန်ကျရင် ဖြစ်လာမှာပဲဟာ၊ ခုကြိုခေါ်ထားတာလေ၊ မောင်နဲ့ မောင့်မိန်းမ ဈေးကိုအတူသွားပြန်လာတာလေ၊ မတူဘူးလား"

"တော်ပါ မောင်ရယ်၊ ကျောင်းသွားဖို့ပဲ လုပ်ပါတော့၊ ကျောင်းမှာ မောင့်ရည်းစားလေးတွေ မျှော်နေပါဦးမယ်"

"ဘာ ... ဘယ်လိုကြီး ပြောလိုက်တာလဲ၊ မောင့်ကို မမက အထင်သေးစကား ဆိုလိုက်တာပဲ၊ မောင် အသက်လိုချစ်ရတဲ့ မမကို အိမ်မှာထားပြီး မောင်က ကျောင်းမှာ ရည်းစားရှုပ်နေမယ့်သူမျိုးလားဗျ ..."

"ဟင် ... စတာပါ မောင်ရယ်၊ တိုးတိုးပြောပါ"

မမမျက်နှာလေးက မနက်စောစောမှာ ဘာမှမခြယ်





သထားတာမို့ ကြည်လင်ဝင်းပနေလေသည်။ နေထူးကို သဘောကျပြီး ပြုံးရယ်နေတာမို့လည်း နုနယ်ပြီး ချစ်မြတ်နိုးဖွယ် ကောင်းနေလေသည်။

မမကို လူကြီးတွေရှေ့မှာပဲ လက်ထပ်ခွင့် တောင်းတာ လက်ထပ်ပစ်လိုက်ချင်ပြီ ...။ မိုးခိုးချစ်ပြီး ခိုးနမ်းနေရတာကို မကျေနပ်စိတ်များ ဖြစ်လာလေသည်။

"နေထူး ..."

မမနှင့် နေထူးသည် တစ်ယောက်မျက်နှာကို တစ်ယောက်က ငေးစိုက်ကြည့်နေကြစဉ်မှာ နေထူးအား တစ်စုံတစ်ယောက်က ခေါ်လိုက်သံကြားတာမို့ ပြိုင်တူ လှည့်ကြည့်မိကြပါသည်။

အသံလာရာက နေထူးတို့ ခြံတံခါးပေါက်ဝမှဖြစ်ပြီး ခေါ်လိုက်သူက အလန်းစား မိန်းမတစ်ယောက် ဖြစ်ပါသည်။

ပေါင်တစ်ဝက်လောက်သာ ရှည်သော ဂျင်းစကတ်အတိုလေးနှင့် စွပ်ကျယ်ကိုယ်ကျပ် အဝါရောင်လေးအား ခပ်မိုက်မိုက် ဝတ်ဆင်ထားသူ ...။ ဆံပင်များက နီရဲရဲဖြင့် အလိပ်ကြီးများ ကောက်ထားပြီး ဒီအတိုင်း ဖြန့်ချထားသဖြင့် ပခုံးနှင့် ကျောတစ်ဝိုက်မှာ ဝဲပျံ့နေလေသည်။ ဖန်စီကျောက် အစိမ်းရောင်ဆွဲကြိုးက ရင်ဘတ်အောက်ထိပင် ရှည်ကျနေပြီး သူမ လှမ်းလျှောက်လိုက်တိုင်း ယိမ်းလှုပ်နေသည်။

အနက်ရောင်ပါးပါး ရှူးဖိနပ်လေးကို စီးထားသော သူမခြေလှမ်းများ၏ ဦးတည်ရာက နေထူးဆီသို့ ဖြစ်သည်။

"ဘယ်သူလဲ မောင် ..."

"မသိဘူး မမ ..."

"မောင်တို့ ကျောင်းကလား"

"အိမ်အထိ လိုက်လာရလောက်အောင် ခင်တဲ့ မိန်းကလေး သူငယ်ချင်းလည်း မရှိပါဘူး မမရယ်"

မမနှင့် နေထူး မေးကြ ဖြေကြဖြစ်နေစဉ်မှာပဲ သူမက အနားသို့ ကပ်လာပြီဖြစ်သည်။

မြင်ဖူးသလိုလိုတော့ ရှိပါသည်။

"ဟော့ကောင် နေထူး ... ငါ့ကို လုံးဝ မမှတ်မိတာလားဟ"

"ဟမ် ..."

အသံကို ထပ်ကြားလိုက်မှ မှတ်မိသလို ရှိလာသည်။ ပွင့်လင်းလွှတ်လပ်စွာ ရယ်ချလိုက်တော့မှ ငယ်ရုပ်က ဘွားခနဲ ပေါ်လာသည်။

"ဟာ ... သတိုးမြတ်မြတ် ... နင် ... သတိုးမြတ်မြတ်ပဲ"

"ဟုတ်ပါ့ ... ငါမှ ငါအစစ်"

"ဟား ... ဟား ... နင့်ပုံစံကဟာ ..."

နေထူး ဝမ်းသာအားရ ပြောနေချိန်မှာ သတိုးမြတ်မြတ်က နေထူး၏ ပခုံးပေါ် မေးလာတင်ကာ ခန္ဓာကိုယ်အား နီးကပ်စွာ သိုင်းဖက်လိုက်ပါသည်။





"နင့်ကို ငါ အမြဲတမ်း သတိရတယ်၊ နင်ရော ငါ့ကို သတိမရဘူးလား"

"အေး ... သတိရတာပေါ့ဟ"

နေထူးသည် သတိုးမြတ်မြတ်နှင့် နီးကပ်နေရသည်ကို ဘာစိတ်မှမဖြစ်ပေမယ့် မမ တစ်မျိုးဖြစ်သွားမှာကို စိတ်ပူမိသည်။

မမက ဘာမှန်း အသေအချာ မသိတော့သလို ငေးရင်း မျက်နှာလေးမှာ သွေးဆုတ်လိုက်သလို ဖြူဖျော့နေလေသည်။

"နင်က အရင်လို ဖားတစ်ပိုင်း မဟုတ်ဘဲ မိန်းမ စစ်စစ်ကြီး ဖြစ်နေတော့ ငါ မှတ်ကိုမမှတ်မိတာဟ၊ ဒီမှာ မိတ်ဆက်ပေးရဦးမယ်"

သတိုးမြတ်မြတ် ခါးလေးကို ကိုင်ကာ ရင်ဘတ်ချင်း ခွာလိုက်ပြီး နေထူးပြောလိုက်မှ သတိုးမြတ်မြတ်က မမကို လှည့်ကြည့်လေသည်။

"မမ ... သူက သတိုးမြတ်မြတ်တဲ့"

"ငယ်ငယ်ကတော့ ဆော့ဖော်ဆော့ဖက်ပေါ့၊ အခုတော့ ဟင်း ... သတိုးက နေထူးကို လက်ထပ်ဖို့ ပြန်လာတာလေ၊ မာမီတို့က သတိုးကို လူမျိုးခြားတွေနဲ့ အကြောင်းပါမှာစိုးလို့ နေထူးနဲ့ပဲ ယူရမယ်တဲ့လေ ... ၊ ဟင်း ဟင်း"

"နှင် ဘာတွေ ပြောနေတာလဲ"

နေထူးသည် ကိုယ်တိုင်လည်း အံ့ဩကာ မမ အနေ ရ ခက်သွားမှာကိုလည်း အစိုးရိမ်ကြီးနေမိပါတော့သည်။

"နှင် အိမ်ထဲဝင်ကြည့်ရင် သိလိမ့်မယ်၊ ခုလောက်ဆို မာမီ နဲ့ ဘွားတို့ ဆွေးနွေးပြီးလောက်ပြီ"

"နှင်ကလည်းဟာ ..."

"ဟုတ်တယ် ...၊ နင်နဲ့လက်ထပ်ပြီး နင့်ကိုပါ ခေါ်သွား မယ်လို့ မာမီ ပြောတယ်"

"နေထူး ဧည့်သည်ကို အိမ်ထဲခေါ်သွားဦးလေ၊ လမ်းမကြီး မှာ ရပ်နေရတာ အားနာစရာ၊ ကဲ ... သွားလေ၊ ဟင်း ... လိုက်သွားနော် ညီမ၊ မမက နေထူးရဲ့ ဆရာမပါ၊ ဆယ် တန်းတုန်းကပေါ့၊ ရွှေယွန်းငုံတဲ့"

"ဟုတ်ကဲ့ ... မမ၊ သတိုး နေထူးတို့ အိမ်ထဲ လိုက်သွား တော့မယ်နော်"

"အေး ... ညီမ"

မမသည် နေထူးမျက်နှာလေးထံသို့ ယောင်၍မျှ မကြည့်တော့တဲ ခြင်းလေးနှစ်ခြင်းကို ကောက်ဆွဲကာ ခြံအတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားပါတော့သည်။

သတိုးမြတ်မြတ်က နေထူး လက်မောင်းအား တွဲထား ခိုပြီး ခြံထဲလိုက်ဝင်လာခဲ့သည်။ အရင်က ယောကျ်ားဆန်ဆန် လျှင်မြန်ဖျတ်လတ်သော သတိုးမြတ်မြတ် ...။





အခုတော့ မိန်းမဆန်စွာ လှပကြော့ရှင်းပြီး တက်ကြွ ထက်မြက်နေတဲ့ သတိုးမြတ်မြတ် ...။

မမရှေ့မှာ ပိုင်စိုးပိုင်နင်း လုပ်ပစ်လိုက်တာ နေထူး တောင် ငိုင်သွားရလေသည်။

တကယ်တမ်းမှာလည်း သတိုးမြတ်မြတ်၏ မာမီ အန်တီမြတ်မြတ်မော်က နေထူးနှင့် သတိုးမြတ်မြတ်တို့အား လက် ထပ်ပေးစေလို၍ ပြန်လာကြခြင်းဆိုတာ မှန်ကန်နေလေသည်။ နေထူး မေမေနှင့် ဘွားတို့က ...

"နေထူးမှာ ရည်းစားမှ မရှိတာ၊ ရွှေယွန်းငုံကလည်း မင်းစနေ နဲ့ စေ့စပ်ပြီးပြီဆိုတော့ သတိုးမြတ်မြတ်နဲ့ပဲ သင့်တော်ပါ တယ်"

တဲ့ ခင်ဗျ ...။

☺ ☺ ☺

## အခန်း(၂၆)

❤ ❤ ❤

မမသည် မလှမ်းမကမ်း၌ ရွေ့လျားနေသော ရွက်လှေတစ်စီးအား ငေးရင်း ငြိမ်သက်နေလေသည်။

ငြိမ်သက်နေသော မမအား မြောတသစွာ ငေးမ နိုင်စွာ ကြည့်နေမိသော နေထူးကိုယ်တိုင်လ ်း တိတ်ဆိတ်တော မတ်နေလေသည်။

အတွေးစများကတော့ မိုင်ထေ ်ချီ ပျံ့လွင့်နေခဲ့လေ သည်။

မျက်နှာလေးက သွယ်လျစင်းမွ ်စွာဖြင့် ချစ်စဖွယ် ကောင်းနေတဲ့ ဟန်၊ နှုတ်ခမ်းထောင့်စွန်း အပေါ် ာက် ကလေးထဲ မှာ မှဲ့ရက်ပါးကလေး တင်စွန်းနေတဲ့ ဟန်၊ တည်ငြိမ်အေးချမ်းတဲ့ မျက်ဝန်းအိမ်နက်နက်ကလေးတွေရယ်၊ အားလုံးကို နေထူး မမေ့ နိုင်ပါဘူးကွယ် ...။





ကြင်နာတဲ့ လ ်ကလေးတွေနဲ့ ထိတွေ့ရတဲ့ မိန်းမောမှုကိုလည်း နေထူး ဖြုတ်ချ ချန်မထားနိုင်ပါဘူးဗျာ။

ရင်ကို တိုးလို့ းစွင့်လိုက်တိုင်း တဒိန်းဒိန်း မြည် ဟီးနေတဲ့ ချစ်သံစဉ်တွေရှိက မမနှလုံးသားကိုလည်း ဥပေက္ခာ မပြုရက်နိုင်ပါဘူး။

အဆိုးဆုံးကတော့ နေထူးကို မမ ချန်လှပ်ထားခဲ့မှာ ကြောက်တဲ့ စိတ်ပါပဲ။

နေထူး၏ ရင်ခုတ်များသည် နိမ့်လိုက် မြင့်လိုက် ဖြင့် မောပန်းဆို့ကျပ်လာလေသည်။ တုန်ယင်နေသော လက်များကို တစ်ဖက်နှင့် တစ်ဖက် ဆုပ်လိုက်ပြီး မမရင်ခွင်ဆီသို့ တိုးဝင်လိုက်ပါသည်။

မမ၏ လက်များက လှုပ်ရှားသွားပြီး နေထူးနားထင်စပ်ဆီသို့ ရေကြည်တစ်ပေါက်က ပေါက်ခနဲ ကြွေကျလာလေသည်။ ချစ်ရသူ၏ မျက်ရည်တွေမှန်း ရိပ်မိလိုက်ပြန်တော့ မျက်နှာကလေးအား မော့ကြည့်မိပါတော့သည်။

ဖြူနုသော ပါးပြင်၌ မျက်ရည်ဥလေးများက ကြွေကျနေပြီး မျက်ဝန်းအိမ်တွင်းမှာလည်း မျက်ရည်များ အိုင်၍နေလေသည်။

တစ်ဖန် ပြန်လာကာ မျက်နှာချင်းဆိုင်၍ မျက်ရည်များအား သုတ်ပေးနေမိရင်း ...

"မမ အရမ်းခံစားနေရမယ်ဆိုတာ မောင် နားလည်ပါတယ်၊ မောင်ကိုယ်တိုင်လည်း သေမတတ် နာကျင်နေရတယ်၊ ရုတ်တရက် ပြောင်းလဲပစ်လိုက်တဲ့ ကံကြမ္မာကို မောင် လက်မခံနိုင်ပါဘူး မမရယ်၊ သတိုးက ဟိုးငယ်ငယ်လေး ကတည်းက ကစားဖော်အဖြစ်ပဲ ချစ်ခဲ့တဲ့ သူငယ်ချင်းပါ မမ၊ အခု သူပြန်လာပြီး ပြောင်းလဲသွားပေမယ့် နေထူး စိတ်ထဲမှာတော့ ဘာမှမပြောင်းလဲတာ အမှန်ပါပဲ၊ နေထူး ချစ်တာ မမတစ်ယောက်တည်းပါပဲ၊ လက်ထပ်မယ့်သူဟာ လည်း မမရွှေယွန်းငုံ တစ်ယောက်ကိုပါပဲ ..."

"တော်ပါတော့ မောင်ရယ် ..."

မမ အသံများက ရင်ထဲမှလာသော ဝမ်းနည်းမွန်း ကျပ်မှုများဖြင့် ထူးထူးခြားခြား တုန်ယင်၍ နေလေသည်။

မျက်ရည်များသာ တသွင်သွင် ကျစင်းနေသော မျက်နှာလေးကိုပင် ငေးမောကြည့်နေလိုက်ပါတော့သည်။

ရှိုက်ငင်ရင်းက တုန်ယင်လာနေသော မမခန္ဓာကိုယ် လေးအား ရင်ခွင်ထဲ ပွေ့ယူရင်း ညှိုးနွမ်းနေသော မျက်နှာလေးကို ပင့်မော့စေလိုက်သည်။

ရီဝေနေသော မျက်ဝန်းများ ဆုံမှတ်တွင် ပါးပြင် လေးပေါ်သို့ အနမ်းတို့ ညင်သာစွာ ခြွေချမိလေသည်။

"ချစ်တယ်မမ၊ အရမ်းချစ်တယ်၊ လုံးဝမခွဲနိုင်ဘူး၊ ကျွန်တော်





သတိုးမြတ်မြတ်ကို လုံးဝ မယူဘူး၊ မမကိုပဲ လက်ထပ် မယ်နော် မမ"

မမ ဘာမှ မတုံ့ပြန်ဘဲ နှုတ်ခမ်းဖူးကလေးများ တုန်ယင်၍နေလေသည်။

မမေးရက်ခဲ့သော မေးခွန်းတစ်ခုအားတော့ ဒီအချိန် မှာ မေးကို မေးရတော့မည် ဖြစ်သည်။

"မမ ... တစ်ခုတော့ ဖြေပါနော်၊ မောင့်ကို သိပ်ချစ်သလား ဟင်"

"ချစ်တာပေါ့၊ သိပ်ချစ်တာပေါ့ မောင်ရယ် ..."

"ဒါဆို မင်းမနေနဲ့ စေ့စပ်ထားတဲ့ကိစ္စ ဖျက်ပေးနိုင်မလား မမ၊ မမ ဖျက်လိုက်နိုင်မယ်ဆို နေထူး သတိုးမြတ်မြတ် ကို အားမနာတော့ဘူး၊ အန်တီမြတ်မြတ်ကိုလည်း အားမနာ တော့ဘူး၊ ဖေဖေ မေမေနဲ့ ဘွားတို့ကလည်း နားလည်ပေး မှာပါနော် မမ"

မမသည် မျက်ရည်များ ခြောက်ခန်းစပြုပြီဖြစ်သော မျက်ဝန်းများနှင့် နေထူးမျက်နှာအား အတန်ကြာကြီး စိုက်ကြည့် နေလေသည်။

ဘုတ်ကလပ် ရေပြင်ကျယ်ဆီမှ တိုးတိုက်လာသော လေပြေများက မမဆံနွယ်များကို ဝဲလွင့်နေစေသည်။

လေပြေက အေး၍နေပေမယ့် ရင်မှဒဏ်ရာက မီးစ သို့ ပူ၍ တဖျင်းဖျင်း အလျှံညီး၍နေလေသည်။

မမ မျက်တောင်များ သုံးလေးချက်ဆင့်၍ ပုတ်ခတ်လိုက်သည်။ ထို့နောက် ခေါင်းကို အသာအယာ ယမ်းလိုက်လေသည်။

နေထူး အာရုံထဲ၌ မိုးသက်လေပြင်း ကျလိုက်သလိုခံစားလိုက်ရပေသည်။

"မဖြစ်နိုင်ပါဘူး မောင်ရယ်"

တဲ့ ...။ သွားပါရောလား ...။ ဘဝမှာ ဘာမှမက်မောစရာ မကျန်တော့အောင် မမဆုံးဖြတ်ချက်က တစ်စစီဆွဲဆုတ်လိုက်တာပါပဲလား။

မမအား မံယုံနိုင်သလို ငေးမောစိုက်ကြည့်နေမိသည်။ ရင်ထဲ၌ရော၊ အသိဉာဏ်ထဲ၌ပါ အရာအားလုံး ဟင်းလင်းကြီးဖြစ်၍ နေလေသည်။

"ပြန်ကြရအောင်နော် ..."

မမ သတိပေးမှ နေထူး ထိုင်ရာမှထသည်။ ပန်းခြံထဲမှ နေထူး မောင်းလာသော ကားကလေး ထွက်ခွာလာပြီးမကြာမီတွင် မမဆီ လှည့်စောင်းကြည့်မိသည်။

စိတ်မော၊ လူမော ဖြစ်နေခဲ့ပြီမို့ မမ ပျော့ခွေကာ အိပ်ပျော်နေလေသည်။ ဩော် ... မမ သိပ်ပင်ပန်းနေရရှာတယ်။ မင်းမနေဆိုတဲ့ လူရဲ့ ရင်ခွင်ထဲ ရောက်ရင်ရော သက်သာပျော်ရွှင်စေမှာတဲ့လား ...။





နေထူး၌ စိတ်ရိုင်းများ ရုန်းကြွလာလေသည်။ သိပ်ချစ်သော မမကို ဘယ်သူ့ကိုမှ မပေးချင်၊ ပေးလည်း မပေးလိုက်နိုင် ...။ စက်အရှိန်ကို မြှင့်တင်လိုက်သည်။ နှုတ်ခမ်းများ နာကျင်စွာ ပြုံးလိုက်သည်။

မှားယွင်းနေတဲ့ မမ ဆုံးဖြတ်ချက်ကို ကျွန်တော်ပြင်ပေးမယ်။ မမ နားလည်ပေးရမယ်နော်။

"ဘယ်တွေ မောင်းနေတာလဲ မောင်၊ ခုထိ အိမ်မရောက်သေးဘူးလား"

"အိမ်မပြန်တော့ဘဲ နေလိုက်ကြရအောင် မမ၊ နေထူး မမကို ခိုးပြေးလာပြီ"

"ဘာပြောတယ် ...၊ နေထူး ခု ကားပြန်လှည့်"

"မလှည့်နိုင်ဘူး မမ၊ မမကို မောင် ချမ့်(စ)ပေးခဲ့တယ်၊ ဒါပေမယ့် မမ အမှားကြီး ဆုံးဖြတ်တယ်"

"အမှားဆုံးဖြတ်တာ မဟုတ်ပါဘူး မောင်ရယ်၊ မမနှလုံးသားတစ်ခုလုံး ကြေမွခံပြီး ဆုံးဖြတ်ခဲ့တာပါ"

"မသိဘူး၊ မမ လိုက်ခဲ့ရမယ်"

"မလုပ်ပါနဲ့၊ မမ စကား နားထောင်ပါ နေထူး၊ ခုချိန်မှာ မမ အမေရဲ့အခြေအနေဟာ နေ့လား ညလားဆိုတဲ့ အခြေအနေပါ၊ အဲ့ဒါကို သိလျက်နဲ့ ယောကျ်ားနောက်လိုက်ပြေးတဲ့ သမီးဆိုး အဖြစ်မခံနိုင်ဘူး၊ တစ်သက်လုံး မိဘမျက်နှာ

ကို အရိပ်လိုကြည့်ပြီး နေလာတဲ့ သမီးတစ်ယောက်အနေနဲ့ ဆက်ပြီး လိမ္မာချင်တယ်"

"ဪ ... အဲ့ဒါနဲ့ မောင့်ဘဝကို ဖျက်ပြီး မင်းခနဲ ရင်ခွင်ထဲ သွားမယ်ပေါ့၊ မမ ... မမ ..."

ဘာမှမပြောနိုင်တော့ဘဲ ဆို့နစ်စွာဖြင့် ကားကိုရပ်ပစ်လိုက်ရပါသည်။ မမ မျက်ဝန်းများဆီ ယှဉ်ကြည့်လိုက်ရင်း နာကျင်စွာ တိတ်ဆိတ်လိုက်ရပါတော့သည်။

☺ ☺ ☺



## အခန်း(၂၇)

♥ ♥ ♥

"သမီး ဆိုင်သွားရင် သွားလေ၊ အမေ့နားမှာ အဖေရှိနေပေးမယ်"

"ရပါတယ် အဖေ၊ ဆိုင်မှာ နွယ်နီက အားကိုးလို့ရပါတယ်၊ ခုချိန်မှာ အဖေနဲ့ သမီး အတူတူ အမေ့နားမှာ ရှိနေတာ ပိုကောင်းမှာပါ"

"အင်း ..."

အဖေက ထောက်ခံသလို ခေါင်းညိတ်ရင်း အခန်းထဲ ဝင်သွားခဲ့သည်။

"အဖေစားဖို့ သမီး ဟင်းချက်လိုက်ဦးမယ်နော်၊ တစ်ခုခု လိုချင်ရင် အော်ခေါ်နော်"

"အေး ... သမီး"

ရွှေယွန်းငုံသည် မီးဖိုခန်းထဲ ဝင်လာခဲ့ပြီး မနက်စာကို စတင်ပြင်ဆင်လိုက်ပါသည်။

ရေခဲသေတ္တာထဲ၌ ဒီအတိုင်းရှိနေသေးသော ပဲပြုတ်ထုပ်ကလေးကို မြင်တော့ မနက်က မြင်ကွင်းကို သွားသတိရမိသည်။

ပဲပြုတ်ဝယ်မယ်ဆိုပြီး ခြံထဲထွက်အသွားမှာ အိမ်ရှေ့လမ်းပေါ်မှ မြင်ကွင်းက ရွှေယွန်းငုံကို သိသိသာသာကြီး ခြေမှုလိုက်သလို ဖြစ်သွားသည်။

သတိုးမြတ်မြတ်က မောင့်လက်မောင်းကို တွဲခိုပြီး ရယ်မောနေသည်။ မောင်က ခရီးဆောင်အိတ်ကြီးများကို ကားနောက်ခန်းထဲ ထည့်နေသည်။ ဘာနေရောင်မှ မထွက်ပေါ်သေးသော မနက်ခင်း၌ပင် အနက်ရောင် နေကာမျက်မှန်ကြီးကို အကျအနတပ်ပြီး ပြုံးတော့ ပြုံးနေသည်။

အိမ်ရှေ့ထိ ထွက်ကြည့်နေကြသော ဘွားနှင့် အန်တီမြတ်နိုးကိုလည်း တွေ့နေရသည်။ သတိုးမြတ်မြတ်၏ အမေကိုလည်း တွေ့ရသည်။

မောင်ကိုယ်တိုင် land rover ကား ခဲရောင်ကြီးကို မောင်းပြီးထွက်သွားခဲ့တာ ... ။

ရွှေယွန်းငုံကို မြင်ရဲ့လားတောင် မသိပါဘူးကွယ်။

မျက်စိတဆုံး သတိမဲ့ ငေးနေပြီးမှ အိမ်ထဲကို ဝင်ဖို့ပြင်မိတာ သိပ်နောက်ကျသွားခဲ့ရလေသည်။





အန်တီမြတ်မြတ်က ရွှေယွန်းငုံကို တွေ့သွားခဲ့ပြီး ...

"သမီးရေ ..."

"ဟုတ်ကဲ့ အန်တီ"

လူကြီးတွေ အနားမရောက်ခင်မှာ မျက်တောင်လေးများအား ပုတ်ခတ်ပြီး မျက်ရည်လေးတွေကို နှင်ထုတ်လိုက်မိသည်။

"ပဲပြုတ် ဝယ်မလို့လား သမီး"

"ဟုတ်တယ် အန်တီ၊ ဒီနေ့ ဒေါ်ပီးပီ နည်းနည်းနောက်ကျတယ်"

"အေး ...၊ အန်တီ စောင့်ပေးမယ်လေ ..."

"ရပါတယ် အန်တီမြတ်နိုးရဲ့"

"ကဲပါကွယ် ... ခဏလေးပဲဟာ၊ မမကြည့် အခြေအနေရော သမီး"

"မသက်သာပါဘူး အန်တီရယ်၊ အဖေရော သမီးရော ပြုစုပေးနေတာပါပဲ၊ အမေလည်း အတော် ပင်ပန်းနေရှာပြီ"

"အေးကွယ် ... သမီးလက်ထပ်တာကို မြင့်သွားချင်ပုံရတယ်၊ တစ်နေ့က အန်တီသွားနေပေးတော့ သမီးအကြောင်း ပြောတယ်၊ သမီးကို စိတ်မချနိုင်ဘူးတဲ့၊ မင်းခန့ အမြန်ပြန်လာရင် ကောင်းမယ်တဲ့လေ"

အန်တီမြတ်နိုး ပြောစကားကြောင့် ရွှေယွန်းငုံမှာ ငြိမ်းနည်းသွားခဲ့ရပါသည်။

"သမီးလေးလည်း မင်းခနနဲ့ ဖုန်းပြောဖြစ်သေးလား"

"ဟုတ် ... ဟုတ်ကဲ့ အန်တီ"

"အင်း ... သားကို အစက သမီးနဲ့ သဘောတူနေတာ၊ သားက ငယ်သေးတာကို စောင့်ရင်းနဲ့ မင်းခနက ဦးသွားတာကွယ်၊ အင်းလေ ... ခုလည်း သတိုးမြတ်မြတ်လေးက မဆိုးပါဘူး၊ သွက်လက်ပြီး နေထူးကိုလည်း အတော်လေး ချစ်ရှာတယ်၊ အန်တီ့ သူငယ်ချင်းရဲ့ သမီးလေးဆိုတော့ အတွင်းသိ၊ အစင်းသိတွေပေါ့ကွယ်၊ သားကတော့ ရုတ်တရက်ကြီးမို့လား မသိဘူး၊ အင်တင်တင်ရယ်၊ အဲ့ဒါနဲ့ ပိုပြီး ရင်းနှီးသွားအောင် ပေလီကို နှစ်ယောက်တည်းသွား ဆိုပြီး လွှတ်ပေးလိုက်ရတယ်၊ ပြန်လာတာနဲ့ စေ့စပ်ပေးလိုက်တော့မယ်လေ"

ရွှေယွန်းငုံသည် တစ်ခုံတစ်ရာ ပြန်လှန်မပြောနိုင်တော့သဖြင့် ခေါင်းကလေးသာ ညိတ်ပြုံးပြလိုက်ရပါသည်။

အန်တီမြတ်နိုးက ရိုးရိုးသားသား ပြောသွားခဲ့ပေမယ့် ရွှေယွန်းငုံမှာက မရိုးသားသူဆိုတော့ စူးစူးနစ်နစ် နာကျင်ရလေသည်။

"ဟော ... ဒေါ်ပီးပီ လာပါဦးရှင်"

ပဲပြုတ်သည် အဒေါ်ကြီးက မအော်ဘဲ အနားရောက်လာခဲ့သလား၊ အော်လျက်ကပဲ ရွှေယွန်းငုံ မကြားတာလား မရေရာပေမယ့် ဘာသံမှ မကြားလိုက်ဘဲ အနားရောက်လာခဲ့လေသည်။





အန်တီမြတ်နိုး ကမ်းပေးတဲ့ ပဲပြုတ်ထုပ်ကလေးယူပြီး ...

"ဝင်တော့မယ်နော် အန်တီ"

"အေး ... အေး ... သမီး"

အန်တီ့ရှေ့ ကြာကြာမနေနိုင်တော့သဖြင့် အိမ်ထဲသာ အမြန်ဝင်လာခဲ့ရပါသည့်အဖြစ်။

"သမီးလည်း တစ်ခါတည်း စားလေ"

"ဗိုက်မဆာသေးဘူး အဖေ၊ အဖေ စားနှင့်နော်"

အဖေ့အတွက် မနက်စာပြင်ဆင်ပေးပြီး အမေ့အခန်းထဲ ဝင်လာခဲ့ပါသည်။ အမေက မျက်လုံးကလေးမှိတ်ကာ မှိန်းနေလေသည်။

ခုချိန်ထိ ရေတစ်စက်တောင် မသောက်ရသေးပါပဲ ထမင်းလည်း လုံးဝ မဆာဘဲ ရင်ထဲ တင်းကျပ်နေခဲ့လေသည်။

သတိုးမြတ်မြတ်နဲ့ဆို မောင့်ဘဝ ဒီ့ထက်မြင့်မားနိုင်တာပဲ ...။

ရွှေယွန်းငုံက ကျေနပ်နှစ်သိမ့်နိုင်ရမှာပေါ့ ...။

ဘာကို ဝမ်းနည်းနေရမှာလဲ ...။

"မမင့် ..."

"ဟေ ..."

အတွေးတို့ ပွေလီနေချိန်တွင် ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်မိပါသည်။

"ပြော ... နှယ်နီ

"မမနဲ့ ဒီဇိုင်းကိစ္စ ဆွေးနွေးချင်တယ်ဆိုတဲ့ မင်းသမီး ရောက်နေတယ် မမ ..."

"သြော် ... အင်း ... မမ ခုလိုက်ခဲ့မယ်"

နှယ်နီနှင့် မလှမ်းမကမ်းမှ ခပ်သွက်သွက်လေး လိုက်သွားရင်း ခြေလှမ်းက တုံ့ခနဲဖြစ်သွားခဲ့သည်။

ဗိုက်ထဲ၌ စူးစူးနစ်နစ် တစ်ချက် အောင့်သွားခဲ့သောကြောင့် ဖြစ်သည်။ သို့ပေမယ့်လည်း ဆက်လျှောက်သွားရင်းက ဆိုင်အထိပင် ရောက်သွားခဲ့ပြီး မင်းသမီးလေးကို တွေ့လိုက်ရလေသည်။

"ဟာ ... မမ တွေ့ရတာ ဝမ်းသာပါတယ်၊ မမကို အလောတကြီး အပူကပ်ချင်လို့ ..."

"ပြောပါ မီမီ"

"ရုပ်ရှင်ကားကြီးတစ်ခု လက်ခံထားတယ်၊ အဲဒီမှာ ဇာတ်ရုပ်က ဆန်းတယ်၊ ဝတ်နေကျမဟုတ်တဲ့ ကွဲပြားတဲ့ ဒီဇိုင်းမျိုး ဝတ်နိုင်မှ ဖြစ်မှာ"

"ဟုတ်ပြီ ...၊ ဘယ်လို ကာရိုက်တာလဲ၊ မမကို အသေးစိတ်ပြော"

မင်းသမီးလေးက အားပါးတရ ယုံကြည်သက်ဝင်စွာ ပြောဆိုနေလေသည်။ နားထောင်ရင်းက ဗိုက်ထဲမှ ဗူးခဲနေရကျင်





မှုကို အံကြိတ်ထားရင်း ချွေးစေးများ ပြန်လာခဲ့လေသည်။ မီမီ ပြန်သွားပြီးချိန်မှာတော့ နှယ်နီက ...

"မမငုံ ဆေးခန်းသွားကြရအောင်"

ဟု ပြောလာသဖြင့် ရွှေယွန်းငုံ၏ လက်များက နှယ်နီ့လက်များဆီ ဖမ်းဆုပ်လိုက်ရပါတော့သည်။

☺ ☺ ☺

အခန်း(၂၈)

♥ ♥ ♥

"ငါတို့ အကြာကြီး ပျော်ခဲ့ကြတယ်နော်"

"အံမယ် ... နင်က တကယ် ပျော်လို့လား"

"ပျော်ပါတယ်"

"ငါတော့ မယုံပါဘူး၊ နေခဲ့တဲ့ ဆယ်ရက်လုံး ရေထဲလည်း မဆင်းဘူး၊ ဟိုတယ်မှာပဲ ငုတ်တုတ်ကြီး ထိုင်နေခဲ့ပြီးတော့"

နှုတ်ခမ်းကို စူပုပ်ပုပ်ကြီးလုပ်ပြီး သတိုးမြတ်မြတ် ပြောတော့ နေထူး ရယ်လိုက်မိပါသည်။

ဒီဆယ်ရက်လုံးလုံး နေထူး စိတ်သက်သာနေ တော့ သေချာလေသည်။

မမကို အရွဲ့တိုက်ချင်စိတ်ဖြင့် သတိုးမြတ်မြတ် သ ချင်ပါသည်ဆိုသော ပေလီကို လိုက်ခဲ့မိသည်။





သတိုးမြတ်မြတ် ပျော်သလို မပျော်နိုင်ပေမယ့် မမကို ပဲ မေ့ထားနိုင်ရင် ကျေနပ်ပါပြီဆိုသည့် စိတ်နှင့် အကြာကြီးနေခဲ့ သည်။

သတိုးမြတ်မြတ်၏ အလှအပမှာများ မွေ့ပျော်နိုင် မလားဆိုပြီး စိတ်နှစ်ခံစားကြည့်ခဲ့သည်။

သို့ပေမယ့် လုံးဝ မရနိုင်ခဲ့ပေ ...။ ရန်ကုန်မှ စ ထွက်လာခဲ့တဲ့ မနက် ...။ ထိုမနက်က နေထူးနှင့် သတိုးကို ငေးနေသော မမကို နေထူး မြင်ခဲ့ပါသည်။

မမကို နာကျင်စေလို၍ပဲ မမ ပဲပြုတ်ထွက်ဝယ်တတ် သည့် မနက်ခင်းကို ရွေးကာ အိမ်ထဲမှ ထွက်လာခဲ့တာဖြစ်သည်။

ရယ်မောရလောက်အောင် ပျော်စရာကောင်းနေခဲ့တာ မဟုတ်ပေမယ့် သွားတွေပေါ်အောင် တမင် ရယ်နေခဲ့တာလေ ...။ မမ ဘာခံစားရမလဲ၊ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ ...။

"ငါတို့ ဟန်းနီးမွန်းကျရင် ဘယ်သွားမလဲ နေထူး"

"မသိဘူးလေ၊ နင့်သဘော ..."

"ပုဂံ ..."

"ဟာ ..."

"ဒါဆို ကလော ..."

"အင်း ..."

ပုဂံကိုတော့ အချစ်မပါတဲ့ နှလုံးသားနဲ့ မသွားလို

ပေ။ ပုဂံညမှာ မွေးဖွားခဲ့တဲ့ အချစ်ကိုတော့ ဘာနဲ့မှ အရောင်မဆိုးလိုပေ ...။

"မစေ့စပ်တော့ပဲ တစ်ခါတည်း လက်ထပ်လိုက်ရင် ကောင်းမလား နေထူး"

"ဟ ... မလုပ်နဲ့လေ၊ ငါက ကျောင်းမှ မပြီးသေးတာ။ ကျောင်းလေးတော့ လွတ်လွတ်လပ်လပ် ပေးတက်ပါဦးဟ"

"ဟင်း ... ဟင်း ..."

သတိုးမြတ်မြတ်က ရယ်မောရင်း ပြင်ပရှုခင်းတွေဘက် အကြည့်ရောက်သွားခဲ့လေသည်။ လေပူတစ်ချက်ကို သူမမြင်အောင် ထုတ်လိုက်ရင်း ကိုယ်တိုင်လည်း အပြင်ဘက် ငေးမိသည်။

"အိမ်ရောက်တော့မှာပဲ"

"အိမ်ရောက်ရင် ငါ့ကို ဆပါးတစ်ခုခု လိုက်ပို့ဦးနော်"

"ဘာလုပ်မလို့လဲ"

"ဟာ ... ဟိုမှာ အကြာကြီး ရေဆော့လာတာ ငါ့စကင်တွေ ပျက်စီးကုန်ပြီလေ၊ စခရပ်(ပ)လေး ဘာလေး လုပ်ရမှာပေါ့"

"နင်တို့ မိန်းကလေးတွေဟာ သိပ်ရှုပ်တယ်"

"အဲဒီလို ရှုပ်တာမှ နင်တို့ အသည်းကို ဖမ်းစားနိုင်တာလေ။ ဟိ ... ဟိ"

နေထူးသည် မတတ်သာသည့်အဆုံး လက်မြှောက်





အရှုံးပေးလိုက်ရင်း ဟိုင်းဝေးကားကြီးပေါ်မှာ အိပ်ပျော်အောင် အိပ်လိုက်ပါသည်။

သိပ်မကြာခင်မှာပဲ သတိုးမြတ်မြတ်က ပခုံးကို တွန်းတိုက်နှိုးရင်း ...

"ရောက်ပြီဟေ့ ..."

အဝေးပြေးကားဂိတ်ကြီးဆီကို ရောက်ပြီမှန်း နေထူး သိလိုက်သည်။ ကားဂိတ်ကြီးမှာ ရပ်ထားခဲ့သော နေထူးတို့ ကားပေါ်သို့ ပစ္စည်းတွေ ပြန်ချရင်း အိမ်ကို မောင်းလာခဲ့သည်။

"ဒီကားကို နင့်အိမ်ကိုပဲ ယူသွားတော၊ ငါ ဘွားဘွားတို့ အိမ် အရင်ဝင်ဦးမယ်"

"အေး ... ငါလိုက်ပို့မယ်"

သတိုးမြတ်မြတ် အဖေဘက်မှ အဘွားတို့အိမ်ဆီ အရင်ဝင်ပို့ပြီးမှ နေထူး ကားကို ပြန်မောင်းယူလာခဲ့သည်။

အန်တီမြတ်မြတ်က နေထူးကြိုက်သည့် Land Rover ကြီးအား လက်ဆောင်အဖြစ် ပေးခဲ့တာဖြစ်သည်။

လက်ထပ်ပြီးရင်လည်း လိုတိုင်းတ ရနိုင်သည်တဲ့။

လူငယ်မို့ မက်လောက်စရာ ကောင်းပေမယ့် ရင်ထဲကနေတော့ လုံးဝ မပျော်နိုင်ဘဲ ရှိနေသည်။

အိမ်ရှေ့၌ ကားရပ်လိုက်သည်နှင့် မျက်ဝန်းများက တစ်ဖက်တိုက်ကလေးဆီ ငေးပြီးသား ဖြစ်သွားသည်။

အားလုံးကတော့ ငြိမ်သက် တိတ်ဆိတ်လျက် ရှိပေသည်။

"မေမေ ...၊ သား ပြန်လာပြီ"

အိမ်ထဲရောက်မှ အော်ခေါ်လိုက်သဖြင့် မေမေနှင့် ဖေဖေတို့ ထွက်ပေါ်လာကြလေသည်။

"ဟဲ့ ... သား၊ သတိုးလေးရော"

"ရှိပါ့၊ သူ့အိမ်မှာ ဝင်ကျန်နေခဲ့တယ်"

"သြော် ... အေး အေး၊ ပျော်ခဲ့ကြရဲ့လား"

"ဟုတ်ကဲ့ ...၊ ပျော်လို့ ဒီလောက်ကြာသွားတာပေါ့ မေမေရဲ့"

"အေး ... ခရီးရောက်မဆိုက်ဘဲ ငါ့သားရာ မင်း မမဆီ သွားလိုက်ပါဦး၊ သူ့အမေ ဆုံးသွားရှာပြီ၊ သား သွားတဲ့နေ့ ညပိုင်းမှာပဲ"

နေထူးသည် နောင်တရလိုက်သလို ဆုံးရှုံးလိုက်သလို ခံစားလိုက်ရလေသည်။

"ဟော ... သားကို ဖုန်းဆက်ခေါ်ပါတော့လား၊ သား ဖုန်းဆက်တုန်းက ဘာလို့ မပြောတာလဲ"

"မင်း ပျော်နေတာ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ မပြောနဲ့လို့ ရွှေယွန်းငုံက အတင်းတားလို့ပါကွာ"

နေထူးသည် တွေ့ရာဖိနပ်ကောက်စီးလာကာ မမတို့ခြံကလေးဆီ ပြေးလာခဲ့မိလေသည်။





"မမ ..."

နေထူး ခေါ်သံကြောင့် တုန်ယင်သွားသော မမကို ိအတိုင်းလေး ထိုင်နေတာ တွေ့ရလေသည်။

မမ ပုံကလေးကပါ ညှိုးနွမ်းနေပြီး အခုထိ မျက်ရည် ဘို့က ရှိနေတုန်းဖြစ်သည်။ အိမ်တစ်အိမ်လုံးက တိတ်ဆိတ်နေ ခဲ့ပြီး ...

"ဦးအောင်ရော မမ ..."

"တရားစခန်း ဝင်နေတယ်"

"မမရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ နေထူး ဘယ်တုန်းက ရောက်လဲ"

"ခုပဲ ..."

နေထူးသည် မမရှေ့နားမှာ ဒူးထောက်ထိုင်ချလိုက် ရင်း မျက်နှာကလေးအား မက်မက်မောမော ကြည့်လိုက်မိပါသည်။

"သေချာတယ် မမ၊ မောင် မမကို မခွဲနိုင်ဘူး၊ မမကို သိပ်ချစ်တာပါ၊ တောင်းပန်ပါတယ်၊ မောင့်နောက်က လိုက်ခဲ့ပါနော်၊ နော် ... မမ"

လက်နှစ်ဖက် ယှက်ရင်း လက်အုပ်များပင် ချီတော့ မတတ် တောင်းပန်ကာ ဒီတစ်ခါတော့ နေထူးကိုင်တိုင်ပင် ငိုညည်း မိပါတော့သည်။

"မမ မင်းခနနဲ့ မကြာခင် လက်ထပ်တော့မယ် နေထူး၊

မင်းနဲ့ မမ မတော်တဆ ချစ်ခဲ့ကြတဲ့ အဖြစ်ကို မေ့လိုက်ပါ၊ ခေါင်းထဲက ထုတ်လိုက်ပါ"

"ဗျာ ... ဘာဖြစ်လို့လဲ၊ ဘာကြောင့် မမ မောင့်ကို ငြင်းရက်တာလဲ၊ ချစ်တယ် ... သိပ်ချစ်တယ်ဆို ... "

"အချစ်ဆိုတာ ဖမ်းဆုပ်မရတဲ့ နှောင်ကြိုးတစ်ခုပါ နေထူး၊ ညံ့တဲ့လူတွေသာ အချစ်မှာ ရှုံးတာပါ"

ဩော် ... မမက မညံ့ဘူးပေါ့။ တော်ပါတယ် မမရယ် ... ခင်ဗျားပဲ မှန်ပါတယ်။

☺ ☺ ☺



အခန်း(၂၉)

♥ ♥ ♥

နေထူးသည် အိမ်မှာလည်း မနေချင်သဖြင့် မင်းမင်းတို့အိမ်မှာသာ နေနေခဲ့ပါသည်။

သတိုးမြတ်မြတ်နှင့်လည်း ခဏခဏ မတွေ့ချင်သောကြောင့် စာမေးပွဲ အကြောင်းပြကာ ရှောင်နေလိုက်သည်။

"ရည်းစား အသစ် ထားလိုက်ပါလား၊ ကျောင်းမှာ မင်းကို ခိုက်နေတဲ့ ကောင်မလေးတွေ အများကြီး ရှိတာပဲ"

မင်းမင်း ပေးသော အကြံကို လက်ခံရင်းပဲ ရည်းစားတွေ တစ်ယောက်မက ထားပစ်လိုက်ပါသည်။

"ကိုကို အမြန်မောင်းကွာ၊ ခုဆို ရှီးပွဲ စနေပြီ"

"အေးပါ ... ကိုလည်း မောင်းနေတာပဲ၊ မီး ဘိုးအေက မီးပွိုင့်တွေ အများကြီး တပ်ထားတာကိုး"

"ကိုကို အိမ်ကို စောစောလာခေါ်ရင် ပြီးတာပဲဟာကို"

"အေးပါ မီးရာ၊ ကိုကို မှားပါတယ်၊ ဆောရီးပါ"

မီးမီးက တောင်းပန်လိုက်မှ ကျေနပ်သွားလေသည်။

ရည်းစားထားလိုက်လို့များ စိတ်သက်သာမလား အောက်မေ့ခဲ့ပေမယ့် ပိုလို့တောင် ပင်ပန်းရပါသေးသည်။

ယခုလည်း ဒီဇိုင်နာအစုံ၏ ဒီဇိုင်းပေါင်းများစွာကို ရှိုးပွဲလုပ်ပြီး ရောင်းချနေသည့် ပွဲတစ်ပွဲသို့ ရည်းစားလေးကို လိုက်ပို့ခဲ့ရပါသည်။

ဟိုတယ်အဝမှာပဲ ကားရပ်ပေးပြီး ...

"ဝင်တော့ကွာ၊ မီးမီး ပြန်ချင်ရင် ဖုန်းဆက်လိုက်၊ ကိုကို လာခေါ်မယ်"

"ဟင့်အင်း ... ကိုကိုပါ လိုက်ရမှာ၊ ဒီပွဲမှာ မီး အစ်မဝမ်းကွဲနဲ့ သူ့ဘဲပါ ရှိုးလျှောက်မှာ၊ အဲ့ဒါ ကိုကိုနဲ့ မိတ်ဆက်ပေးမလို့၊ မမရဲ့ ဘဲထက် မီး ကိုကိုက ပိုချောတာ သိသွားအောင်လို့"

"ဟာကွာ၊ အပိုအလုပ်တွေ ..."

"ကိုကို နော်"

ရွှေမီးမီးက စိတ်ကောက်ဖို့ စတင်ပြင်ဆင်လိုက်ပါသည်။

"တိ ..."





ကားဟွန်းသံကြောင့် နောက်ကြည့်မှန်ထဲမှ ကြည့်လိုက်စဉ် ရင်းနှီးမှတ်မိနေသော ကားအဖြူလေးကို တွေ့လိုက်မိသည်။

ဩော် ... ဒီဇိုင်နာပေါင်း စုံတဲ့ပွဲပဲ ...။

"ဟင်း ... ကိုကိုက စတာပါကွာ၊ လိုက်မှာပေါ့ မီးရဲ့"

"ကိုကို ... တကယ်"

"တကယ်ဗျာ"

နေထူးသည် ဟိုတယ် ကားပါကင်ဆီသို့ မောင်းဝင်လာခဲ့ရင်း အနောက်ပါးမှာ ကပ်ပါလာသော ဒီဇိုင်နာမမ လှလှလေးဆီသို့သာ အာရုံရောက်နေခဲ့လေသည်။

ကားနှစ်ခု ယှဉ်ရပ်လိုက်ပြီးသည့်နောက်တွင် နေထူး၏ မီးမီးက မျက်နှာကို ပေါင်ဒါဖို့နေသဖြင့် ချက်ချင်းမဆင်းသေးဘဲ စောင့်နေလိုက်ပါသည်။

ကားအဖြူလေးထဲမှ မမက အရင်ထွက်လာခဲ့လေသည်။ မမ တစ်ကိုယ်လုံး အပြည့်အဝမြင်လိုက်ရတော့မှ နေထူးမင်သက်စွာ ငေးမောမိတော့သည်။

အနက်ရောင် ကတ္တီပါသား ဂါဝန်အား ရင်ဘတ်ဘစ်ဝက်စီးရုံကလေး စီးထားပြီး ပေါင်တစ်ဝက်လောက်ကနေ ဟိုးအောက်အထိလည်း အခွဲကြောင်း ဖော်ထားခဲ့လေသည်။

လင်ပြည်းမှာတော့ ပုလဲဆွဲကြိုး အရှည်ကြီးအား

နှစ်ပတ်လိမ်ဆွဲထားခဲ့သည်။ နှုတ်ခမ်းနီက အနီရဲရဲ ဆိုးထားခဲ့လေသည်။

ဆံထုံးမြင့်မြင့်ကြောင့် မမစတိုင်လ်က မဟာဆန်နေခဲ့သည်။

လက်ထဲမှာ ကားသော့နှင့်အတူ တွဲပါလာသော raybin ရွှေရောင်ကိုင်း မျက်မှန်စိမ်းစိမ်းကြီးအား တပ်ပြီး နေထူးဘက်ကို အသေအချာကြည့်ပြီး လျှောက်သွားခဲ့လေသည်။

လှလိုက်တာ မမရယ်။

"လှတယ်နော် ကိုကို၊ သူက ဒီဇိုင်နာရွှေယွန်းငုံလေ၊ ဒီနေ့ မီးအစ်မ ဝတ်ပြီး လျှောက်မယ့် နှစ်စုံလုံး သူဖန်တီးပေးထားတာ၊ အစ်မက သူနဲ့ မိတ်ဆက်ပေးမယ် ပြော တယ်"

"သြော် ... သြော်"

နေထူးသည် ဟိုတယ်ခန်းမထဲ ဝင်လာစဉ် မီးမီး၏ ခါးကလေးအား ပို၍ တိုးဖက်ထားခဲ့လိုက်ပါသည်။ မီးမီးက သူ့ အသိတွေ၊ အပေါင်းအသင်းတွေနဲ့ မိတ် ဆက်ပေးသည့်အချိန် နေထူးဘက် ပိုတိုးကပ် ချွဲနွဲ့လျှင်လည်း ကြင်နာပြလိုက်ပါသည်။

တစ်နေရာရာကနေ မမ မြင်နေစေလို၍ဖြစ်သည်။

"ကိုကို ဟိုဘက်အခန်းထဲ သွားရအောင်၊ မီး အစ်မက အဲဒီမှာတဲ့"

"အိုကေ ... မီး၊ သွားတာပေါ့"





မီးမီး အစ်မနှင့် မိတ်ဆက်ပေးနေရင်းကနေ ဘေးနားသို့ တစ်စုံတစ်ယောက် တိုးကပ် တွန်းတိုက်လိုက်မှန်း သိလိုက်သည်။

ဖြူနုအိနေသော လက်မောင်းအိုးကလေး မြင်ရုံနှင့် မမမှန်း နေထူး သိသည်။

စံပယ်တွေကြားမှာ ကြီးလာတဲ့ မမ၊ ကိုယ်သင်းနံ့ကိုက စံပယ်နံ့ကလေး အလိုလိုသင်းနေခဲ့တာပဲလေ။

"အို ... မမ၊ တွေ့ရတာ ဝမ်းသာပါတယ်"

မီးမီးက မမကိုတွေ့သည်နှင့် အတင်း နှုတ်ဆက်လိုက်တာကြောင့် မမ ပြုံးပြရင်း စကားပြောနေလေသည်။

အဖိုးတန်၊ မဟာဆန်သော အမျိုးသမီးတစ်ယောက်ဖြစ်မယ့် မမမှန်း မသိခင် ချစ်စဖွယ် ပျို့မျစ်တဲ့၊ အရွယ်ကတည်းက ချစ်ခဲ့ရတာပါ မမရယ်။

"မီးမီး ရည်းစားလား ..."

မမက နေထူးဘက်လှည့်ကာ မသိချင်ယောင်ဆောင် မေးလိုက်တာမို့ နေထူး ဒေါသက ကြွလာခဲ့ပြန်သည်။

"ဟုတ် ... မမ၊ ချောတယ်မဟုတ်လားဟင်၊ ခုနေ မမ ဒီဇိုင်းတစ်စုံလောက်နဲ့ လျှောက်ပြလိုက်ရင် ကျန်တဲ့ မော်ဒယ်ဘွိုင်းတွေ ငိုင်သွားနိုင်တယ် မဟုတ်လားနော် မမ"

"သြော် ... မီးမီးက ဘယ်ဆိုးလို့လဲ၊ ကိုယ့်ကောင်လေး

ကိုယ်ချစ်သားပဲ၊ ကိုယ်အထင်ကြီးရတဲ့ ကိုယ့်ချစ်သူက ကိုယ့်ကိုသာ ညာသွားခဲ့ရင် စိတ်နာမှာလားဟင်"

"ရှင် ..."

"ဟင်း ... နောက်တာပါ"

မမက နေထူးမျက်လုံးများဆီ စေ့စေ့ကြည့်ရင်းပြောကာ ရယ်လိုက်ခြင်း ဖြစ်သည်။

"မီးမီး ကိုကို Toilet ခဏ"

"ဟုတ် ... ကိုကို"

မီးမီးလက်မောင်းလေးအား ဖျစ်ညစ်လိုက်ပြီးမှ Toilet ဆီ လျှောက်လာခဲ့လေသည်။ Toiletထဲမှာ ဟိုဟိုဒီဒီ လမ်းလျှောက်ရင်း ဒေါသကိုဖြေလျှော့နေရလေသည်။ ဒါ အဖုံခံရတာ ...။ ဒီနေရာမှာ မမ မို့ပေါ့၊ တခြားမိန်းမသာဆို လူကြားထဲမှာ ဖက်နမ်းပြီး အရှက်ခွဲပစ်မိမှာ ...။ မမ ရွှေယွန်းငုံမို့ပေါ့၊ သိပ်မြတ်နိုးတဲ့ မမ မို့ပေါ့ ...။

Toiletထဲမှ ပြန်ထွက်လာခဲ့စဉ်ဝယ် ထိပ်တည့်တည့်မှ ပိတ်ရပ်ကာ စောင့်ဆိုင်းနေသော မမကို တွေ့လိုက်ရလေသည်။

မမ လက်ထဲမှာ ပိုင်နှစ်ခွက်၊ တစ်ခွက်က နေထူးဆီ ကမ်း၍လာသည်။ နေထူး လှမ်းယူလိုက်ရင်း မမလက်တွေကို တမင် ထိအောင် တို့ပစ်လိုက်သည်။

"မမကို တကယ် နာကျင်စေလိုရင် သတိုးမြတ်မြတ် တစ်





ယောက်တည်းကို တွဲပါ မောင်၊ တခြားဟာလေးတွေက မမ ရင်ကို လာမထိဘူး ... သိလား"

"မမ မူးနေပြီလား"

"မမ မသောက်ပါဘူး မောင်"

"ကောင်းပြီလေ ..."

☺ ☺ ☺

## အခန်း(၃၀)

❤ ❤ ❤

"ငါတို့ စေ့စပ်လိုက်ကြစို့ သတိုးမြတ်မြတ်"

"ဟမ် ..."

မမ၏ လက်ထဲတွင် ကိုင်ထားသော ပိုးစပြာကလေး က မသိမသာလေး တုန်ယင်သွားခဲ့လေသည်။

သတိုးမြတ်မြတ် မွေးနေ့ပွဲမှာ ဝတ်ဖို့ ဂါဝန်လေး တစ်ထည် ချုပ်ပေးရန် မမကို နေထူးကပဲ စတင် တောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ ယနေ့ သတိုးမြတ်မြတ် စိတ်ကြိုက်အရောင်ကို ရွေးရင်း ခန္ဓာကိုယ် အတိုင်းပေးဖို့ မမရွှေယွန်းငုံ၏ သင်တန်းသို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

သတိုးမြတ်မြတ်နှင့် အမြန်ဆုံး စေ့စပ်ချင်တာမျိုး မဟုတ်သော်လည်း မမရှေ့မှာမို့ တမင်တကာ ပြောဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။





"ဘယ်လို ဖြစ်သွားတာလဲ ..."

သတိုးမြတ်မြတ်က မယုံနိုင်သလို လှမ်းမေးရင်း မမ ကိုယ်တိုင်းယူဖို့လည်း ခန္ဓာကိုယ်အား အလိုက်သင့်ကလေး နေပေးနေသည်။

မမ လက်ထဲမှ ပေကြိုးကလေးက သတိုးမြတ်မြတ် ၏ ကိုယ်ခန္ဓာအနှံ့ ရွေ့လျားနေသလို မမနှင့် သတိုးတို့နှစ်ယောက် ကလည်း နီးကပ်နေခဲ့လေသည်။

ထိုအချက်ကောင်းကို အခွင့်ထူးယူကာ ထူးထက် နေလ ခြေလှမ်းများက သူတို့နှစ်ဦးနှင့် အနီးကပ်ဆုံးထိ တိုးကပ် သွားလိုက်ပါသည်။

"ငါ ကြားဖူးတာတစ်ခု ရှိတယ်၊ အချစ်ထဲမှာ ညံ့တဲ့လူတွေ သာ ကျရှုံးကြတယ်တဲ့၊ ငါကတော့ နင့်အတွက်ဆို လူညံ့ တစ်ယောက်လို့ ပြောလည်း ခံနိုင်ပါတယ် သတိုးမြတ်မြတ် ရယ်"

ပါးစပ်ထဲကနေ စကားလုံးများ တနင့်တပိုး အန်ကျ သာသည်။ ရင်တစ်ခုလုံး ဆုံးရှုံးခြင်းကြီးစွာ ငိုချင်းချ မြည်ဟီးနေ လေပြီ။

"ဟား ... နေထူးရာ"

နဂိုကတည်းက ပွင့်လင်းတတ်သူ သတိုးမြတ်မြတ် က မမကိုတောင် ဂရုမစိုက်နိုင်အားဘဲ နေထူးကို ပွေ့ဖက်လိုက် ပါသည်။

မမလက်ထဲမှာက ပေကြိုးတစ်စ၊ နေထူး ရင်ဘတ်နှင့် သတိုးမြတ်မြတ်တို့ ရင်ဘတ်ကြားမှာက ပေကြိုး၏ အလယ်၊ နေထူး၏ လက်တစ်ဖက်ထဲ၌ကား လွှတ်ကျန်နေသေးသော ပေကြိုးစ တစ်စ ...။

သတိုးမြတ်မြတ်က ဆန့်ကျင်ဘက်သို့ မျက်နှာမူထားတာမို့ မမနှင့် နေထူးတို့ကြားက မျက်ဝန်းချင်း စကားပြောနေမှုများကို မရိပ်မိ။

မမ ခြေတစ်လှမ်းဆုတ်ကာ ပေကြိုးကို လွှတ်ချလိုက်လေသည်။

ညို့ချက်ပြင်းပြစွာ စိုက်ကြည့်နေသော ထူးထက်နေလ မျက်ဝန်းများနှင့် သိပ်ကြာကြာ ရင်မဆိုင်ခဲ့ပေ။

တစ်ဖက်သို့ လှည့်သွားခဲ့လေသည်။

"I Love you so much နေထူး"

"OK"

ဒီ့ထက် ထိရောက်တဲ့ စကားမျိုးတော့ ပြောမထွက်တော့ပါဘူး မမရယ်၊ မမကလွဲရင် ဘယ်မိန်းမကိုမှ ချစ်လို့မရတော့တာမို့ ချစ်တယ်ဆိုတဲ့ စကား မပြောချင်တော့ဘူး မမရယ်။

သတိုးမြတ်မြတ်ကပဲ နေထူးနှင့် ခန္ဓာကိုယ်ချင်း စခွာလိုက်ပါသည်။

မမကို သူလှည့်ကြည့်ပြီး ...





"မမ ရှက်သွားပြီထင်တယ်၊ ဟိုဘက်တောင် လှည့်သွားတယ် ... ဟီ၊ မမရေ ..."

လှည့်မကြည့်လာပါနဲ့ ...။ မျက်ရည်တွေ စီးကျနေတဲ့ မမမျက်နှာကလေးကို သတိုး မမြင်စေနဲ့တော့လေ ...။

ဒါမှမဟုတ် သတိုး မတော်တဆ တွေ့ရှိရိပ်မိခဲ့ရင်လည်း ဝန်ခံပြီး ဆုံးဖြတ်ချက်တွေ ပြောင်းလဲလိုက်ကြစို့လေ ...။

မမက နေထူး ရင်ထဲက စကားတွေကို မကြားချင်တော့သူ ပီသလှစွာ သတိုးဘက် လှည့်လာပါသည်။

နေထူး မျှော်လင့်ထားတာက မမ ပါးပြင်မှာ နာနာကျင်ကျင် စီးကျနေတဲ့ မျက်ရည်များ ရှိနေလိမ့်မည်ဆိုပြီး ...။

သို့သော် မမ အကြည်လင်ဆုံး ပြုံးရင်း လှည့်လာခဲ့တာ ဖြစ်သည်။

"ယူတို့ သိပ်ဆိုးတယ်၊ မမဖြင့် ရှက်လို့ မျက်နှာဘယ်နားထားရမှန်းတောင် မသိပါဘူး၊ ကဲ ... သတိုး မွေးနေ့ဂါဝန်ချုပ်မနေတော့ဘဲ စေ့စပ်ဝတ်စုံလေးပဲ ပြောင်းချုပ်ပေးရတော့မလား"

"အိုကေတာပေါ့ မမရယ်၊ သိပ်ကောင်းတာပေါ့၊ မွေးနေ့မှာပဲ စေ့စပ်ပွဲလုပ်လိုက်တာပေါ့ နော်"

"အေး ... ဒါဖြင့် လာ၊ ဒီဇိုင်းဆွေးနွေးရအောင်"

မမ၏ သေးသွယ်သော ခန္ဓာကိုယ်လေးက ပို၍ပင် သွက်လက်နေခဲ့လေသည်။

"ငါ သွားနှင့်တော့မယ် သတိုး"

"အေး … နင် အိမ်ကစောင့်"

မမက နေထူးကို ယောင်၍ပင် ကြည့်မနေတော့ဘဲ သတိုးမြတ်မြတ်ကိုပဲ ရုံးခန်းထဲ ခေါ်ဆောင်သွားခဲ့လေတော့သည်။

နေထူးကို မမ စိမ်ခေါ်လိုက်တာပဲ …။ တကယ်ဆို မမက ပျော့ညံ့အေးဆေးတဲ့ မိန်းမမျိုးပဲ …။

ခုလောက်ဆို မမကိုယ် မမ မှားမှန်း သိပြီး နောင်တရနေရမှာ။

မမကပဲ ဟန်ဆောင် ကောင်းခဲ့တာလား။ နောင်တရပုံ မပေါ်တဲ့အပြင် စေ့စပ်ပွဲအထိ တက်ရောက်ပြီး ရှေ့ဆုံးကနေ ပြုံးပြုံးကြီးကို ထိုင်နေတော့တာ …။

မမ ပြုံးနေတာ မြင်လေလေ စကားတွေပြော ရယ်မောနေတာ မြင်လေလေ နေထူး ပိုစိတ်ဆိုး နာကျင်လေလေပါပဲ။

ဧည့်သည်တွေကြားမှာ ချစ်ဟန်ဆောင် ဖက်ပွေ့ထားရသည့် သတိုး ပခုံးနှင့် နေထူးလက်တို့ကြားမှာ ချွေးစေးများ နစ်လာခဲ့လေသည်။

သတိုးမြတ်မြတ်နှင့် နေထူး ခဏ လူချင်းခွဲလိုက်ကြစဉ်မှာ မမကို ရှာဖွေမိသည်။ မမက ထောင့်ကျကျ စားပွဲလေးမှာ လူတွေဘက်ကို ကျောပေးပြီး ထိုင်နေခဲ့လေသည်။

ခေါင်းက ငိုက်ကျပြီး ငြိမ်သက်နေလေသည်။





"မမ …"

နေထူး ခေါ်မှ မမ ခေါင်းကလေး ဖြည်းဖြည်းမတ်လာသည်။ ရုတ်တရက် လှည့်မကြည့်လာပေ။

"မမ … ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး၊ ခေါင်းမူးလို့ ခဏလာထိုင်နေတာ"

"ပြန်ချင် ပြန်တော့လေ၊ စားရော စားပြီးရဲ့လား"

"အင်း …"

"မမ …"

"ဟင် …"

"မခံစားရဘူးလား"

"ဘာကို …"

"မောင် တခြားတစ်ယောက်နဲ့ စေ့စပ်တာကိုလေ"

"နေထူး အမြင်မှာ မမ ခံစားနေရတဲ့ပုံ ပေါက်ရင် ခံစားရလို့ပေါ့၊ မခံစားရတဲ့ပုံဆို မခံစားရလို့ပေါ့ …"

"မခံစားရသလိုပဲ"

"အဲဒါ ရှင်းနေတာပဲ"

"ဟန်ဆောင်နေသလိုပဲ"

"ဩော် … ဟော် … ဟင်း၊ ဒီမှာ နေထူး … စံပယ်ပန်းကို မှ မက်ရှိုက်တဲ့ ရွှေယွန်းငုံဆိုပြီး စံပယ်လို အနွမ်းလွယ်မယ် မထင်နဲ့လေ"

မမက ရယ်မောပြောဆိုပြီး မတ်တတ် ရပ်လိုက်လေသည်။ မမ လက်တစ်ဖက်က မမရင်ခေါင်းဝကို ဖိထားခဲ့သလိုလို။

"ဘာဖြစ်နေတာလဲ မမ ..."

"ဘာမှ မဖြစ်ဘူး၊ မမ ပြန်မယ် နေထူး၊ မင်း ကံကောင်းပါစေကွာ"

"မမလည်း စံပယ်ပန်းလို လန်းပါစေ ..."

"ကျေးဇူး ..."

မမနှင့် နေထူး နှုတ်ဆက်နေဆဲမှာပဲ သတိုးက နေထူးကို ပြန်လည်ရှာတွေ့သွားခဲ့လေသည်။ မမက ညှိုးနွမ်းစွာ ပြုံးပြရင်း လက်ကလေးတစ်ဖက်သာ လှုပ်ယမ်း နှုတ်ဆက်သွားခဲ့လေသည်။

☺ ☺ ☺





# အပိုင်း(၄)

## အခန်း(၃၁)

♥ ♥ ♥

“မမနဲ့ ထမင်းသွားစားချင်တယ်”

ဆိုပြီး ရွှေယွန်းငုံကို သင်တန်းပြီးချိန်ထိ စောင့်ခေါ်လာသူက သတိုးမြတ်မြတ် ဖြစ်သည်။

The Soul ဆိုသော စားသောက်ဆိုင်ကလေး၏ သီးသန့်အခန်း တစ်ခုတွင် နှစ်ယောက်တည်း ကိုရီးယား အစားအသောက်များ စားသောက်ကြသည်။

နေထူး၏ ကျောင်းတက်ရက်မို့ ဒီတစ်ကြိမ်မှာ မိန်းကလေးနှစ်ယောက်တည်း လွတ်လပ်စွာ စကားပြောနိုင်ခဲ့သည်။

နေထူးနှင့် အတူတွဲ သုံးယောက်ဆုံလိုက်တိုင်း ရွှေယွန်းငုံအား အရွဲ့တိုက်ချင်စိတ်ဖြင့် သတိုးမြတ်မြတ်အပေါ် အထူးကြင်နာပြလျှင် ရွှေယွန်းငုံ အနေရခက်သည်။

ဒီ့အပြင် ရင်ထဲမှ တဆစ်ဆစ် ကျွမ်းလောင်ရသည်။

"မမကို ပြောစရာရှိတယ်"

"အင်း ... ပြော"

ကိုဝိသီး ဖျော်ရည် တစ်ယောက်တစ်ခွက် ဆင်တူမှာပြီး သောက်နေကြစဉ်မှာ သတိုးမြတ်မြတ်ထံမှ စကားစတင်ခဲ့တာဖြစ်သည်။

အင်း ... စကားစခဲ့တာ ဖြစ်ပါသည်။

"မပြောခင် တစ်ခုလောက် သိချင်လို့ပါ"

"ဘာများလဲ သတိုးရဲ့"

"မမနဲ့ နေထူး ..."

"အင်း ..."

အဲဒီ အင်းမှာ ရွှေယွန်းငုံ၏ အာရုံတွင်းသို့ တစ်စုံတစ်ရာ ပူးဝင်ရောက်ရှိလာခဲ့လေသည်။

"နေထူး ... နေထူး ..."

သတိုးမြတ်မြတ်လောက် ပွင့်လင်းမည့်သူ မရှိတော့တာတောင်မှ နှုတ်ခမ်းကို လျှာဖြင့်သတ် ရတ်တရက် နှုတ်ဆွံ့နေလေသည်။

"ထူးထက်နေလ မမကို ကြိုက်ခဲ့ဖူးလားဟင် မမ"

ရွှေယွန်းငုံ၏ မျက်ခုံးကလေးများ ပင့်တက်သွားကြပါသည်။ မျှော်လင့်မထားတဲ့ အချိန်၊ မထင်မှတ်တဲ့ နေရာမှာ တစ်ခုခုကို ဝန်ခံရတော့မတဲ့လား ...။





"မမ ဘယ်လို ပြောရမလဲ သတိုးမြတ်မြတ်"

"မမ ညာမယ်မဟုတ်လား၊ မညာပါနဲ့ မမရယ်၊ ဓနုစပ်တဲ့နေ့က မမနဲ့ နေထူး ပြောနေခဲ့တဲ့ စကားတွေကို သတိုးကြားပြီးပါပြီ"

"အဲ့ဒါတွေကလေ ..."

"မောင်နဲ့ မမလို့ ခေါ်ဝေါ်နေကြပြီ ဆိုကတည်းက နှစ်ဦးသား အပြန်အလှန် ချစ်ခဲ့ကြလို့ပေါ့ ..."

ရွှေယွန်းငုံသည် အနေရခက်လာသည်။ သတိုးမြတ်မြတ်က တရားသူကြီးလို၊ ရွှေယွန်းငုံက တရားခံတစ်ယောက်လို သေးငယ်အနေကျုံ့လိုက်ပါသည့် အဖြစ်။

မျက်ခုံးကလေးများ တွန့်ကွေးသွားကြသည်။ သက်ပြင်းကို ခိုးရှိုက်ပစ်လိုက်ရသည်။

"အဲဒါတွေက ပြီးခဲ့ပါပြီ သတိုးမြတ်မြတ်၊ နေထူးနဲ့ မမ လမ်းခွဲပြီးသွားပါပြီ"

"သေချာလို့လား မမရယ်၊ နေထူး မမကိုကြည့်တဲ့ အကြည့်တွေကို သတိုး နားလည်တယ်၊ သံယောဇဉ်တွေ ရှိနေကြတုန်းပါ"

"နေထူးက သတိုးမြတ်မြတ်ကိုပဲ လက်ထပ်မှာ ဖြစ်သလို မမကလည်း မမ ဓနုစပ်ထားတဲ့ သူနဲ့ပဲ လက်ထပ်မှာပါ၊ သတိုးရင်ထဲမှာ ပူလောင်နေရမယ်ဆိုတာ မမကိုယ်ချင်းစာ

ပါတယ်၊ ဒါပေမယ့် စိတ်ကိုလျှော့လိုက်ပါ၊ အရာအားလုံး သူ့နေရာနဲ့သူ ပြေလည်သွားပါလိမ့်မယ်"

သတိုးမြတ်မြတ် မျက်နှာဖူးဖူးလေးက တင်းထန်လာခဲ့သည်။ စတီးတူတစ်စုံကို ဆွဲယူကာ တူထိပ်ပိုင်းကလေးဖြင့် စားပွဲကို တဒေါက်ဒေါက် ခေါက်နေသည်။

"ဘယ်လိုကြီး လက်ခံရမှာလဲ မမ ...၊ ခု သတိုးတို့နှစ်ယောက် စေ့စပ်ပြီးသွားကြပြီဆိုတော့ သတိုး ဘန်ကောက်ပြန်ရမယ်၊ ကျောင်းပြီးအောင် တက်ရဦးမယ်၊ နေထူးကလည်း ဒီမှာ ကျောင်းမပြီးသေးဘူးဆိုတော့ ထားခဲ့ရမယ်၊ မျက်နှာချင်းဆိုင်အိမ်မှာ နေကြတဲ့ မမနဲ့ နေထူးရဲ့ ဆက်ဆံရေးကို သတိုး ဘယ်နည်းနဲ့မှ စိတ်မချနိုင်ဘူး"

"ဒါတော့ မမကို မင်း အထင်သေးလိုက်တာပဲ"

"အထင်ကြီးစရာလည်း မဟုတ်ခဲ့ဘူးပဲ မမ"

"နေထူးကို သတိုး ပြန်မလာခင်ကတည်းက မမချစ်ခဲ့တာ၊ သတိုး ရောက်လာမှ မမ နောက်ဆုတ်လိုက်တာတွေက အထင်ကြီးစရာ မဟုတ်ဘူးဆိုလည်း ရပါတယ်၊ နေထူးကို မမ ရင်ထဲက သိပ်ချစ်လွန်းလို့ကို စွန့်လွှတ်လိုက်တာပဲ၊ စွန့်လွှတ်ပေးပြီးမှ မမ ပြန်လုယူဖို့ လုံးဝ စိတ်မကူးခဲ့ဘူး သတိုး၊ နေထူးလည်း အဲသလောက် မရိုင်းနိုင်ဘူး"

"ရုပ်ရှင်ဆန်ဆန် လုပ်မပြပါနဲ့ မမရယ်၊ ရိုးသားတည်ငြိမ်





တဲ့ မျက်နှာလေး ပိုင်ဆိုင်တာကို အခွင့်အရေးယူပြီး နေထူး အချစ်တွေအားလုံး မမ တစ်ယောက်တည်း သိမ်းပိုက်ပြီးပြီပဲ၊ ဘာလိုဦးမလဲ ...၊ သူ့ရဲကောင်းဆန်ဆန် သတိုး အတွက် မောင့်ကို စွန့်လွှတ်လိုက်ပါပြီတဲ့၊ သတိုး ရတာက အသည်းနှလုံး မပါတဲ့ ကျောက်ရုပ်ကြီး တစ်ရုပ်ပဲ"

"ဒါတော့ မတတ်နိုင်ဘူး သတိုး"

"တစ်ခုတော့ တတ်နိုင်ရမယ် မမ"

"ဘာလဲ ..."

"မမ အိမ်ပြောင်းပေးပါ၊ နေထူးတို့နဲ့ အဝေးဆုံး နေရာအထိ ဖြစ်နိုင်ရင် နိုင်ငံခြားအထိ ..."

"မဖြစ်နိုင်ဘူး သတိုး၊ ဒီအိမ်လေးက မမ အမေနဲ့ မမ အတွက် အဖေ ဝယ်ပေးထားတာ၊ ပြီးတော့ မမ အမေ ငြိမ်းငြိမ်းချမ်းချမ်း ခေါင်းချခဲ့တဲ့ အိမ်ကလေး၊ နောက်ပြီး မမ မြတ်နိုးတဲ့ စံပယ်တွေ ပွင့်နေတဲ့ ခြံကလေးမှာ မမရဲ့ နောက်ဆုံး အချိန်တွေကို ကုန်ဆုံးချင်တယ် သတိုး၊ ဒီအိမ်ကနေ ဘယ်ကိုမှ မမ မသွားနိုင်ဘူး"

"အင်းလေ ... မမ စွန့်လွှတ်လိုက်တယ်ဆိုတဲ့ ထူးထက်နေလကို သတိုး ယူမယ်၊ ပြီးရင် သူ့ဘဝကို သူ့နှလုံးသားလိုပဲ အဓိပ္ပာယ်ပျောက်အောင် သတိုး ဖျက်ဆီးပစ်တာကို မမ ကြည့်ရဲရင် စောင့်ကြည့်ပေါ့ ..."

"ဘယ်လိုပြောလိုက်တာလဲ သတိုး၊ မမ အိမ်ကလေးမှာ မမ ရှိနေရုံနဲ့ နေထူးဘ၀ ပျက်စီးရမတဲ့လား၊ မမိုက်ပါနဲ့ သတိုးမြတ်မြတ်ရယ်၊ မမက ကိုယ်ပိုင်တဲ့ အိမ်ကလေးမှာ အချိန်တွေ အကြာကြီး မနေနိုင်တော့တဲ့ သူပါ၊ သတိုးက ခေါ်ထားချင်ပါတယ်ဆိုရင်တောင် မမက သွားရမှာ၊ သွားကို သွားရမှာ"

စကားသံက တုန်ယင် အဖျားခတ်သွားခဲ့လေသည်။ ပါးပြင်သို့ မျက်ရည်က ပေါက်ခနဲ ကြွေကျလာသည်။

အခုတလော ရွှေယွန်းငုံတစ်ယောက် မျက်ရည် သိပ်လွယ်နေလိုက်တာ ...။

သတိုးမြတ်မြတ်က စိတ်ဆိုးနေခဲ့သူ ပီသလှစွာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ ရွှေယွန်းငုံကိုလည်း အသေအချာ မကြည့်တော့ဘဲ ကျောခိုင်းလိုက်သည်။

"မမနဲ့ ထပ်ဆုံစရာ မရှိတော့ဘူး၊ ပြန်တွေ့ရင်လည်း ရှင်းရှင်းလင်းလင်းပဲ တွေ့ချင်တယ်"

ရွှေယွန်းငုံ၏ တုံ့ပြန်မှုကို စောင့်မနေတော့ဘဲ ခြေလှမ်းကျဲများဖြင့် ထွက်ခွာသွားခဲ့လေသည်။

☺ ☺ ☺



အခန်း(၃၂)

♥ ♥ ♥

"သမီး ခွင့်ပြုရင်တော့ အဖေ အပြီးတိုင် သာသနာ့ဘောင်ထဲ ဝင်လိုက်ချင်တယ် ငုံ"

ရွှေယွန်းငုံသည် အဖေ့အားနားလည်စွာဖြင့်ပဲဦးခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြလိုက်ရင်း ...

"ခွင့်ပြုတယ်လို့ မပြောချင်ပါဘူး အဖေ၊ ငုံက အဖေ့သမီးပဲ၊ အဖေ စိတ်ချမ်းသာမယ့်အလုပ် ဘယ်အလုပ်မဆို သမီး နာခံမှာပါ ..."

"အင်း ... သမီးလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်ပြီပဲ"

"ဟုတ်ပါတယ် အဖေ ...၊ သမီး ကိုယ့်အားကိုယ်ကိုးနိုင်ပါပြီ"

"မင်းနေ ပြန်လာရင် လက်ထပ်မယ် မဟုတ်လား"

"ပြန်လာဖို့ လိုပါသေးတယ် အဖေ"

"သမီး လက်ထပ်ပြီးသွားရင်တော့ အဖေ ဒီထက်ပို စိတ်ချနိုင်ပါပြီ"

"သမီး မကြာမကြာ အဖေ့ကို လာတွေ့ပါ့မယ် အဖေ"

"မလာနဲ့ သမီး ...၊ အဖေ တကယ့် တရားဓမ္မရအောင် ကြိုးစားချင်တယ်၊ ပူလောင်တဲ့ သံယောဇဉ်ကြိုးတွေ အဖေ ဖြတ်ချင်ပြီ"

"ဟုတ်ကဲ့ အဖေ ..."

"ကဲ ... သမီးလည်း ပြန်တော့၊ မိုးချုပ်မယ်"

အဖေ့ကို ထိုင်ကန်တော့ပြီး ရွှေယွန်းငုံ တောတိုက်ကျောင်းကလေးထဲမှ တရွေ့ရွေ့ ပြန်လာခဲ့ရပါသည်။

လမ်းမကြီးဆီသို့ ကားလေးကို ဖြည်းဖြည်း မောင်းလာရင်းကပဲ နေလုံးကြီး အပြီးတိုင် ကွယ်ပျောက်၍ မှောင်ရီပျိုးမျှချိန် ရောက်သွားခဲ့လေသည်။

မြို့ပြင် မော်ဘီဘက်မို့ ကားကတော့ ရှင်းပြီး အေးအေးလူလူ ရှိသည်။

ကားမှန်များ ချပြီး မောင်းလာခဲ့တာမို့ လေလေးက တဖြူးဖြူးနှင့် သာသာယာယာ ရှိလှသည်။

"အ ..."





ပုံမှန်လေးပဲ ကားမောင်းနေရာမှ ရွှေယွန်းငုံ ရင်ခေါင်းဝဆီမှ စူးနစ်စွာ တစ်ချက် အောင့်သွားခဲ့လေသည်။

ခဏနေ ပျောက်သွားမှာပဲ အထင်နှင့် ဆက်မောင်းလာနေသော်လည်း ပိုအောင့်ကာ နဖူး၌ ချွေးများ စို့ရွဲလာခဲ့လေသည်။

စီယာဒိုင်နှင့် လက်ဝါးတို့ကြားမှာလည်း ချွေးစေးများ စို့၍ နေလေပြီမို့ ဘရိတ်နင်းကာ ကားကို လမ်းဘေးဘက် ထိုးချရပ်တန့်လိုက်ပါသည်။

ပိုက်ဆံအိတ်ထဲမှာ ဆေးများပါလာလေမလား ရှာဖွေနေရင်းကပဲ ဗိုက်ထဲမှ စူးစူးနစ်နစ် အောင့်တက်လာပြီး မခံမရပ်နိုင်စွာ ညည်းညူမိသည်။

လက်ထဲကနေ အိတ်တွေလည်း လွတ်ကျကုန်သည်။ ဘာမှလည်း ပြန်မကောက်ယူနိုင်ဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ဗိုက်ထဲသို့ အဆမတန်ကြီးမားသော အရာဝတ္ထုကြီး ရောက်ရှိနေသလို ခံစားရလေသည်။

နားတွေပါ အူလာကာ နင့်နင့်သည်းသည်း ခံစားလိုက်ရပြီးသည့်နောက်တွင်တော့ ဘာကိုမှ ရွှေယွန်းငုံ မသိတော့ပေ။ ဝေဝါးနေသော ပုံရိပ်များ အကြားမှာ ခပ်မှုန်မှုန်လေးသာ မြင်နေရသော နေထူး မျက်နှာလေးကိုပဲ ငေးရီကြည့်နေမိလေသည်။

ငေးရီနေရုံသာ တတ်နိုင်ပြီး 'မောင်' ဟု ခေါ်ငင်ရန်တော့ နှုတ်ခမ်းများက အသေစေ့ပိတ်နေခဲ့လေသည်။

☺ ☺ ☺

အတော်ကြီး ညဉ့်နက်နေပြီဖြစ်သော်လည်း မမ အိမ်ပြန်မလာသေးပေ။ အိမ်ရှေ့ ကွပ်ပျစ်လေးပေါ်မှာ ထိုင်ရင်း မမအခန်းလေးဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

မမနှင့် သတိုးမြတ်မြတ်တို့ ဘယ်လောက်ထိ ပွင့်လင်းစွာ ရှင်းလင်းဖြစ်ကြသလဲ မသိပေမယ့် သတိုးမြတ်မြတ်ကတော့ ဘန်ကောက်သို့ ချက်ချင်းကြီး ပြန်သွားခဲ့လေသည်။

မပြန်ခင် နေထူးအား ဒေါသကြီးစွာဖြင့် ...

"နင် မမအပေါ် ထားတဲ့ သံယောဇဉ်ကို ဖြတ်ထားရမယ် နေထူး၊ ပြီးခဲ့တာတွေအတွက် ငါ ဘာမှ မတတ်နိုင်တော့ပေမယ့် ဒီ့ထက်တော့ ထပ်မလွန်စေချင်တော့ဘူး၊ ငါ ကျောင်းပြီးလို့ ပြန်လာတာနဲ့ နင်နဲ့ငါ လက်ထပ်မယ်၊ နင့်ကို ခွင့်လွှတ်နိုင်အောင်တော့ ငါကြိုးစားမယ်"

နေထူး နားမလည်လိုက်နိုင်။ ဘာကတိမှလည်း မပေးလိုက်နိုင်။ မမနှင့် ပတ်သက်သည့် ခံစားချက်များက ထိုင်းမှိုင်းင်ုနေလေသည်။





အခုလည်း မျှော်နေသည် ဆိုပေမယ့် ရောက်လာလျှင်လည်း မျက်နှာချင်း မဆိုင်လိုတော့ပေ ...။

နေထူးသည် ကွပ်ပျစ်လေးပေါ်၌ ပက်လက်လှဲချပြီး ကောင်းကင်ကြီးအား မော့ကြည့်နေမိသည်။

ကြည့်ငေးရင်းက မျက်လုံးများ မှုန်ဝါးလာပြီး မမမျက်နှာလေးကသာ အာရုံမှာ ကြီးစိုးကာ အိပ်မောကျသွားခဲ့ပါသည်။

နေထူး တစ်ကိုယ်လုံး အေးစက်လာခဲ့တော့မှ တရေးနိုးလာခဲ့လေသည်။ ထိုအချိန်မှာ ကားစက်သံလေးက တဖြည်းဖြည်းနီးလာခဲ့ပါသည်။ နေထူးနှင့် အနီးဆုံးလာရပ်လိုက်သကဲ့သို့ အသံက နီးကပ်လာပြီးမှ ငြိမ်ကျ တိတ်ဆိတ်သွားခဲ့လေသည်။

ခြံစည်းရိုးက ခပ်ကျဲကျဲကလေးမို့ လရောင်အောက်မှာ လူတစ်ယောက် လှုပ်ရှားနေသည်ကို တုံးလုံးလှဲနေရင်းဖြင့်ပဲ မြင်နိုင်သည်။

မမသည် ခြံတံခါးလေးကို ဆင်းဖွင့်ကာ ကားဆီကို ပြန်လာကာ မောင်းဝင်သွားလေသည်။

"ဩော် ... မမ ဘယ်တွေသွားပြီး ဘာတွေလုပ်နေတာလဲ မမရယ် ...၊ မောင့်ကို တွေ့ရမှာစိုးလို့ ရှောင်နေတယ်ဆိုရင်တော့ ဒီလောက်ထိ ရှောင်စရာမလိုပါဘူး၊ မောင် ထွက်သွားပေးပါ့မယ်၊ မောင် ရှောင်နေပေးပါ့မယ် မမရယ်"

နေထူး၏ မျက်လုံးထဲမှ မျက်ရည်များသည် စိမ့်အိုင်လာပြီး နားထင်သို့ ဖြတ်ဆင်းကာ နားရွက်ကလေးထဲသို့ ဝင်သွားခဲ့လေသည်။

နောက်တစ်နေ့ မနက်မှာတော့ စာမေးပွဲမှာ စာကျက်ရမည်ကို အကြောင်းပြပြီး အိမ်မှထွက်လာခဲ့ပါသည်။

ထုံးစံအတိုင်း မင်းမင်းတို့ အိမ်မှာပဲ ခိုကပ်နေပြီး မမကို ရှောင်နေမိပါတော့သည်။

အသံတိတ် (silent) လုပ်ထားသော ဖုန်းထဲတွင် မက်ဆေ့များစွာ ရောက်ရှိနေကြောင်းကိုပင် မင်းမင်းပြောမှ သိတော့သည်။

နေထူး ဖွင့်ဖတ်ကြည့်တော့ မမထံမှ ပို့စာများ ဖြစ်နေသည်။

'နေထူး ဘယ်ရောက်နေတာလဲ'၊ 'နေထူး ဘာတွေလုပ်နေတာလဲ'၊ 'မမ စိတ်ပူနေတယ်' ဆိုတာမျိုးတွေ အထပ်ထပ်ပို့ထားခဲ့ခြင်း ဖြစ်သည်။

ဖတ်၍ပြီးသော်လည်း နေထူး ဘာပြန်စာမှ မပို့ဖြစ်ပေမယ့် ဝမ်းနည်းသလိုကြီးတော့ ခံစားရလေသည်။

နားမလည်နိုင်တော့ပါဘူး မမရယ် ...။

တခြားမိန်းမတစ်ယောက်နဲ့စေ့စပ်ထားတဲ့ ယောကျ်ားတစ်ယောက်နဲ့ တခြား ယောကျ်ားနဲ့ စေ့စပ်ထားတဲ့ မိန်းမတစ်





ယောက်တို့ဟာ ဒီအချိန်အထိ အသည်းနင့်အောင် ချစ်နေကြသေးတယ် ဆိုတာတွေဟာလေ ...။

မသိတော့ပါဘူး မမရယ် ...၊ ချစ်တာပဲ နားလည်တယ်။

☺ ☺ ☺

## အခန်း(၃၃)

♥ ♥ ♥

ရွှေယွှန်းငုံသည် အစာအိမ်ဆေးအား အိပ်ရာမှနိုးထလာသည်နှင့် သောက်လိုက်ပါသည်။

တိတ်ဆိတ် ခြောက်ကပ်မှုများဖြင့်သာ ငြိမ်သက်နေခဲ့သော ကိုယ့်အိမ်ကလေးကို သတိထားမိပါသည်။

မနက်စာ စားဖို့ရာ တစ်ခုခု စီစဉ်ဖို့ မလှုပ်ရှားခင်လေးမှာ ကက်ဆက်ကို ပါဝါဖွင့်လိုက်မိသည်။

သီချင်းသံလေးနှင့်ပဲဖြစ်ဖြစ် မနက်ခင်းကို နှုတ်ဆက်လိုက်ချင်သည်။

အသံတွေ တိတ်ကာ တစ်ဖက်အိမ်က မောင့်ကို မျှော်နေရမယ့်အတူတူ သာသာယာယာလေး လွင့်ပျံလာသော သီချင်းသံကို မောင် ကြားစေချင်သည်။ မောင် အိမ်မှာ ရှိနေရင်တော့ ကြားမည်ပေါ့။





ရွှေယွှန်းငုံ အခုတလော အရမ်းကြိုက်နေသည့်သီချင်းတစ်ပုဒ်ရှိသည်။

ထိုသီချင်းပါသော အခွေလေးက စက်ထဲမှာပဲရှိတာမို့ သီချင်းနံပါတ်စဉ်ကလေးကို ရွေးနှိပ်လိုက်ပါသည်။

ဆက်တီခုံလေးမှာ ကျောမှီထိုင်လိုက်ရင်း မျက်လုံးများကို ဖွဖွလေးပိတ်ကာ သီချင်းကို ခံစားနေလိုက်ပါသည်။

*"အချိန်တွေလွန်ကုန်မှ နောင်တတွေအရည်ပျော်ပြီ xxx ဘဝတို့*
*တွေ့ဆုံရာ ရင်ခွင်ရယ် ဝေးပြီ xxx*
*ပြန်လည်ရှာဖွေသော်လည်း xxx နေရာရယ် လွှရယ်လွဲ xxx*
*တစ်ယောက်နဲ့တစ်ယောက်က လျှို့ဝှက်ပြီး နေနိုင်ပြီပဲxxx*
*မေ့လိုက်တော့ အချစ် xxx ဒါ ဒါ ဒါး ဒါ xxx ရှုတ်တိုးရန်*
*မလွယ်တော့ဘူး xxx ဒါ ဒါ ဒါး ဒါ xxx နောက်ဆုတ်ဖို့ကြ*
*တော့ ခက်နေတယ် xxx တို့ မဆုံနိုင်တော့ဘူး xxx*
*ဟူး xxx အတူရှိချိန်မှာ xxx ရင်ခုန်သံပျောက်ဆုံး ခံစားxx*
*ခုကျတော့မှ သိပ်ခက် xxx ဘယ်ကြမ္မာ အပြုံးများလဲ xxx*
*ဒါပေမယ့် xxx အိုး xxx တစ်ခါပြန်ယူလိုက်ချင်တယ် xxx*
*ဟိုတုန်းက နေ့ရက်များ ခုမှ နှမြောမိခဲ့ xxxရင်ထဲထိ လှမ်း*
*ကြည့်လိုက် xxxအမှန်ကို မြင်ပြီထားဦး xxxခုဘဝ မဖြစ်နိုင်*
*တော့ဘူး xxx ဘာဖြစ်လို့ တို့အချစ်များ ဒီအချိန်မှ တွေ့မြင်*
*လာ xxx*
*ဟူး xxx မှားသွား xxxဘဝတွေ သိပ်ဆန်းပြား xxx ဟူးxx*

*ပြန်လိုချင်ပေမယ့် ပြန်ယူခဲ့ပါ xxx*
*အချိန်လွန်နေမှ မသေချာတော့ပါ xxx*
*တို့နှစ်ယောက် ဖွင့်ပြောမယ့် အချစ်တွေ မိုးရေထဲမှာxxx*
*အိုး ငါ၀မ်းနည်း xxxမိုးရေစက်တွေကို xxxငါနှုတ်ဆက်ရင်းနဲ့*
*ကျန်နေခဲ့ပြီလား xxxတို့ဘ၀တွေဟာ တကယ်ဝေးကြတော့မယ်*
*မတတ်နိုင်ပါလား xxx အိုး xxx*
*အမှန်ကို မြင်တွေ့သွားဦး xxx ရှေ့ဆက်မရနိုင်တော့ဘူးxx*
*ထားလိုက်တော့ တို့အချစ်များ xxx ဒီတစ်သက်လုံး ဝေးနေ*
*မှာ xxx ”*

“ထားလိုက်တော့ တို့အချစ်များ ဒီတစ်သက်လုံး ဝေးနေ
မှာ ... ”

သီချင်းသံကို အနားသတ်၍ အဆိုတော် မဒီအသံ တိုးသက်သွားသည့်တိုင် ရွှေယွန်းငုံက အကြိုက်ဆုံးနှင့် ရင်ကို အနာကျင်စေဆုံး စာသားလေးအား လိုက်ဆိုနေမိသည်။

ဦးခေါင်းလေးကို ဆိုဖာပေါ်မှီထားခဲ့တာမို့ မျက်ရည်ကျသောအခါ မျက်လုံးထောင့်စွန်းနှင့် နားထင်ကို ဖြတ်၍ ဆိုဖာသားပေါ် ‘ပေါက်ခနဲ’ စီးကျသည်။

မောင်နဲ့ မမအတွက် အလိုက်ဖက်ဆုံး သီချင်းတစ်ပုဒ်ပါပဲ မောင်ရယ် ...။ မောင် ဒီသီချင်းကို ကြားရင် မမလိုပဲ ခံစားရမယ် ထင်တယ်နော်။ မောင် ဘယ်ရောက်နေလဲကွယ် ...။





မမကို လာကြည့်ပါဦးလား ...။

“မမ ... ”

ရွှေယွန်းငုံသည် အိမ်ပေါက်ဝမှ ခေါ်သံကြောင့် မျက်ရည်ကို ဆတ်ခနဲ သုတ်ကာ ခေါင်းထောင်ကြည့်လိုက်ပါသည်။

ရွှေယွန်းငုံအတွက် စိတ်မကောင်းဟန်လေးဖြင့် ကြည့် ငေးနေရှာပါသော နှယ်နီ့အား ပြုံးပြလိုက်ကာ ...

“လာ ... နှယ်နီ၊ မထိုင်ခင် ကက်ဆက်လေး ပိတ်ခဲ့ကွယ်”

“ဟုတ်ကဲ့ ... မမ”

ကြားသာရုံထက် တစ်ဆင့် ပိုကျယ်ထားသော ကက်ဆက်သံကလေးကို ပိတ်ချပြီး နှယ်နီက ဘေးချင်းကပ်ရပ် လာထိုင်သည်။

“နေကောင်းရဲ့လား မမ၊ သိပ်မလန်းသလိုပဲ”

“ဒီလိုပါပဲ နှယ်နီ ... ”

“မမ သင်တန်းလာဦးမှာလား”

“အင်း ...၊ နှယ်နီ ဒီတစ်ပတ်ဆို မမသင်တန်းက ပြီးပြီ မဟုတ်လား”

“ဟုတ်ကဲ့ ... သောကြာနေ့ဆို ပြီးပြီ မမ”

“နောက်ထပ် လက်မခံနဲ့တော့၊ မမ သင်တန်း မပို့ချနိုင်တော့ဘူး”

“အဲဒါဆို ... ”

"ပိတ်လိုက်တော့မယ် နွယ်နီ"

"ရှင် ..."

"နွယ်နီ့ကို မမ သုံးလစာ ပို့ပေးပါ့မယ်၊ အလုပ်အသစ်ရှာလိုက်နော်၊ မမက ခေါင်းမာပြီး သင်တန်းဆက်ဖွင့်နေလို့ မဖြစ်တော့ဘူးဆိုတာ နွယ်နီ သိမှာပါ"

"ဟုတ်ကဲ့ ... သိပါတယ် မမရယ်၊ မမ သင်ထားပေးတဲ့ ပညာနဲ့က ဘယ်မှာပဲ သွားလုပ်လုပ် အဆင်ပြေပါတယ်၊ နွယ်နီ့ကို နွယ်နီ မပူပါဘူး၊ နွယ်နီ စိတ်ပူတာက မမကိုပါ၊ မမ ကျန်းမာရေးကိုပါ"

"အခုလို နွယ်နီ့ စေတနာလေးကို သိရတဲ့အတွက် မမ နေကောင်းသွားသလိုပါပဲ"

"မမရယ် ..."

"နွယ်နီ သင်တန်းမှာ သွားပြင်ဆင်နှင့်၊ မမ ရေချိုးပြီး လာခဲ့မယ်"

"ဟုတ်ကဲ့ မမ ..."

နွယ်နီက ဝဲတက်လာသော မျက်ရည်စများကို သုတ်ကာ နေရာမှ ထသွားသည်။

ရွှေယွန်းငုံက ထွက်ခွာသွားသော နွယ်နီ့အား ကြည့်နေရင်းက ဝမ်းနည်းလာပါသည်။

အခုအချိန်မှာ ရွှေယွန်းငုံအကြောင်း လုံးစေ့ပတ်စေ့





သိသူရယ်ဆိုလို့ နွယ်နီသာ ရှိသည်။ အမေလည်း ဘာမှ သိမသွား။ အဖေလည်း ဘာမှမသိ ...။ မောင်နဲ့ မောင့်မိသားစုလည်း မသိ။ နွယ်နီပဲ သိလေသည်။

မောင်နှင့် သတိုးမြတ်မြတ် နှစ်ယောက်တည်း ပေလီကို သွားလည်ချိန်၊ ရွှေယွန်းငုံ အမေ အသည်းအသန်ဖြစ်နေချိန်မှာ ရွှေယွန်းငုံ၏ ကံကြမ္မာသည် အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဖြစ်သည်။

နွယ်နီ ဆေးခန်းလိုက်ပို့၍ ဆရာဝန်ဖြင့် ပြကြည့်ပြီးခဲ့ပြီ။ အဆင့်ဆင့် ဆေးစစ်ကြည့်ပြီးသော အခါမှာ ရွှေယွန်းငုံ၌ အစာအိမ်ကင်ဆာရောဂါ ရရှိနေပြီး ဖြစ်သည်။

အမေ့ နောက်ဆုံးအချိန်မှာ ရွှေယွန်းငုံ၏ အဖြစ်ဆိုးအား အဖေ့ကို မသိစေချင်၍ ဖုံးကွယ်ထားခဲ့ရသည်။

မောင် ပြန်မလာခင်မှာပဲ အမေ ဆုံးသွားခဲ့လေသည်။ အဖေက ရွှေယွန်းငုံရောဂါ အခြေအနေအား မသိတာကြောင့် တရားစခန်း ဝင်သွားခဲ့လေသည်။

ရွှေယွန်းငုံ တစ်ယောက်တည်းသာ ကျန်ရှိချိန်မှာ မောင် ပြန်ရောက်လာခဲ့ပါသည်။

မောင် ရောက်လာသောအခါ ဒုတိယအကြိမ်မြောက် လက်ထပ်ခွင့်ကို တောင်းခဲ့လေသည်။

တကယ်ဆို ရွှေယွန်းငုံ အနေနှင့်လည်း မောင့်ကို လက်မလွှတ်ချင် ...။

သို့ပေမယ့် အခုမခွဲလည်း မကြာခင် ခွဲရတော့မှာပဲ မို့ စောစောစီးစီးပဲ အဆုံးရှုံး ခံလိုက်ရခြင်း ဖြစ်ပါသည်။

မောင် ခေ့စပ်လိုက်ပြီးသည့်နောက် သိပ်မတွေ့ရ တော့ပေမယ့် သတိုးမြတ့်မြတ်က အားလုံးသိသွားခဲ့ပြီး ဘန်ကောက် သို့ ပြန်သွားခဲ့လေသည်။

အခုမှ မောင့်ကို ပြင်းပြင်းပြပြ တွေ့ချင်ပြီး ဖုန်း ဆက်၊ မက်ဆေ့တွေ ပို့နေပေမယ့် မောင်က လုံးဝကို ရှောင်ခွာသွား ခဲ့ပြီ ဖြစ်သည်။

☺ ☺ ☺



အခန်း(၃၄)

❤ ❤ ❤

ထူးထက်နေလသည် စာမေးပွဲလည်း ဖြေပြီးသွားခဲ့ ပြီမို့ အိမ်သို့ တစ်ခေါက် ပြန်ရောက်လာခဲ့သည်မှာ သုံးရက်ပြည့်ပြီ ဖြစ်သည်။

မမ၏ သင်တန်းရှေ့မှ ဖြတ်လာခဲ့သည်မှ စ၍ တိတ် ဆိတ်ငြိမ်သက်ခြင်းကို သတိထားမိသည်။

အိမ်ထဲမှာလည်း အရိပ်အယောင်လေး တစ်ခုမျှပင် မတွေ့ရဘဲ ခြောက်ကပ်နေခဲ့သည်။

ဘယ်သူမှ မရှိနေဘူးဟုပင် နေထူး ထင်ခဲ့သည်။ သုံးရက်လုံးလုံး စောင့်ကြည့်သော်လည်း ထူးခြားမှု တစ်စုံတစ်ရာ မတွေ့သေးပေ။

"ဖေဖေ ... မမ မရှိဘူးလား"

"ဟော ..."

ဖေဖေက မြက်ပင်ကြီး တစ်ပင်ကို လက်အားဖြင့် ရအောင်ဆွဲနှုတ်ရင်းက ပြန်ထူးသည်။

"မမ ရွှေယွန်းငုံလေ ဖေဖေ၊ မတွေ့မိဘူးနော်"

"အေး ...၊ ဟုတ်သားကွ"

ဖေဖေက မြေကြီးထဲမှ ကျွတ်ထွက်လာသော မြက်ပင်ကို ပုံးထဲထည့်ရင်းမှ ...

"သားပြောမှ အဖေ သတိထားမိတယ်၊ ခရီးထွက်နေတာ နေမှာပေါ့ကွာ၊ မင်းအဘွားနဲ့ အမေ မရှိတာနဲ့ ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ် ကူးသန်းသွားလာမယ့်သူ မရှိဘူးလေကွာ"

"ဟုတ်သားပဲ ..."

အဘွားနှင့် အမေ့အား သတိုးမြတ်မြတ်တို့က ဘန်ကောက်သို့ အလည်လှမ်းခေါ်သဖြင့် လိုက်ပါသွားခဲ့လေသည်။

ခရီးထွက်မသွားခင်က အဘွားကတော့ နေထူးဆီ ဖုန်းဆက်ပြောပါသေးသည်။

"သား မမကိုကြည့်ရတာ တအား ပိန်သွားတယ်ကွယ်"

"ပိန်ဆေးတွေ စားတာဖြစ်မယ် ဘွားရဲ့"

"လန်းလန်းဆန်းဆန်းလည်း မရှိပါဘူးကွယ်"

"တစ်ယောက်တည်းမို့ နေမှာပေါ့ ဘွားရဲ့၊ ဘွားက သွားစကားပြောပေးလိုက်ပေါ့"





"ပြောပေးချင်ပေမယ့် သူက သိပ်ဖော်ဖော်ရွေရွေ မရှိတော့ဘူး၊ ဘွားလည်း ဘန်ကောက်ခရီး ထွက်သွားမယ့်ကိစ္စတွေနဲ့ ရှုပ်နေတော့ အချိန်မပေးနိုင်ဘူး"

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဘွား"

"စာမေးပွဲပြီးရင် ပြန်လာနော် သား"

"ပြန်လာမှာပါ ဘွားရဲ့၊ ဒါပဲနော် ဘွား၊ ဆရာမ ရောက်နေလို့ ဖုန်းချလိုက်တော့မယ်"

နေထူးသည် ခေါင်းကိုခါကာ မမ၏ အိမ်လေးဆီသို့ ထပ်မျှော်ကြည့်လိုက်ပါသည်။

တစ်ထပ်ခွဲ တိုက်အိမ် အစိမ်းနုရောင်လေးသည် အပြာရောင်ကောင်းကင်ကြီးအောက်တွင် ငြိမ်သက်စွာ အိပ်မောကျလျက်ရှိသည်။

ခြံအနောက်ဘက်မှ စံပယ်ရုံကြီးများ တဖြည်းဖြည်း ပွားလာကာ ဘေးဘက်အထိပင် ...။

"ခရီးသွားတာ မဖြစ်နိုင်ဘူး"

နှုတ်ဖျားမှပင် အတည်ပြု ရေရွတ်မိလျက်သား ဖြစ်သွားခဲ့သည်။

အိမ်ဘေး ပြတင်းပေါက်လေးတွေ ပွင့်နေတယ်။ မမ ရှိနေတယ်။ မမ ရှိကို ရှိနေတယ် ...။

နေထူး၏ခြေလှမ်းများသည် မမ အိမ်လေးဆီ အား မစိုက်ရပါဘဲ တစ်လှမ်းပြီးတစ်လှမ်း လှမ်းနေမိပြီးဖြစ်သည်။

တံခါးလေးက စေ့ရုံ စေ့ထားခဲ့တာမို့ တွန်းလိုက်သည်နှင့် ပွင့်သွားခဲ့လေသည်။ နေထူး အတွင်းထိ လှမ်းလာခဲ့ပါသည်။

မမက ညှော်ခန်းဘေးတွင် ဒရင်းဘတ်ကလေး ခင်းကာ ထိုဒရင်းဘတ်ပေါ်တွင် ငြိမ်သက်စွာ အိပ်မောကျနေလေသည်။

"မမ ..."

မျက်လွှာလေး ပွင့်လာလေမလား အနားသို့ တိုးကပ်သွားကာ ခေါ်လိုက်ပါသည်။

မမ နိုးမလာခဲ့ပေ ...။

မမ အတော်လေး ပိန်လှီသွားကာ မျက်ကွင်းကလေးများ ညို၍ နှုတ်ခမ်းများ ခြောက်သွေ့နေလေသည်။

အနားတွင် ထိုင်ကာ ငေးနေရင်းမှ ခြောက်သွေ့သော နှုတ်ခမ်းလေးများအား သနားလာခဲ့သည်။

ထို့ထက်နီးနီး တိုးကပ်သွားကာ အနမ်းပွင့်လေး တစ်ပွင့် ပွင့်စေလိုက်ပါသည်။

"အရမ်း ချစ်တယ် မမရယ်"

"အဟာမ်း ... အဟာမ်း"

နေထူးသည် မမနှင့် မျက်နှာချင်း နီးကပ်ထားရာမှ ချောင်းဟန့်သံကြောင့် ဆတ်ခနဲပင် တုန်သွားခဲ့ပါသည်။

အနောက်သို့ လှည့်ကြည့်လိုက်သောအခါ၌ ...

"ပြန်ရောက်နေပြီလား ကိုနေထူး"





"အင်း ... နွယ်နီ"

"နွယ်နီက ကိုနေထူး ပြန်မလာတော့ဘူးတောင် မှတ်နေတာ"

နေထူး အနားသို့ လျှောက်လှမ်းလာပြီး မျက်နှာချင်းဆိုင်မှ ပြောလိုက်သော နွယ်နီ့စကားလုံးက တစ်မျိုးကြီးဖြစ်သည်။

"ဘာကို ဆိုလိုတာလဲ နွယ်နီ"

"ကိုနေထူး သွားသေနှင့်ပြီ မှတ်နေတာလို့ ဆိုလိုချင်တာ"

"ဘာ ..."

"ဟုတ်တယ် ... မမ ဘာဖြစ်နေတယ်ဆိုတာတောင် မသိဘဲ မမချစ်သူ ဖြစ်ခဲ့တဲ့ ရှင့်ကို မုန်းလွန်းလို့၊ နွယ်နီ့ရင်ထဲမှာ မမျိုသိပ်ထားနိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ မမ ဘာဖြစ်လို့လဲ"

နွယ်နီက ငိုသံပါကြီးနှင့် ဝမ်းပမ်းတနည်း ညည်းညူရှာသောအခါ နေထူးရင်အုံများ မို့မောက်တက်လာခဲ့တော့သည်။

"မမက ရှင့်ကိုမပြောနဲ့၊ ဘယ်သူ့ကိုမှလည်း မပြောနဲ့တော့လို့ မှာထားပေမယ့် နွယ်နီ ဘယ်အထိ ဖုံးကွယ်နိုင်မှာလဲ"

"ပြော ... ငါ့မမ ဘယ်လောက်ထိ နေမကောင်းဖြစ်နေလို့လဲ"

နေထူး အော်ဟစ်ကာ မမ ဘေး ဒူးထောက်ချလိုက်တာတောင် မမက အိပ်မောကျနေတုန်းပင် .. ။

"မမ ဘာလို့ မနိုးသေးတာလဲ"

"ဆေးသောက်ထားလို့၊ ဆေးအရှိန်နဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာတာ"

"ပြောလေ နွယ်နီ ..."

"ကင်ဆာ ..."

"ဟမ် ..."

"အစာအိမ် ကင်ဆာ ..."

"ဘာ ..."

နေထူး ဦးခေါင်းခွံအား ပြင်းထန်သော ရိုက်ချက်များ ကျရောက်တာထက်ပင် ဆိုးရွားစွာ ခံစားလိုက်ရလေသည်။

မျက်ခုံးများ တွန့်ကွေးရှုံ့တွလာပြီး လက်သီးဆုပ်များက ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

မေးကြောများ ထောင်ထလာပြီး မျှိုသိပ်မထားနိုင်လွန်းသဖြင့် အုတ်နံရံကို အဆက်မပြတ် ထိုးကြိတ်ပစ်မိသည်။

"တော်ပါတော့ ကိုနေထူး၊ တော်ပါတော့ရှင်၊ မမ နိုးလာလို့ ရှင့်ကိုမြင်သွားရင် အရမ်း စိတ်ထိခိုက်နေလိမ့်မယ်၊ မမက ရှင့်ကို မျှော်နေတာပါ၊ မမ ရှင့်ကို သိပ်ချစ်တာပဲ ကိုနေထူးရယ် ..."

နွယ်နီက သွေးများ စို့ထွက်ပေါက်ပြဲနေသော နေထူး လက်များကို ဖမ်းဆွဲထားရင်းမှ ပြောရှာသည်။





"ရှင် စိတ်ဆင်းရဲမှာစိုးလို့ လုံးဝ မပြောနဲ့လို့ကို မှာထားခဲ့တာ ..."

အံကြိတ်ထားရလွန်းသဖြင့် နေထူး နှုတ်ခမ်းစွန်းမှ သွေးများ စီးကျလာခဲ့သည်ကို မြင်သော နွယ်နီမှာ မှင်သက်တောင့်မတ်သွားလေတော့သည်။

☺ ☺ ☺

## အခန်း(၃၅)

♥ ♥ ♥

"အား ..."

မျိုသိပ်ထားလိုက်ချင်ပါသော်လည်း အိပ်မောကျနေရာမှ နိုးထလာသည့် တစ်ပြိုင်နက်တည်းတွင် စူးရှပြင်းထန်လှသော ခံစားချက်ကြီးကြောင့် ညည်းညူလိုက်မိပါသည်။

"အား ... အောင့်တယ်"

"ဘယ်နားကလဲ မမ ..."

"ဒီနား ... ဟင့်အင်း ... အရမ်းအောင့်နေတယ်"

လဲ့အိပ်ရာမှ မတတ်သာသည့်အဆုံး ငုတ်တုတ်ထိုင် ဗိုက်ကိုဖိကာ အော်ညည်းမိသည်။

ခွေးတွေးနေသော လက်အစုံအား မိမိ၏ အေးစက်နေသော လက်များဖြင့် အားကိုးတကြီး ဆုပ်ကိုင်ထားမိသည်။





"သက်သာလား မမ ..."

"ဟင့်အင်း ..."

သူက ရင်ခွင်ထဲသို့ သိမ်းကြုံး ပွေ့ပိုက်ထားပေးသော်လည်း ရွှေယွန်းငုံ့ ဗိုက်ထဲမှ ဝေဒနာကတော့ လုံးဝ မသက်သာခဲ့ပေ ...။

"နွယ်နီ ... မမ မရတော့ဘူး၊ အား ..."

"မမ ... မောင်ပါ၊ မောင် ပြန်ရောက်နေပြီ မမရယ်"

"ဟင် ..."

ဗိုက်မှ နာကျင်မှုအပြင် နှလုံးသားမှ ကွဲအက်ပွန်းရှမှုကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်၍လာသည်။

မျက်ရည်လွှင်ပြင်ကြီးက ပါးပြင်သို့ စီးဆင်းပြိုကျလာသည်။ အသည်းများပါ ကြေကျကုန်ပြီ ထင်သည်။

"မမ ... ခဏပဲ သည်းခံနော်၊ မောင် မမကို ဆေးတိုက်မယ်နော်"

"ဟင့်အင်း ... ထားလိုက် ထားလိုက်၊ မမ ဆေးမသောက်ဘူး"

"မလုပ်ပါနဲ့ မမရယ်၊ လိမ္မာပါနော်၊ မောင့်ကိုချစ်တယ်ဆို၊ မောင့်ကိုချစ်လို့ မမ ခံစားနေရတဲ့ပုံစံ မပြချင်ဘူးဆို၊ ဒါဆို ဆေးသောက်နော် ..."

မမ၏ ပါးပြင်လေးအား ချော့မြူ နမ်းရှိုက်လိုက်တော့မှ မမ ငြိမ်သက်သွားခဲ့သည်။

နေထူး မမအား ခဏလှဲစေကာ ဆေးသောက်ဖို့အတွက် ပြင်ဆင်ပေးလိုက်သည်။

နှယ်နီက အသေအချာ ပြထားခဲ့၍ ဆေးလုံးများကို နေထူး အတိအကျ မှတ်မိနေခဲ့ပါသည်။

နေထူး၏ လက်များအား မမက အားကိုးတကြီး ဆုပ်ကိုင်ဖျစ်ညှစ်ခဲ့တာမို့ ဒဏ်ရာမှ သွေးများ ပြန်စို့တက်လာခဲ့ပြန်သည်။

"ညဆို မမ အရမ်းခံစားရတယ်၊ အဲ့ဒါကို အရင်က နှယ်နီ မသိဘူး၊ တစ်ညတော့ စိတ်မချလို့ နှယ်နီ စောင့်အိပ်တာလေ မမ အသည်းအသန် ဝေဒနာ ခံစားရတာကြည့်ပြီး နှယ်နီ အသည်းတွေနာတာ အရမ်းပဲ၊ တစ်ကိုယ်လုံးကျဉ်ပြီး ရှူးသွားတော့မလား ခံစားရတယ်"

နှယ်နီ ပြောပြခဲ့တာကို ပြန်ကြားရင်း နေထူး နားထင်သွေးများ ဆောင့်ဆောင့်တက်လာသလို ခံစားရလေသည်။

"မမ ... ဆေးသောက်ရအောင်နော်"

မမသည် နာကျင်လွန်းသည်ကို မအော်တော့ဘဲ ဘေးတိုက်အနေအထားလှဲကာ လက်များက ဗိုက်ကိုဖိထားပြီး အံကြိတ်နေရှာသည်။

မျိုသိပ်ပေမယ့် နာကျင်မှုကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ မျက်ရည်များဖြင့် ရွှဲနစ်၍နေသည်။





"ပါးစပ်လေးပဲ ဟနော်၊ မောင် တိုက်ပေးမယ်"

မမကို ထူကာ ဆေးကို ချော့တိုက်လိုက်ရသည်။

ဝေဒနာ ပြင်း၍လားတော့ မသိ၊ မမ ငိုရှိုက်၍တော့ နေသည်မှာ အမှန်ဖြစ်သည်။

မမကိုယ်လေး နာရီဝက်လောက် တုန်ယင်နေပြီးသည့်နောက်တွင် ငြိမ်သက်သွားခဲ့ပါလေသည်။

မမဘေးမှ ထိုင်စောင့်ရင်း ညဥ့်ယံအခင်းအား အန်းပေးကာ နေထူးလည်း အိပ်ပျော်သွားခဲ့မိပါသည်။

ခဏကလေးပဲဟု စိတ်က ထင်လိုက်သော်လည်း မျက်လုံးများ ပွင့်သွားခဲ့ချိန်တွင် ပြတင်းဝမှာ လင်းဖြာ၍နေပြီဖြစ်သည်။ ခေါင်းထောင်ကာ မမ ခုတင်ပေါ်သို့ အကြည့်တွင် မမ လုံးဝ ရှိမနေတော့ပေ ...။

"မမ ..."

စိုးရိမ်မှုကြောင့် ရင်အခုန်ကြမ်းလာခဲ့လေသည်။

ခေါင်းကို ဝေ့ဝဲ တစ်ခန်းလုံး ရှာနေချိန်တွင် ...

"မောင် နိုးနေပြီလား"

အခန်းဝမှ ကြည်လင်သော အသံကလေးကြောင့် နေထူး ဆတ်ခနဲ လှည့်ကြည့်လိုက်မိပါသည်။

ရင်ထဲတွင် အေးမြသွားခဲ့ပါလေသည်။ ငိုထားသည့်အရှိန်ကြောင့် မျက်လုံးကလေးတွေ ဖောင်းအစ်နေသည်မှ လွဲ၍ မမပုံလေးက လန်းလန်းဆန်းဆန်း ရှိပါသည်။

မမ လက်ထဲတွင် ဆေးပုံးလေး တစ်ပုံး ကိုင်ထားကာ နေထူးအနား လျှောက်လာလေသည်။ နေထူးလက်များကို ကြည့်ရင်း ဆေးဘူးများကိုလည်း လက်က အလျင်အမြန် ကိုင်တွယ်နေရှာသည်။

"မောင့်လက်တွေ ပေါက်ပြဲနေလိုက်တာကွယ်၊ ကြောက်ဖို့ကောင်းတယ်၊ လာ ... ဆေးထည့်မယ်"

"ဟင့်အင်း ..."

မမ ဆွဲကိုင်လိုက်သော နေထူး လက်များကို ပြန်ရုပ်သိမ်းကာ အနောက်သို့ ဖွက်ထားလိုက်ပါသည်။

"ဆေးက စပ်လိမ့်မယ်၊ ကြောက်တယ်"

"ခဏပဲ စပ်တာ၊ ပြီးရင် ပျောက်သွားမှာ"

"မယုံဘူး ..."

"မယုံရင် ထည့်ကြည့် ..."

"ဟင့်အင်း ..."

"ပေး ... လက်"

"ဟာ ... ဣန္ဒြေမရလိုက်တာ၊ ဘယ်လို မိန်းကလေးလဲ၊ ယောကျ်ားလေးလက် လိုက်ဆွဲနေတာ မရှက်ဘူးလား"

"အင်း ... မရှက်ဘူး၊ မရှက်ဘူး ... ဘာဖြစ်သေးလဲ"

စရင်း နောက်ရင်း နေထူးလက်ကို လိုက်လုရင်းဖြင့် နေထူးက ပက်လက်လှန်ကျပြီး မမက နေထူး ရင်ဘတ်ပေါ်သို့ ပြုတ်ကျလာလေသည်။





"ဟား ... ဟား ..."

"ဟင်း ... ဟင်း ..."

ပြန်ထရပ်ဖို့ မကြိုးစားမိခင် အိမ်ခေါင်မိုး မျက်နှာကြက်ဆီ မျက်နှာမူရင်း ဆက်လှဲနေမိကြသည်။

"မမ ..."

"ဟင် ..."

"မောင် ပြန်လာတာ ပျော်လား"

"အင်း ..."

"မောင့်ကို ချစ်လား"

"အင်း ..."

"ဒါဆို တစ်သက်လုံး အတူနေမယ်နော်၊ နေကောင်းအောင် နေနော်"

မမက မျက်နှာလေးကို နေထူးဘက် လှည့်ကြည့်လာခဲ့လေသည်။

မျက်ဝန်းအိမ်ထဲမှာတော့ မျက်ရည်များ ဝဲလျှံ၍နေလေသည်။ အမြင်အာရုံမှာ ဝေဝါးနေကြပေမယ့် တစ်ယောက်ကို တစ်ယောက် အကြာကြီး ချစ်မဝစွာ ငေးနေမိသည်။

ထို့နောက်မှ မမ၏ ခဏပဲ စပ်တာဆိုသော အနာလိမ်းဆေးလေးကို မမက လိမ်းပေးပြီး ပတ်တီးဖြူလေးများပါ စည်းပေးခဲ့လေသည်။

နေထူးကတော့ မမ၏ မျက်ရည်များကို သုတ်ပေးရင်း အနမ်းမိုးများ ရွာချပေးနေမိသည်။

မမ မြတ်နိုးနေ မယ်ဆို တစ်သက်လုံး ရွာပေးနိုင်ပါတယ်ဟုတောင် ညွှန်းဖွဲ့ဖြစ်ပါသေးသည်။

☺ ☺ ☺



## အခန်း(၃၆)

♥ ♥ ♥

"ကားပေါ်က ခဏဆင်းနိုင်မလား် ငုံ၊ နင်လည်း လေကောင်းလေသန့် ရှုလို့ရတာပေါ့"

"အင်း ..."

ရွှေယွန်းငုံသည် ခြောက်သွေ့နေသော နှုတ်ခမ်းလေးအား လျှာဖြင့်သပ်ရင်းက ခေါင်းညိတ်ပြလိုက်ပါသည်။

မင်းခနက အနားသို့ ဒီထက်ပိုတိုးလာပြီး ကားခါးပတ်ကို ဖြုတ်ပေးလေသည်။ မင်းခန အရင် ဆင်းသွားခဲ့ပြီး ရွှေယွန်းငုံဘက်မှ တံခါးကို လာဖွင့်ပေးသည်။

"လာ ... ငုံ၊ ငါ့ပခုံးကိုမှီ"

"ငါ လျှောက်နိုင်ပါတယ် မင်းခနရဲ့"

ရွှေယွန်းငုံသည် ကိုယ့်ကိုယ်ကိုယ် လန်းဆန်းနေ

သည်ဟုပင် ခံစားရသည်။ မင်းခနကတော့ ရွှေယွန်းငုံကို စိတ်မချစွာ ဘေးကနေ ဖေးမနေရှာသည်။

"ခုချက်ချင်း ငါ ခေါက်ခနဲ မသေနိုင်သေးပါဘူးဟာ"

ရွှေယွန်းငုံက ဟာသနှောကာ ပြောရင်း ရယ်လိုက်ပါသည်။

ကန်တော်ကြီးရေပြင်ကို မျက်နှာမူထားခဲ့ကြတာမို့ လေပြေများက အေးငြိမ့်စွာ ဖြတ်သန်းလွင့်ပျံ့လာခဲ့သည်။

မင်းခနကတော့ ရွှေယွန်းငုံ ရယ်မောနေသလို လိုက်မရယ်ခဲ့ပေ။

ရွှေယွန်းငုံ၏ မျက်နှာလေးဆီသို့သာ စေ့စေ့ကြည့်နေရှာသည်။

အဲဒါကိုပဲ ရွှေယွန်းငုံက မနေတတ်တော့တာ ဖြစ်သည်။

"အဲလို မကြည့်နဲ့၊ ငါ့ကို သနားတာမျိုး ငါမကြိုက်ဘူး၊ တကယ်ဆို ငါက နင်တို့ထက်အရင် လွတ်မြောက်ခွင့်ရမှာ၊ ငါကသာ နင်တို့ကို သနားရမှာ"

"ငုံရယ် ..."

မင်းခန၏ သန်မာသော လက်များကို ရုန်းမထွက်လိုက်နိုင်တာမို့ ရွှေယွန်းငုံကိုယ်လုံးလေးမှာ လူးလွန့်၍နေတော့သည်။





လူးလွန့်ရုံသာရှိပြီး လွတ်လပ်ဖို့ လမ်းက မရှိပြီဖြစ်သည်။

"လက်ထပ်ရအောင် ငုံ ...၊ ငါတို့ အမြန်ဆုံး လက်ထပ်ရအောင်နော်"

ရွှေယွန်းငုံသည် ထင်မှတ်ထားခဲ့သော စကားများအား လက်တွေ့ ကြားသိလိုက်သော်လည်း အံ့သြမှုများဖြင့် ဆွံ့အသွားမိသည်။

မင်းခန၏ လက်များက အင်အားများ ပိုတိုး တင်းကြပ်လာပြီး ...

"ငါ အမြဲ ဖုန်းဆက်နေတာပဲ၊ နင် ပွင့်ပွင့်လင်းလင်းပြောခဲ့ရင် သိပ်ကောင်းမှာပဲ၊ ငါ ရောက်တဲ့ကမ်းကနေ ပြန်လာမှာပေါ့ ငုံရယ်၊ ကိုယ်နဲ့ စေ့စပ်ထားတဲ့ ကိုယ့်ပိုင်ရှင်ကိုတောင် နင်မပြောဘူးဆိုရင် နင် ဘယ်သူ့ကို ပြောမှာလဲ၊ နင့်ကို ဘယ်သူက စောင့်ရှောက်မှာလဲ"

မင်းခနသည် ငိုညည်းလိုလို၊ မေးမြန်းသလိုလိုနှင့် ရှိုက်ငင်ရင်း ပြောခြင်းဖြစ်သည်။ သူ့လက်များက ပြေလျော့လာပြီမို့ ရွှေယွန်းငုံ လွတ်လပ်စွာ အသက်ရှူနိုင်ပြီဖြစ်သည်။

ရွှေယွန်းငုံ နှုတ်ခမ်းများမှ အသံများ ထွက်မပေါ်မလာခဲ့ပေမယ့် ရင်ထဲမှ တစ်စုံတစ်ရာကို ငြင်းဆန်နေမိသည်။

နင်ဆိုတာ ငါ့ရဲ့ပိုင်ရှင် မဟုတ်ဘူး၊ ငါ့မှာ သခင်ဆို

တာ သီးသန့်ရှိတယ်၊ ငါ့သခင်ရဲ့ စောင့်ရှောက်မှုကိုသာလျှင် ငါ မြတ်နိုးတယ်၊ ငါ့ရဲ့ နေဝင်ချိန် ငါချစ်တဲ့ ရွှေရောင် နေမင်းကြီး ဟိုးအနောက်ဘက်ဆီ ယွန်းသွားတဲ့အချိန်ကို ငါ့ရဲ့သခင်နဲ့ပဲ နှုတ်ဆက်ချင်တယ်၊ ဒီစကားတွေကို နင့် ရှေ့မှာ အကြိမ်ကြိမ် ပြောဖြစ်နေတယ် ...။ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ် ...။ နင်နဲ့ စေ့စပ်ပြီးမှ အချစ်ဆိုတာ ဘာမှန်းသိလိုက်တဲ့ ငါမှားတယ်ဆိုရင် တောင်းပန်ပါတယ်ဟာ ...။

"ငုံ ... ပြောနေတာ သဘောတူတယ် မဟုတ်လားဟင်၊ ငါလေ နင့်ဆီကတစ်စုံတစ်ရာ မျှော်လင့်လို့ လက်ထပ်ခွင့်တောင်းတာ မဟုတ်ပါဘူး၊ နင့်ကိုချစ်လို့ စောင့်ရှောက်ချင်လို့ပါ"

"မလိုဘူးဆိုရင်ရော သူငယ်ချင်း၊ ငါ့အတွက် နင့်စောင့်ရှောက်မှု၊ ပြုစုမှု ...၊ ပြီးတော့ အချစ် ဘာမှ မလိုဘူးဆိုရင်ရော ..."

ရွှေယွန်းငုံ၏ နှုတ်ခမ်းများသည် အားနာမှု၊ နှောင့်နှေးမှုကင်းစွာ လှုပ်ခတ်သွားခဲ့သည်။

မင်းခနက အံ့သြစွာဖြင့် ငေးခနဲ ကြည့်နေသည်။ တစ်ခဏမျှ တုံ့ဆိုင်းနေပြီးမှ ...

"စေ့စပ်ထားသူတို့ရဲ့ ပန်းတိုင်က လက်ထပ်ခြင်း ပန်းတိုင် မဟုတ်ဘူးလား ငုံ"





"အဲဒါတွေ ငါ ဘာသာ မပြန်ချင်ဘူး မင်းခနေ၊ ငါ အနုပညာသမားလည်း မဟုတ်ဘူး၊ ငါ့အတွက် သေချာမှုက တစ်ခုပဲ၊ ငါ သေရမယ်လေ ...၊ စေ့စပ်ခြင်းကို ဖျက်သိမ်းစရာမလိုဘဲ အလိုအလျောက် ပျက်ပြားနိုင်တဲ့ သေခြင်းတရားကို ငါ ရရှိလိုက်တဲ့အတွက် ငါတို့ လမ်းခွဲနိုင်တယ်လေ"

"နင် ငါ့ကို မချစ်ဘူးပေါ့ ..."

မင်းခန၏ ရိုဝေသောအကြည့်၊ ဆို့နစ်သော မေးခွန်းသံကြီးကြောင့် ရွှေယွန်းငုံ ရင်မှာ လှုပ်ခတ်သွားသော်လည်း အဖြေက အဆင်သင့်ဖြစ်နေခဲ့သည်။

"နင်နဲ့ စေ့စပ်ဖို့ သဘောတူပြီးတဲ့အထိ အချစ်ဆိုတာကို ငါ နားမလည်ခဲ့ဘူး၊ စေ့စပ်ပြီးတဲ့နောက်လည်း ..."

"တော် ... တော်ပြီ ငုံ၊ ငါ မကြားလည်း သိနိုင်တဲ့ စကားကို ရင်အကွဲခံပြီး ဆက်နားထောင်ရလောက်အောင် ငါ မျက်နှာထားတည်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူး"

"အင်း ..."

ရွှေယွန်းငုံသည် ပြောစရာ မလိုတော့ပြီမို့ နှုတ်ခမ်းများကို တင်းစေ့လိုက်ပါသည်။

မောင် သိလား ...။ တစ်ခါပဲ မြတ်မြတ်နိုးနိုး ချစ်မိတဲ့အတွက် မမလေ မျက်နှာပြောင် အတော်တိုက်ရဲတဲ့ မိန်းမ ဖြစ်ခဲ့ပြီ။

"ပြန်ရအောင် ..."

မင်းခနက ရွှေယွန်းငုံ လက်မောင်းလေးကို ဖေးမသလိုမျိုး လှမ်းတွဲခေါ်လိုက်စဉ်တွင် ...

"မမကို ကျွန်တော်ပဲ ပြန်ခေါ်သွားပါရစေ ကိုမင်းခန၊ ခင်ဗျား ဒီကပဲ ပြန်လိုက်ပါတော့ ..."

မလှမ်းမကမ်းမှ ထွက်ပေါ်လာသော အသံလေးကြောင့် ရွှေယွန်းငုံ ဆတ်ခနဲ လှမ်းကြည့်မိပါသည်။

မောင်က မင်းခနနှင့် ရွှေယွန်းငုံတို့အနားသို့ လျှောက်လှမ်းလာခဲ့လေပြီ။

မင်းခနကို ရွှေယွန်းငုံ ငဲ့စောင်းမကြည့်ခဲ့ပေ။ သို့သော် ရွှေယွန်းငုံ မျက်နှာလေးအား မင်းခန ငေးစိုက်ကြည့်တာကို ခံစားသိရှိနေလေသည်။

"ငါ နားလည်ပြီ ငုံ ...၊ နင့်ကို ငါ့ရင်ထဲမှာ အမြဲ စေတနာထားခဲ့တယ်ဆိုတာကိုတော့ နင် နောင်ဘဝထိ နားလည်ပေးပါ၊ အဲ့ဒါ ငါ့တောင်းဆိုမှုပါ"

"အင်း ... မှတ်ထားလိုက်ပါ့မယ် သူငယ်ချင်း"

မင်းခနက မောင့်ကို ခဏလေး စိုက်ကြည့်ပြီး မြက်ခင်းပြင်ကို ခပ်ကြမ်းကြမ်း ဖိနင်းထွက်ခွာသွားခဲ့လေသည်။ ထို့နောက်မှာ မောင်က အနားသို့ ရောက်ရှိလာခဲ့လေသည်။

မောင့်အကြည့်များက ကြည်လင်၍ နေသည်။ နှုတ်



ခမ်းများက သက်ဝင်ညို့ဖျားစွ ပြုံးလာသည်။ ရွှေယွန်းငုံ၏ နှလုံးသားများ ပူနွေးကာ တဖျပ်ဖျပ် ခုန်လှုပ်လာခဲ့လေသည်။

☺ ☺ ☺

ပုညခင်စာအုပ်တိုက်

## အခန်း(၃၇)

♥ ♥ ♥

မမေနှင့် ဘွားဘွားသည် သတိုးမြတ်မြတ်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် အံ့ဩသွားခဲ့ကြလေသည်။

သတိုးတစ်ယောက် မပြောမဆိုနှင့် ရောက်လာခဲ့ခြင်းကိုမူ အံ့ဩပြီးနောက် ဝမ်းသာရမည်မှန်သော်လည်း ဝမ်းမသာကြပေ။ အဘယ့်ကြောင့်ဆိုသော် နေထူး၏ ဆုံးဖြတ်ချက်များ အားလုံးကို ပြောပြပြီးခဲ့၍ ဖြစ်သည်။

လူကြီးနေရာမှနေ ကိုယ်ချင်းစာကြည့်လျှင်လည်း မျက်နှာပူစရာကောင်းနေမှန်း နေထူး နားလည်ပါသည်။

သို့သော် ...

"ဆိုင်းမဆင့် ဘုံမဆင့်ကွယ်၊ မြတ်မြတ်ကို ဖုန်းဆက်ခိုင်းရင် အန်တီ လာကြိုမှာပေါ့"





"အဲသလို လာချင်လို့ လာတာပေါ့ အန်တီရဲ့၊ အဲဒါမှ ကျန်ခဲ့သူကြီး ခြေလှမ်းပျက်နေမလား သိနိုင်မှာပေါ့၊ ကြို သိထားရင် ဟန်ဆောင်နေမှာ စိုးလို့လေ ..."

နေထူး ရင်ထဲ မခံနိုင်အောင် လှမ်းချိတ် ကလိလိုက်သော်လည်း နေထူး ဘယ်လိုမှ မခံစားရပေ။ မမေတို့ကတော့ မျက်နှာ ဘယ်ထားရမှန်းမသိ ဖြစ်နေချေပြီ။

ထို့ကြောင့် နေထူးကပင် ဟန်ဆောင်၍ ပြုံးရယ်ပစ်လိုက်ရင်း ...

"အေး ... ငါက နင် လာမှလာပါ့မလား၊ ငါပဲ လိုက်လာရမလား စိတ်ပူနေရတာ ..."

နေထူး၏ မျက်ဝန်းများဖြင့် ညို့ဖျားကြည့်ရင်း ပြောလိုက်တာမို့ သတိုးတစ်ယောက် ဇဝေဇဝါတော့ ဖြစ်သွားခဲ့သည်။

"နင် နားလိုက်လေ၊ ပြီးရင် ရေချိုး၊ ဒီညနေ ငါနဲ့ နင် နှစ်ယောက်တည်း ညစာသွားစားကြမယ်"

"အေး ... သွားကြ၊ သွားကြ၊ ဘွားတို့လည်း ဒီည ဟင်းမကောင်းတာနဲ့ အတော်ပဲ"

"ကဲ ... လာ ... သတိုး၊ နင် နေဖို့ ငါစီစဉ်ပေးမယ်"

သတိုးမြတ်မြတ်သည် နေထူး ဆွဲခေါ်ရာသို့ ငေါင်တောင်တောင်လေး ပါလာလေသည်။ အခန်းထဲ ရောက်သောအခါ မျိုသိပ်မထားနိုင်တော့ပုံကလေးဖြင့် ...

"နေပါဦး ... နေထူး၊ အရင်က နင်က ငါ့ကို ခပ်ခွာခွာ လုပ်လို့ ဘွားနဲ့ အန်တီက နီးစပ်အောင် လုပ်ပေးရတယ်၊ ခုကျ ဘွားနဲ့ အန်တီက ငါလာတာ ဝမ်းမသာသလိုလိုနဲ့"

"နင့်ဘာသာ ခရီးပန်းလာတာပါဟာ၊ ခဏနားပြီးရင် သွားစားကြမယ်"

နေထူးသည် အခန်းထဲမှ အမြန်ပြန်ထွက်လာခဲ့လိုက်ပါသည်။ နောက်ဖေး မီးဖိုထဲတွင် ဘွားနှင့် မေမေက နှုတ်ဆိတ်စွာ ထိုင်နေကြတာကို တွေ့ရလေသည်။

နေထူးက အနားသို့ရောက်သွားခဲ့တာမို့ ဘွားက ...

"မြေး ... လာဦး၊ မင်းကိစ္စ ဘယ်လိုရှင်းမလဲ"

"နေထူး ပြောပြပြီးသားပဲလေ ဘွားရဲ့ ..."

"ဒါပေမယ့် ဘွားတို့ မျက်နှာပူတယ် ..."

"ဟုတ်တယ် သား၊ မေမေတို့ ဒီညနေ တရားစခန်း ဝင်မယ်"

နေထူးသည် စိတ်ပျက်စွာ၊ ထို့နောက် ရယ်ချင်စွာဖြင့် ရယ်ကျဲကျဲ ဖြစ်သွားပြီး ...

"ကဲ ... သဘောဗျာ ... သဘော၊ နေထူးကတော့ ခုဆုံးဖြတ်ချက်ကို မပြင်ဘူး"

နေထူးသည် လက်တခါခါဖြင့် ပြောဆိုထားခဲ့ပြီး မမရှိနေမည့် အိမ်ကလေးဆီသို့ ထွက်လာခဲ့လိုက်ပါသည်။





အခန်းလေးထဲသို့ လိုက်ကာစ ဖယ်ကာ လှမ်းကြည့်လိုက်သည်နှင့် မမကို တွေ့လိုက်ရပါသည်။ မမ ငြိမ်သက်စွာ အိပ်မောကျနေခဲ့လေသည်။

မမ မျက်နှာသွယ်သွယ်လေးက အများကြီးကို သေးငယ်သွားစေခဲ့လေသည်။

ခြောက်သွေ့မှုကြောင့် ကွဲအက်ကြောင်းကလေးများ ဖြစ်ပေါ်နေသော နှုတ်ခမ်းသားလေးမှာ သွေးစလေးများ စို့နေလေသည်။

နှုတ်ခမ်းထက်က မဲ့နက်ကလေးကတော့ ညှို့အားတစ်မျိုး ရှိကိုရှိနေသေးသည်။

"မမ ... မောင် ခဏလေး အပြင်သွားမယ်နော်၊ ပြီးရင် မမနဲ့ တစ်သက်လုံး အတူနေမယ်"

အိပ်ပျော်နေဆဲ မမ မကြားပေမယ့် နေထူးက ပြုံးပြုံးလေး ရေရွတ် ကတိပေးလိုက်ပါသည်။

မမဘေးမှ ထရပ်လိုက်ပြီး နောက်လှည့်လိုက်သည့် နောက်တွင် အုံ့ညြသလို ငေးနေသော သတိုးမြတ်မြတ်ကို တွေ့လိုက်ပါသည်။

နေထူးက မမအခန်းထဲမှ အမြန်ပြန်ထွက်ဖို့ စိတ်စောသွားခဲ့ရသည်။

"ဘာဖြစ်တာလဲဟင်"

"ရှုး ..."

သတိုးမြတ်မြတ် စကားမပြောအောင် တိတ်စေလိုက်ပြီး နေထူးကပဲ ဦးဆောင်ကာ မမအိမ်လေးဆီမှ ထွက်ခွာလာလိုက်ပါသည်။

ကန်တော်ကြီးဆီသို့ ဦးတည်လာနေသော ကားလေးပေါ်တွင် နှစ်ယောက်စလုံး ငြိမ်သက်နေခဲ့ကြလေသည်။

ပန်းခြံထဲ ရောက်လာခဲ့ပြီး တံတားဝိုင်းကြီးဆီသို့ လှမ်းအလျှောက်တွင် သတိုးမြတ်မြတ်က ခြေလှမ်းတုံ့ပစ်လိုက်သည်။

မေးခွန်းများစွာဖြင့် ငေးရီနေသော သတိုးမျက်ဝန်းများအား ရင်ဆိုင်လိုက်ရင်း ...

"အစာအိမ် ကင်ဆာတဲ့ ...၊ ငါနဲ့ နင် မစေ့စပ်ခင်ကတည်းက မမ သိနေတာ၊ ငါသိတာတော့ မကြာသေးဘူး"

"နင် ဘာဆက်လုပ်မလဲ နေထူး"

"ငါ ... ငါကလေ ..."

"ငါ နင့်ကို ခွင့်လွှတ်တယ်၊ ငါ အကြာကြီး စဉ်းစားခဲ့ပြီးပြီ၊ နင့်ကို ငါ လိုအပ်တယ်၊ ငါ နင့်ကို လက်ထပ်မယ်၊ အဲ့ဒါကြောင့် ငါပြန်လာတာ၊ ဒီစကားတွေ ပြောပြဖို့အတွက် ငါပြန်လာတာ"

နေထူးသည် ပျော်ရွှင်ခံစားရမည့်အစား စိတ်ထဲ





မွန်းကြပ်သွားရပါသည်။ သတိုးမြတ်မြတ်၏ မျက်နှာလေးအား ငေးနေရင်းကပဲ ...

"ငါ့အတွက် နင်ပြန်လာခဲ့ပေမယ့် ငါ့ရင်ထဲမှာတော့ နင်မရှိတော့ဘူး သတိုး ...၊ နင်လည်း ငါ့ကို လိုအပ်သလို မမကလည်း ငါ့ကို လိုအပ်တယ်၊ ငါ မမနဲ့ပဲ အတူနေချင်တယ်၊ မမ ရှိသေးသည်ဖြစ်စေ၊ မရှိတော့ဘူး ဖြစ်စေ၊ တစ်သက်လုံး အတူရှိနေတယ်လို့ပဲ ငါသတ်မှတ်ပြီး နေမယ်"

နေထူး စကားဆုံးမှ သတိုးမြတ်မြတ်၏ ပါးပေါ်မှာ မျက်ရည်များကို တွေ့လိုက်သည်။

"ငါ စိတ်မကောင်းပါဘူး သတိုးရယ်"

"နင် မမဆီ ပြန်သွားတော့မှာပေါ့နော်"

တုန်ယင်နေသော စကားကြောင့် ခေါင်းလေးပဲ ညိတ်ပြလိုက်ရပါသည်။

"အင်း ... သွားလေ၊ ငါ ဒီမှာ ခဏလေး နေခဲ့ချင်သေးတယ်"

နေထူးသည် နှုတ်ခမ်းများက ဘာမှဆက်မပြောတော့ဘဲ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့လိုက်ပါသည်။

မိုးကောင်းကင်ကြီးက အသွေးကျကျ ပြာလဲ့နေခဲ့သည်။ မှန်ပြတင်းကို ကျော်ခွင်းကာ ဖြတ်ဝင်လာသော လေညှင်းများကြောင့် ပေါ့ပါးလန်းဆန်းလာခဲ့သည်။

စိတ်ထဲတွင် ဘာအနှောင့်အယှက်များမှရှိမနေတော့။

မမ ဆိုသည့် ကောင်းကင်ကြီး တစ်ခုသာ ရှိသည်။

အိမ်ရောက်သည်နှင့် မမဆီသို့သာ တန်းဝင်သွားလိုက်တော့သည်။

မမက ညှေ့ခန်းထဲ၌ ထိုင်ရင်း စံပယ်ဖူးထည့်သည့် ခြင်းတောင်းကလေးအား ကိုင်ထားသည်။

"မမ ... ဘာလုပ်မလို့လဲ"

"မောင်နဲ့ စံပယ်ပန်း သီချင်လို့လေ"

"ဟုတ်ပြီ ... မောင် ပန်းခူးပေးမှာပေါ့ဗျာ"

မမလက်ထဲက ခြင်းလေး လှမ်းယူလိုက်ရင်းက ပါးလေးအား တစ်ချက်မွှေးတော့ မမက မျက်စောင်းလေးတစ်ချက် ထိုးလေသည်။

☺ ☺ ☺



## အခန်း(၃၈)

♥ ♥ ♥

အပင်ပန်း မခံနိုင်သော မမ ခြေလှမ်းတို့က နှေးကွေးလာခဲ့လေသည်။ ကိုယ့်ခြံဝန်း စံပယ်ပင်တန်းကလေးလောက် လျှောက် ရတာသည်ပင် အကြာကြီးကြာနေခဲ့လေသည်။

"မောင့်ကို မှီထား၊ မောင်ပဲ ပန်းခူးမယ်"

မမကို ရင်ခွင်ထဲ ပွေ့ရင်း ပန်းများကို လက်တစ်ဖက်တည်းဖြင့် ခူးဆွတ်ပေးလိုက်သည်။

ခူးပြီးသား စံပယ်ဖြူများကို မမကိုင်ထားသော ခြင်းတောင်းထဲ ထည့်ပေးနေခဲ့တာမို့ ပန်းတွေကိုကြည့်ရင်း မမ ပြုံးနေခဲ့လေသည်။

"မောနေပြီလား မောင့်အသည်း"

"အင်း ... မောပြီ၊ ဒါပေမယ့် မောင်နဲ့ အခုလို အကြာကြီး လမ်းလျှောက်ချင်သေးတယ်"

"နောက်နေ့တွေ ထပ်လျှောက်ကြမယ်လေ၊ ခု ခဏရပ်ပြီး ပန်းဆက်သီကြမလား"

"မောင့် သဘောလေ ..."

မြဲပိုင်းထဲ၌ အသင့်ချထားသော ဆက်တီပေါ်တွင် မမအား အရင်ထိုင်စေလိုက်သည်။

ပန်းသီဖို့အတွက် အပ်နှင့် အပ်ချည်များကို အဆင်သင့် ထိုးပေးပြီးမှ မမဘေးတွင် နီးကပ်စွာ ထိုင်ချလိုက်သည်။

မမက နေထူး၏ ဘယ်ဘက်ရင်အုံဆီသို့ မှီလှဲချလာခဲ့သည်။

"ငယ်ငယ်လေးကတည်းက ပန်းတွေ အတူသီလာခဲ့ဖူးကြတယ်နော် မောင်"

"ဒါပေါ့ ... မမရဲ့"

"ဒါဆို အခု ရိုးသွားမလားဟင်"

"ဟင့်အင်း ...၊ မောင့်အတွက် မမက အမြဲတမ်း အသစ် အမြဲတမ်း အချစ်"

"ဟင်း ..."

မမက ရယ်ရင်းနှင့် ရင်ခွင်ထဲ ပို၍ တိုးဝင်လာခဲ့သည်။

နေထူးက မမကိုယ်လေးကို အတင်းကြီးရယ်လည်း မဟုတ် ပေမယ့် ကျစ်ကျစ်ပါအောင်တော့ ဖက်မိသည်။

"သေရမှာကို မကြောက်ပါဘူး"





"မမ ..."

"မောင့်ကို ခွဲခွာရမှာတော့ ကြောက်မိတယ်၊ ဒီလိုသာ စောစောခွဲခွာရမယ် ကြိုသိခဲ့ရင် ဟိုးငယ်ငယ် ပဲပြုတ်ထွက်ဝယ်တဲ့ အရွယ်ကလေးတည်းက အချစ်ဆိုတာကို သင်ကြားဖြစ်ခဲ့မှာပဲ၊ မောင့်ကို ချစ်လို့မဝဘူးကွယ်"

"မမရယ် ..."

စံပယ်ပန်းကုံးကလေးက သေသပ်လှပစွာ အသက်ဝင်လာခဲ့ပြီ။ မမ လက်ကလေးများက ပန်းနှင့် ပန်းကုံးကို ခဏ ချထားခဲ့ပြီး အနွေးအင်္ကျီလေးထဲ နှိုက်လိုက်သည်။ ခရမ်းနုရောင် စာအိတ်ကလေး တစ်အိတ် ထွက်ပေါ်လာခဲ့လေသည်။

"ဒါ မောင် ဖတ်ဖို့၊ ခု မဖတ်နဲ့ ...၊ မမ မရှိတော့မှ ဖတ်၊ ခုဆို မမ ရှက်တယ်"

စာအိတ်လေးအား ချောက်ချားစွာ ငေးမောလိုက်မိသည်။ မမ မရှိတော့မှ ဖတ်တဲ့ ...။

သူ့ကို ဖွင့်ဖောက်ဖတ်ဖို့ အတွက် မမကပဲ ဒီလောကကြီးကနေ ကွယ်ပျောက်ပေးရတာလား။

နေထူး ရင်မှာ နာလာခဲ့လေသည်။ မမ ပန်းကုံးကလေးမှာ ပြီးလုနီးလာခဲ့လေပြီ။ နေမင်းကြီးလည်း ညှိုးကျကာ နေဝင်တော့မည် ဖြစ်သည်။

"မမ ဒီတစ်ကုံးသီပြီးရင် အိမ်ထဲ ဝင်မယ်နော်၊ နေဝင်သွားတော့မယ်"

"အင်း ... ရွှေနေ ယွန်းတော့မှာပေါ့ ..."

မမ ပန်းကုံးကလေးက လက်စသတ်ပြီးသွားခဲ့လေပြီ။

"ထ ... အိမ်ထဲဝင်မယ်နော်"

"မမကို ပန်းကုံးလေး ပန်ပေးဦးလေ"

မမလက်ထဲမှ ပန်းကုံးလေး ဆွဲယူကာ ကျောပြင်မှာ ချထားသော ဆံပင်ကလေးများကို စုလိုက်သည်။

ပန်းကုံးကလေး အား ဆံပင်မှာ ခပ်ဖွဖွလေး ချည်ပေးနေသည့် အချိန်တွင် မမ ခန္ဓာကိုယ်လေးက နေထူးဘက်ဆီ ယိမ့်းထိုးကျလာခဲ့လေသည်။

နေထူး အသက်ရှူသံများသည်ပင် ရပ်တန့်သွားခဲ့လေသလား ဖြစ်ရအောင် အခြေအနေကို သိလိုက်သည်။ တကယ်ကို ငြိမ်သက်သွားခဲ့ပေမယ့် နွေးထွေးနေသေးသော ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပိုက်ထားလိုက်သည်။

"အမြဲတမ်း ချစ်နေမယ် မမ ..."

နေထူး စကားဆုံးတော့ မမ ဆံပင်ပေါ်မှ စံပယ်ပန်းကုံးကလေးက ပြေလျော့ကျကာ မြေပြင်ပေါ်တွင် ပုံကျသွားခဲ့လေသည်။

စံပယ်ပန်းရနံ့များသည်လည်း မွှေးမြနေဆဲ ဖြစ်လေသည်။





"ရွှေနေယွန်း"

ညဥ့်ယံအခင်း မြူရယ်ကင်းစင်
လရောင်လင်းရင်
ချစ်သော သံစဉ် ဆိုတေးစဉ်၍
နေလရည်မျှော်
ဖူးမော် မောင့်အား
စောင့်စားချစ်ခင် နေချင်တယ် ...။
ရွှေရောင်ဝါဝင်း နံနက်ခင်းတွင်
နေခြည်လင်းရင်
ထွန်းလင်းပွင့်ဖူး ချစ်တဲ့အထူး
ငုံ့ချစ်ဦးကို
ချစ်ဖူးသီရင်း ကြိုနေမယ် ...။
နေခြည်ညိုးကျ မိုးရွာချစဉ်
လွမ်းသူ့သခင် မောင့်ရင်ခွင်၌
ငုံမက်ရှိုက်တဲ့ စံပယ်ဖူးကို
ချစ်လွှန်းသီရင်း
ရွှေနေယွန်းကို နှုတ်ဆက်မယ် ...။

မဒီခင်လေး
8.Nov. 2011
[ 2 : 08 Pm ]